# သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဉ် ၁၀

## အပိုင်း၁၄၅ စာမေးပွဲပြီးဆုံး

သလင်းကျောက်သည် အုပ်ချုပ်သူအဆင့်ကပ်ပါးကောင်သားရဲပိုင်ဆိုင်တာဖြစ်သည်။ ကပ်ပါးကောင်သားရဲတွေက အရင်ကတည်းက ရှားပါးခဲ့တာကြောင့် ၎င်းတို့၏သလင်းအမြုတေကလဲ ကျိန်းသေပေါက် ဈေးကောင်းရပေလိမ့်မည်။

အမ်…. ဒါပေမယ့် သူ့မှာ အခုလောလောဆယ် ငွေပြတ်နေတာမှမဟုတ်တာ…

စာစဉ် ၁၀

ကောင်းဖန် ရုတ်တရက် ထိုအကြောင်းပြန်အမှတ်ရကာ ငြိမ်သက်သွားတော့သည်။ ချက်ချင်းဆိုသလိုပဲ သူ့အတွေးများအပေါ် ရှက်မိသွားရသည်။ “ငွေရှာရတာက အညစ်အကြေးတွေကို အပ်နဲ့ခြစ်ချရသလိုခက်ပြီး ငွေဖြုန်းရတာကတော့ သဲတွေကို ရေလှိုင်းတစ်လှိုင်းဖြင့် ပုတ်ထုတ်သလို လွယ်ကူတယ်”ဆိုပြီးတောင် ဆိုရိုးရှိသေးတယ်မလား။

ကောင်းဖန် ကြက်ဥစားကာရှင်သန်ခဲ့ရသည့်နေရက်များအကြောင်း ပြန်လည်တွေးတောမိသွားတော့သည်။ ထိုရက်တွေ ကုန်လွန်ခဲ့သည်က အချိန်အတော်ကြာနေပြီဖြစ်သော်လည်း သူကတော့

စာစဉ် ၁၀

ထိုနေ့ရက်များအကြောင်း စွဲစွဲမြဲမြဲမှတ်မိကာ ပြန်တွေးမိနေတုန်းပင်။

သူက ဒမ်ဘီကို အမှတ်အသားကျောက်တိုင်အား ဖျက်ဆီးစေလိုက်သည်။ မြေပြင်က ရေညှိများဖြင့် ဖုံးလွှမ်းနေကာ အစိမ်းရောင်ကောဇောတစ်ခုခင်းထားသည့်ဟန်ပင် ပေါ်လို့နေသည်။ ကောင်းဖန်က ထိုနေရာကို လောင်ကျွမ်းပစ်လိုက်ချင်ပေမည့် မီးတောက်က နေရာအနည်းငယ်ကိုသာ လောင်ကျွမ်းစေပြီးနောက် ပြန်လည်ငြိမ်းသတ်သွားခဲ့သည်။

ကောင်းဖန် သက်ပြင်းသာချနိုင်တော့သည်။ ကြည့်ရတာ ဒီပစ္စည်းရဲ့မီးခံနိုင်ရည်က အတော်အတန်မြင့်မားပုံပဲ။

စာစဉ် ၁၀

အစကတော့ တခ့ဇီ၏လျှပ်စီးကိုအသုံးပြုတာက သူတွေးထားသည့် အကောင်းဆုံးဖြေရှင်းနည်းဖြစ်ပေမည့် ဒီလောက် နဲ့မြေနေရာအကျယ်ကြီးကို ရှင်းဖို့ဆိုရင်က အားတော်တော်ကုန်ပေလိမ့်မည်။

သားရဲ၏အဓိကခန္ဓာကိုယ်က ပျက်စီးသွားပြီဖြစ်ကာ ကိုယ်ခွဲများသာကျန်ရစ်တော့သည်။ တစ်နေ့မှာတော့ ဒီကိုယ်ခွဲတွေကနေပြီး နောက်ထပ် အုပ်ချုပ်သူအဆင့်ခန္ဓာကိုယ်တစ်ခုအဖြစ် ပြောင်းလဲသွားနိုင်ပေမည့် ထိုအချိန်မှာတော့ သူတို့လဲ ဘဝတစ်ပါးသို့ကူးပြောင်းပြီးနှင့်လောက်ပေပြီ။

မြေပြင်ပေါ်ရှိရေညှိတွေက တဖြည်းဖြည်းလှုပ်ရှားသွားကာ မြေကြီးအတွင်းရှိ

သတ္တုဓါတ်နှင့်အာဟာရများကို ဆက်လက်စုပ်ယူနေပြီး ဖြည်းဖြည်းချင်းထူထဲလာခဲ့သည်။

ဒရင်ကောက်အမျိုးအစားအပင်တွေက ရှေးကျသည့်အပင်များဖြစ်ကာ ၎င်းတို့ကို သက်ရှိရုပ်ကြွင်းများလို့တောင် ခေါ်ဆိုနိုင်သည်။ ထိုအခိုက်အတန့်အတွင်း ထိုအပင်များ၏လိုက်လျောညီထွေမှုရှိရှိဖြင့် ဆင့်ကဲပြောင်းလဲနိုင်စွမ်းအပေါ် ကောင်းဖန်တောင်မှ အံ့သြနေမိသည်။

ကောင်းဖန် ထိုအရာများအပေါ် ခြေချလိုက်သည်နှင့် ကမ်းခြေမှသဲသောင်ပြင်ပေါ် ခြေချလိုက်ရသလိုပင် ခံစားမိသည်။

ကောင်းဖန်၏ခြေဖဝါးတစ်ပြင်လုံးကိုတော့ ရေညှိပင်ထူထူများက ရစ်ပတ်နေခဲ့ကာ

စာစဉ် ၁၀

ကောင်းဖန်၏မျက်လုံးများလဲ
တောက်ပလို့လာတော့သည်။

...

“ကျွန်တော်တို့ ဖြေဆိုသူတွေရဲ့ ရမှတ်တွေကို မြင်တွေ့နိုင်ပါတယ်။ လက်ရှိပထမအဆင့်ရောက်နေတဲ့ ဖြေဆိုသူကတော့ အမှတ်ပေါင်း ၇၇၈မှတ်နဲ့ ယှဲ့ဟာန်ပါ။ သူနဲ့ ဒုတိယအဆင့်ရနေတဲ့ ကျွင်းမော့ကြားက အမှတ်ကွာဟချက်ကတော့ တော်တော်လေးနည်းတယ်၊ ၁၀မှတ်ပဲကွာတာပါ။ အိုး၊ ကျွင်းမော့က နောက်ထပ် ၄မှတ်ရသွားပြန်ပြီ။
ပထမအဆင့်နဲ့တော်တော်ကပ်နေပြီပဲ။”
အစီအစဉ်တင်ဆက်သူက
ခေါင်းတညိတ်ညိတ်နှင့်ပြောပြနေသည်။ သူ့နောက်ဖက်မှ စခရင်ကတော့ ပြောင်းလဲနေသည်။

စာစဉ် ၁၀

မောင်းသူမဲ့ဒရုန်းက ဖြေဆိုသူများနောက်ကို ကောင်းကင်အမြင့်မှနေပြီး ခြေရာခံလိုက်လို့နေသည်။ ထူထပ်သည့်တောအုပ်ကို ဖြတ်ကျော်ကြည့်လိုက်မည်ဆိုလျှင် အနက်ရောင်အန်ကွန်ဒါမြွေကြီးက သစ်ပင်များကြားရွေ့လျားနေသည်ကို မြင်နိုင်ပေလိမ့်မည်။

မောင်းသူမဲ့ဒရုန်းက သစ်ပင်အကိုင်းအခက်များကို ဖြတ်ကျော်ကာ အောက်ဘက်သို့ ပျံသန်းလို့သွားခဲ့သည်။ ၎င်းက အလင်းရောက်ဖောက်ဝင်မှုမရှိသလောက်ဖြစ်သည့် တောအုပ်ကြီးထဲသို့ တိုးဝင်သွားခဲ့သည်။ တချို့သစ်ပင်များဆိုလျှင် တိုက်ပွဲစက်ကွင်းမိသွားတာကြောင့် တစစီဖြစ်နေကာ

စာစဉ် ၁၀

တချို့ဆိုလျှင်တော့ လဲနေတာ ကျိုးကျနေတာများဖြစ်လို့နေသည်။

သားရဲအလောင်းတစ်ခုကလဲ မြေပြင်ပေါ်မှာရှိလို့နေသည်။ သားရဲအလောင်းသည် အတိုင်းအတာတစ်ခုကိုကျော်လွန်ကာ ရုပ်ပျက်ဆင်းပျက်အခြေအနေသို့ပင်ဖြစ်နေပြီး စုတ်ပျက်နေသည့်အဝတ်စုတ်တစ်ခုနှင့်တောင် တူလို့နေတော့သည်။ ၎င်း၏ခန္ဓာကိုယ်မှ သွေးများယိုစိမ့်နေကာ မြေပြင်ပေါ်တွင် သွေးအိုင်တစ်အိုင်လိုဖြစ်နေပြီး နီရဲနေစေသည်။

"အိုး၊ ဒီသားရဲနှစ်ကောင်ကြားက ပြိုင်ပွဲက တော်တော်ပြင်းထန်ခဲ့တာပဲ။ အနက်ရောင်အန်ကွန်ဒါမြွေက

အမှတ်အများကြီးရအောင်သာ
သားရဲတွေကိုလိုက်သတ်တာ စားတော့မစားဘူးပဲ။”

“ဟုတ်သား၊ အင်တာနက်ပေါ်မှာ
အရမ်းရေပန်းစားသွားတဲ့ ငါးစားနယ်ပုံစံ ကောင်လေးကို
ခင်ဗျား မှတ်မိကြသေးလား?” ရုတ်တရက်
တင်ဆက်သူက မေးလာခဲ့သည်။

တင်ဆက်သူနှင့်မျက်နှာချင်းဆိုတွင်
ညှော့သည်အမျိုးသားတစ်ဦးထိုင်လို့နေသည်။ သွမ့်ဂူက
အကြောင်းအရင်းတချို့ကြောင့်
ညှော့သည်အသစ်နှင့်အလဲခံလိုက်ရပြီးဖြစ်သည်… ဒါပေါ့၊
သူကလဲ အစကတည်းက ဒီလိုအစီအစဉ်တွေမှာ
ပါဝင်ရတာကို ကြိုက်မှမကြိုက်တာ။ သူက
အရမ်းခေါင်းမာပေမယ့်
အထက်မှတစ်ယောက်ယောက်က

သူ့ကိုဖြုတ်ပစ်လိုကြောင်း သိလိုက်ပြီးနောက်မှာတော့ သူက ဖိအားတွေကိုဆန့်ကျင်ကာ ပြန်လည်တိုက်ခိုက်ခဲ့သည်။ ဒါကြောင့် သူ့ရဲ့ဆိုးဝါးလှသည့် ဒေါသကိုဖွင့်ထုတ်ကာ သူမထွက်သွားခင် အပိုင်းတွေမှာ ရက်ရက်ရောရောကို ချေပြခဲ့ခြင်းပင်။

“ဒါပေါ့၊ မှတ်မိတာပေါ့၊ အဲ့ဒီငါးဆားနယ်ကောင်နဲ့ သူ့ပိုင်ရှင်က အခုထိ မြေပေါ်မှာလှဲနေတုန်းများလား?” ညွှန့်သည်ကလဲ ခေါင်းတညိတ်ညိတ်နှင့်ပြန်မေးလိုက်သည်။

“ဒီဖြေဆိုသူက အခုထိအထုတ်မခံရသေးဘူး။ သူ့ရဲ့လက်ရှိအဆင့်ကို ကြည့်လိုက်ကြရအောင်။” တင်ဆက်သူက လျှို့ဝှက်စွာပြုံးလိုက်သည်။

အမည် : ကောင်းဖန်

အဆင့် : ၁၅

တီဗီဖန်သားပြင်ရှေ့မှလူအပေါင်းများ မျက်လုံးပြူးကုန်ကြတော့သည်။ အဆင့်၁၅?!

ငါးဆားနယ်သားရဲလေ့ကျင့်သူက တကယ်ကြီး အဆင့်၁၅ရအောင် လုပ်နိုင်တယ်ပေါ့။

ငါတို့အားလုံး ဆားနယ်ထားတဲ့ငါးဖြစ်ကြလိမ့်မယ်လို့ မင်းလဲကုန်လုံးနဲ့သဘောတူခဲ့တယ်လို့ငါထင်နေတာ, ပြီးတော့, မင်းကတကယ်တော့ငါလျှို့ဝှက်ချက်ကြီးနဲ့ လှည့်စားနေခဲ့တာပေါ့၊

ဖန်သားပြင်ပေါ်တွင်ပေါ်လာသောကောင်းဖန်၏အပြုံးသည် လူအများကိုနာကျင်စေခဲ့သည်၊

စာစဥ် ၁၀

မင်းက ငါးဆားနယ်တစ်ကောင်မဟုတ်ဘူးဆိုတာရှင်းပါတယ်၊ ဆားနယ်ထားတဲ့ငါးက ဘယ်လိုလုပ်ဒီလိုဖြစ်နိုင်မှာလဲ?

“အဆင့်၁၅? ဒါကအဆင့်မကောင်းတာတော့မဟုတ်ပါဘူး၊ လက်ရှိမှာ, ဖြေဆိုသူ၁၂၁ယောက်ကတော့ ယန်တောင်တန်းသစ်တောထဲကစစ်ဆေးမှုမှာ ကျန်နေခဲ့တာဖြစ်ပါတယ်၊ အဆင့်၁၅မှာတော့ထုတ်ပယ်ခံရသည့်သူများ၏အမှတ်တွေပါဝင်ပါတယ်၊ တတိယအဆင့်ကိုတက်ဖို့လိုအပ်ချက်ကတော့ထိပ်ဆုံး၁၂ ယောက်ထဲမှာရှိဖို့လိုအပ်ပါ တယ်၊ သူကအခုဆိုအရမ်းနီးကပ်နေပြီ, သူ့မှာသေချာပေါက်အခွင့်အရေးရှိသေးတယ်”

စာစဉ် ၁၀

ကောင်းဖန်နှာချေလိုက်သည်၊ သူကစိတ်ရှုပ်ထွေးစွာနှင့်နှာခေါင်းကိုပွတ်လိုက်သည်၊ ဘယ်သူကသူ့ကိုချီးကျူးနေတာလဲ?

ပျားသံကဲ့သို့တဝီဝီမြည်နေသောအသံက အပေါ်မှထွက်လာသည်၊ အသံက အားနည်းနေပြီး, တာ့ဇီ၏သတိပေးချက်နှင့်အတူ ကောင်းဖန်ကသူ့ခေါင်းကို မြှင့်ကြည့်လိုက်တော့,ဒရုန်းကလေထဲတွင်ပျံဝဲနေသည်၊ ကင်မရာကသူ့ကိုတိုက်ရိုက် ညွှန်ပြနေသည်၊

ကောင်းဖန်ကရုတ်တရက်လေးနက်စွာဖြင့်ကြည့်လိုက်သည်၊ နောက်ဆုံးတော့ ကင်မရာကသူ့ကိုညွှန်ပြနေသည်၊

သူကချက်ချင်းပင် သူ့ကိုယ်သူဖြောင့်မတ်စွာနေလိုက်ပြီး

စာစဉ် ၁၀

သူအကောင်းဆုံးကြိုးစားနေ ကြောင်းပြသသည့်ဟန်ပန်တစ်ခုလုပ်ပြလိုက်သည်၊ သူသည်နိုင်ငံသူနိုင်ငံသား အားလုံး၏ရှေ့တွင် သူ့ကိုယ်သူခက်ခက်ခဲခဲကြိုးစားနေသောပုံရိပ်တစ်ခုကိုဖန်တီးလိုက်သည်၊

ဒရုန်းသည်အဝေးသို့မသွားခင် တစ်ခဏမှတ်တမ်းတင်ခဲ့သည်၊

ကောင်းဖန်သည်အစွန်းပိုင်းတွင်နေသော်လည်း, သူစုဆောင်းထားသောအမှတ်များမှာ မနည်းပေ၊ သူကအမှတ်ကျောက်တိုင်နှစ်ခုကိုဖျက်စီးလိုက်ပြီး အုပ်ချုပ်သူအဆင့်သားရဲ သုံးကောင်ကိုပါသတ်ခဲ့သေးသည်၊

တောနက်နက်အတွင်း၌ရှိသောကျောင်းသားများစွာသည် ကောင်းဖန်ကဲ့သို့အမှတ်များ များမရခဲ့ပါ၊

စာစဉ် ၁၀

အမှန်အားဖြင့် တောနက်ထဲ၌သန်မာသော အုပ်ချုပ်သူအဆင့်သားရဲများစွာရှိခဲ့သည်၊ သို့သော် ကျောင်းသားများသည်၎င်းတို့နှင့်တွေ့သောအခါ ထွက်ပြေးရန်သာရွေးချယ်နိုင်ကြသည်၊ ဒါကသိပ်အဆင်မပြေတဲ့အချက်တစ်ခုဖြစ်ခဲ့သည်၊ ပြီးတော့ဒါဟာ ကျောင်းသားတွေကိုလှောင်ပြောင်တဲ့အကြောင်းအရင်း တစ်ခုလည်းဖြစ်သည်၊

ဒါကကြောက်စရာကောင်းလှသည်၊

ဘာပဲဖြစ်ဖြစ်သားရဲလေ့ကျင့်သူများနောက်သို့ သားရဲများကအမဲလိုက်နေတာက စိတ်ပျက်စရာကောင်းလှသည်၊ သူတို့ကတစ်နည်းအားဖြင့်အရမ်းအားနည်းလှသည်၊

စာစဉ် ၁၀

ကောင်းဖန်နှင့်တခြားသောသားရဲလေ့ကျင့်သူအရာရှ ိလောင်းများသည် အပြင်ဘက် တွင်ဘာတွေဖြစ်နေကြမှန်းမသိကြပေ၊ ကောင်းဖန်သည်တောအစွန်၌နေရင်းနှင့်ပင် အမှတ်များတဖြည်းဖြည်းရယူရန်သူ၏စည်းချက်မှန်မှန် လှုပ်ရှားနေသည်။

အမှတ်ကျောက်တိုင်များကိုဖျက်စီးခြင်းအပြင် သားရဲများကိုလိုက်သတ်ခြင်းသည် လည်းရမှတ်များရသည်၊

အစပိုင်းတွင်ကောင်းဖန်ပြောခဲ့သလိုဘဲ, အပြင်ဘက်မှာနေရတာ သူ့ရမှတ်ကိုသိပ်မမြင့်စေဘူး, ဒါပေမယ့်တော်တော်လေးတော့တည်ငြိမ်စေသည်၊ ဒါ့ပြင်သူကအင်အားကြီးသောသားရဲတစ်ကောင်နှင့်တွေ့ပြ ီး ဖယ်ထုတ်ခံရဖို့အလားအလာနည်းသည်၊

စာစဉ် ၁၀

ကျန်ရှိနေတဲ့ရက်အနည်းတုန်းက, သူ့ထက်အမှတ်ပိုမြင့်တဲ့သားရဲလေ့ကျင့်သူအရာရှိလောင်းငါးဦးကိုထုတ်ပယ်ခဲ့ပြီး ၎င်းတို့ထဲမှတစ်ဦးသည် အမြဲတမ်းထုတ်ပယ်ခြင်း ခံလိုက်ရသည်၊

တောနက်များ၌အမှတ်များရရန်ပိုလွယ်သည်၊သို့သေ ာ်,၎င်းကပိုပြီးအန္တရာယ်များသည် တစ်ယောက်ကအချိန်မရွေးထုတ်ပယ်ပစ်ဖို့ အဆင့်သင့်ဖြစ်နေရမည်၊

“စစ်ဆေးမှုပြီးဆုံးသွားပါပြီ၊ ရမှတ်အားလုံးစုဆောင်းရန်ရပ်တန့်ထားမှာဖြစ်ပြီး စာရင်းကောက်ယူပါမည်၊ စာမေးပွဲဖြေဆိုသူအားလုံးကို ဘေးကင်းတဲ့နေရာသယ်ယူ ပို့ဆောင်ပေးမှာဖြစ်တာကြောင့် စောင့်ဆိုင်းပေးရန်တောင်းဆိုပါတယ်” ကောင်းဖန်၏

စာစဉ် ၁၀

ဘယ်ဘက်လက်ကောက်ဝတ်မှ

သံစုံတီးဝိုင်းအသံထွက်လာသည်၊

ကောင်းဖန်ကသမ်းဝေလိုက်ပြီး,

ပင်ပန်းနေတဲ့သူ့ရဲ့သားရဲတွေကိုကြည့်လိုက်သည်၊

သူအကောင်းဆုံးလုပ်ဆောင်ပြီးပြီဖြစ်ပြီး,

သူအရင်ရက်အနည်းငယ်လောက်တုန်းက

အမှတ်ကျောက်တိုင်များကိုသိပ်ပြီးများများရှာမတွေ့ခဲ့ေ

ေ, သူကများစွာသော

အုပ်ချုပ်သူအဆင့်သားရဲများကိုသတ်ခဲ့သည်၊

အရာအားလုံးသည် တိုက်ပွဲများမှတစ်ဆင့်

အုပ်ချုပ်သူအဆင့်သားရဲအဖြစ်သို့ပြောင်းလဲသွားသောအ

စင်းလေး၏ကျေးဇူးကြောင့် ဖြစ်သည်၊

အစင်းလေး၏ဆင့်ကဲပြောင်းလဲမှုအပြီး

၎င်း၏ကာကွယ်မှုသည် သိသိသာသာတိုးတက်လာပြီး

ပင့်ကူပိုးမျှင်များကိုထိန်းချုပ်ခြင်းနှင့်အတူတွဲ၍ တိုက်ခိုက်ရေးစွမ်းရည်လည်းပို၍တိုးတက်လာခဲ့သည်၊

သူကအကောင်းဆုံးကြိုးစားပြီးလုပ်ခဲ့ကာ, သူကရလဒ်ဘယ်လိုဘဲဖြစ်ဖြစ် နောင်တ ရတယ်လို့ခံစားရမည်မဟုတ်ပေ၊

နှစ်နာရီကြာပြီးနောက်, ကောင်းဖန်သည် လေယာဉ်ပေါ်တွင်ထိုင်နေပြီးသူ့အောက်တွင် ရှိနေသောမြို့ကြီးကိုငုံ့ကြည့်နေသည်၊ သူကတောထဲတွင်တစ်ပတ်လုံးနေခဲ့ရသော်လည်း နောက်ဆုံးတွင်ရှုပ်ထွေးသောမြို့သို့ပြန်ရောက်လာပြန်သ ည်၊

ကြယ်မရှိသောညကောင်းကင်သည် ကျန်းနန်မြို့ကိုဖုံးကွယ်ထားပြီး နီယွန်မီးတွေက ရှုပ်ထွေးလှသောမြို့၏လမ်းပေါ်တွင်တောက်ပနေသည်၊

စာစဉ် ၁၀

နေရာအနှံ့တွင် အလျင်အမြန်
နောက်မှလိုက်လာကြသော
သားရဲလေ့ကျင့်သူအရာရှိလောင်းများကမောဟိုက်နေကြ
သည်၊
အစိုးရကစီစဉ်ပေးထားသောဟိုတယ်ကိုပြန်ရောက်တာနဲ့
ချက်ချင်းပင်အိပ်ပျော် သွားကြသည်၊

စစ်ဆေးမှုရလဒ်များသည်
ဖြေဆိုမှုပြီးစီးသွားချိန်တွင်ထွက်ပေါ်လာကြသည်၊

ကောင်းဖန်သည် အဆင့်၁၁ဖြစ်သည်၊

***

## စာစဉ် ၁၀

# *အပိုင်း၁၄၆ ဟိုတယ်*

“မင်းကို ထိပ်ဆုံး၁၂ယောက်ထဲဝင်အောင် အကောင်းဆုံးကြိုးစားဖို့ ပြောခဲ့တယ်လေ။ မဟာမိတ်လူငယ်သားရဲလေ့ကျင့်သူအဖွဲ့အစည်းက မင်းရဲ့အနာဂါတ်မှာ တိုးတက်ကြီးပွားလာဖို့ အများကြီးအထောက်အကူပြုမှာ။” ဟိုတယ်ထဲတွင် မုတ်ဆိတ်မွေးများဖြင့် ကြမ်းတမ်းသည့်လူတစ်ဦးက ပြောလိုက်သည်။

“အဖေရယ်၊ ကျွန်တော်လဲ အကောင်းဆုံးကြိုးစားခဲ့တာပဲ။ တီဗီပေါ်ကနေပြီး ကျွန်တော်လုပ်ဆောင်ချက်တွေကို အဖေမကြည့်ဘူးနဲ့တူတယ်။” အဖြူရောင်တီရှပ်တစ်ထည်ဝတ်ထားသည့်

ကောင်လေးက ထိုလူကြီး၏ရှေ့တွင် ရပ်လို့နေသည်။ ကောင်လေးက သူ့ရဲ့နီရဲယောင်ကိုင်းနေသည့် မျက်နှာကိုလဲ ပွတ်နေသေးသည်။

"အဖေ၊ အဖေ့အဆက်အသွယ်တွေကို သုံးပြီး ကျွန်တော့်ကို တစ်နေရာလောက်ဝင်အောင် လုပ်ကြည့်လို့မရဘူးလား?" ကောင်လေးက သွေးထိုးစမ်းကြည့်လိုက်သည်။

"ရယ်ရတယ်! ဒီလိုကြီးကျယ်တဲ့အဖွဲ့အစည်းကြီးထဲ မင်းကိုဝင်လို့ရအောင် ငါလုပ်ပေးမယ်လို့ မင်းကမျှော်လင့်ရဲတယ်ပေါ့! မင်းအဖေကို အရာရာလုပ်နိုင်တဲ့လူလို့များမှတ်နေလား?" လူကြီးက ဆူငေါက်တော့သည်။ "ခွေးသားလေး၊ မင်းငယ်ငယ်ကတည်းက ငါ့ကိုအနားတစ်စက်လေးမှမပေးဘူး။ မူလတန်းကနေ

အလယ်တန်း၊ ပြီးတော့ အလယ်တန်းကနေ
အထက်တန်း၊ ဘယ်တုန်းကများ
ငါ့အဆက်အသွယ်တွေသုံးပြီး
မင်းကိုမကူညီခဲ့တာရှိလို့တုန်း? မင်းက
တကယ်ကိုဒေါသထွက်စရာပဲ။”

“မင်းဘယ်တော့များမှ
ကိုယ်ပိုင်မျှော်လင့်ချက်ထားပြီး ရှင်သန်မှာလဲ!”
လူကြီးက ပြောရင်းပိုလို့တောင်
ဒေါသထွက်လာတော့သည်။

“အဖေရယ်၊
ကျွန်တော်ပြဿနာရှာလွန်းတယ်ဆိုတာ သိပါတယ်။
နောက်တစ်ကြိမ်ထပ်မလုပ်တော့ဘူး။ ယုံပေးပါနော်။”
ကောင်လေးက သူ့အမှားကို သုံးကြိမ်တိုင်တိုင်
ဝန်ခံလိုက်သည်။

စာစဉ် ၁၀

လူကြီးမှာ ဒေါသထွက်နေသော်လည်း ကောင်လေးကို ကြည့်ပြီးနောက်မှာတော့ သူ့နှလုံးသားက ပြန်နူးညံ့သွားတော့သည်။ ဘာပဲဖြစ်ဖြစ် ဒါက သူ့ရဲ့တစ်ဦးတည်းသောသားလေးပဲလေ!

သူဒီလောက်အလုပ်ကြိုးစားနေခဲ့တာဘာအတွက်လဲ ? သူ့မျိုးဆက်တွေ ကောင်းမွန်နဲ့ဘဝ၊ ကောင်းမွန်တဲ့ပတ်ဝန်းကျင်မှာ နေထိုင်နိုင်ဖို့အတွက်ပဲမဟုတ်လား? သူက ညစ်ညမ်းမှုတွေပြည့်နေတဲ့ဘဝမျိုးမှာ ရှင်သန်ခဲ့ရတာကြောင့် သူ့ကျန်းမာရေးအခြေအနေအရ ထပ်ပြီးမျိုးဆက်မပွားနိုင်တော့ပေ။

ဒါကြောင့် ဒီသားတစ်ယောက်ကသာ သူ့ရဲ့တစ်ဦးတည်းသောမျိုးဆက်ဖြစ်သည်။

သူကသက်ပြင်းသာချလိုက်မိတော့သည်။

စာစဉ် ၁၀

သူဘာများလုပ်နိုင်မလဲ? ဒီကောင်လေးက သူ့တစ်ဦးတည်းသောသားလေ။ ဒီလိုပုံစံမျိုးနဲ့တော့ သူလက်မလျှော့လိုက်နိုင်ဘူး။ သူ့ပါးစပ်ကသာ သူ့သားကို ခြေထောက်ချိုးပစ်မယ်တွေပြောနေတယ်၊ တကယ်တမ်း ထိုသူ့ရင်ထဲက အရမ်းနာကျင်နေရတယ်။

“ငါ့ကိုစဉ်းစားချိန်ပေးဦး၊ ဒီအတောအတွင်း မင်းသိုသိုသိပ်သိပ်နေနေ! မင်းရဲ့အမှိုက်လိုသူငယ်ချင်းတွေနဲ့ လျှောက်အလေလိုက်မနေနဲ့! မင်းသူတို့နဲ့ထပ်ပြီး အပြင်သွားတာမြင်လို့ကတော့ မင်းရဲ့သောက်သုံးမဝင်တဲ့ခြေထောက်တွေကို တကယ်ရိုက်ချိုးပစ်မယ်!” ထိုလူက လေသံကိုနှိမ့်ကာ မျက်မှောင်ကြုတ်ပြီးပြောလိုက်သည်။

စာစဉ် ၁၀

“ကျေးဇူးပါ၊ ကျေးဇူးပါ၊ အဖေ။” ကောင်လေးက ပြုံးလို့နေသည်။ သူ့အဖေ သူ့ကိုကူညီပေးတော့မည်ကို သူသိလိုက်ပြီဖြစ်သလို သူ့စိတ်ထဲမှာလဲ ဆုံးဖြတ်ချက်တစ်ခုချထားလိုက်ပြီဖြစ်သည်။ နောက်နှစ်ရက်အတွင်း ငြိမ်ငြိမ်လေးနေကာ ဘားတွေကိုလဲမသွားတော့ဖို့ ဆုံးဖြတ်ထားလိုက်သည်။ အခြေအနေတွေ မတည်ငြိမ်ခင်အထိ သူဒါတွေလုပ်ဖို့ စောင့်လို့ရပါသေးတယ်။

သားဖြစ်သူ၏ကျောပြင်ကိုကြည့်ကာ ထိုလူကြီးလဲ နောက်ပြန်လှည့်လိုက်သည်။ သူ့မျက်နှာကတော့ တကယ်ကို မှုန်ကုပ် ညှိုးနွမ်းလို့နေသည်။

သူက ကျင်းလင်အခြေစိုက်မြို့၏မြို့တော်ဝန်ဆိုရင်တောင်မှ ဒီလောက်သိသာနေတဲ့အခြေအနေမှာ သူလုပ်နိုင်တာ

မရှိပေ။ ပြီးတော့ မျက်လုံးပေါင်းများစွာက သူအမှားလုပ်မည်ကို စောင့်ကြည့်နေကြသည်ပေသည်။ သူအမှားလေးတစ်ခုလုပ်လိုက်မိသည်နှင့် သူ့လက်အောက်ကလူတွေက ဆာလောင်နေသည့် ခွေးရူးများလို သူ့ကိုအပိုင်းပိုင်းအစစဖြစ်အောင် အမဲဖြတ်ကြပေလိမ့်မည်။

အချိန်အတော်ကြာအောင် သေချာစဉ်းစားကြည့်ပြီးနောက်တွင်တော့ လူကြီးက သူ့ဖုန်းကိုထုတ်ယူလိုက်တော့သည်။

“ဖြေဆိုသူတွေအားလုံးရဲ့အချက်အလက်တွေ ငါ့ဆီပို့လိုက်။”

.......

ဟိုတယ်၏ဝန်ဆောင်မှုစင်တာသို့ ကိုယ်ပိုင်သားရဲကို လက်လွှဲပေးလိုက်ပြီးနောက် ကောင်းဖန်လဲ

သူ့အခန်းကိုပြန်လာကာ ချက်ချင်းဆိုသလို အိပ်ပျော်သွားတော့သည်။

ကောင်းဖန်မှာ ဒုတိယမြောက်နေ့မနက်မိုးလင်းသည်အထိ တောက်လျှောက်အိပ်ပျော်သွားခဲ့သည်။ သူရေချိုးသန့်စင်ပြီးနောက် အောက်ထပ်သို့ဆင်းလာခဲ့သည်။ ဟိုတယ်စီမံခန့်ခွဲရေးဝန်ထမ်းများနှင့် တိုင်ပင်ပြီးနောက်မှာတော့ ကောင်းဖန် နောက်ဖက်ခန်းမဆီသို့လျှောက်သွားလိုက်သည်။

ကိုယ်ပိုင်သားရဲအားလုံးကို နောက်ဖက်ခန်းမထဲတွင် ထား,ထားခြင်းဖြစ်ကာ ခန်းမတစ်ခုလုံးက တိရိစ္ဆာန်ရုံထဲလမ်းလျှောက်နေရသလိုပုံစံမျိုးဖြစ်နေသည် ။ ကိုယ်ပိုင်သားရဲများသည် အခန်းကိုယ်စီဖြင့်ရှိနေကာ

စာစဉ် ၁၀

တံခါးတစ်ခုစီတိုင်းရှေ့မှာတော့ သံလက်ရန်းတစ်ခုရှိနေသည်။ ကောင်းဖန်က အခန်းများကို တစ်ချက်ကြည့်လိုက်ပြီးနောက် အတော်အတန်ကြီးများသည်ကို သတိထားမိသွားသည်။ အခန်းများက သန့်ရှင်းကာကျယ်ဝန်းသည့်အပြင် အနံ့အသက်ဆိုးများလည်း မရှိပေ။

ဒမ်ဘီတို့အဖွဲ့၏အခန်းရှိရာသို့ရောက်ချိန်မှာတော့ အခန်းကအလွတ်ကြီးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ စာချုပ်၏ဆက်နွယ်မှုမှတစ်ဆင့် ဒမ်ဘီတို့က သူနှင့်သိပ်မဝေးသည့်နေရာမှာရှိကြောင်း ကောင်းဖန်သိခဲ့သည်။

“သူတို့ရေချိုးနေကြတာလား?” ကောင်းဖန်မှာ သူ့ရှေ့ကဟိုတယ်ဝန်ထမ်းကိုကြည့်ရင်း မျက်လုံးများပင် တွန့်သွားရသည်။

စာစဉ် ၁၀

“ဟုတ်ပါတယ်၊ မင်းသွားကြည့်ချင်လား?”

ကောင်းဖန် ခေါင်းညိတ်ပြလိုက်သည်။

“လမ်းပြပေးပါဦး။”

သူတို့က ကော်ရစ်တာတစ်လျှောက် လျှောက်သွားပြီး, ပတ်ဝန်းကျင်မှလေထုက စိုစွတ်လာသည်၊ သူတို့ရှေ့ခန်းကျယ်ကြီးထဲက လေပူတစ်ချက်ထွက်လာသည်၊ အခန်းကြီးတွင်ပြတင်းပေါက်များစွာရှိသည်၊ ပြတင်းပေါက်များသည်ဘောင်များရှိသော ကြောင့်၎င်းသည်အပေါက်ကြီးများသာဖြစ်နေသောကြေ ာင့် အနည်းငယ်ထူးဆန်းနေပုံ ရသည်၊

ပြတင်းပေါက်များမှ အဖြူအငွေ့များထွက်လာသည်၊

စာစဉ် ၁၀

အခန်းအတွင်းမှရေများစီးဆင်းနေသည့်အသံများက အခန်းထဲမှထွက်လာပြီး, သားရဲ များ၏ဝေဝါးနေသောငြီးသံများကိုကြားနေရသည်၊

၎င်းကကြီးမားသောရေချိုးသည့်နေရာဖြစ်ပုံပေါ်သ ည်၊ အခန်း၏လေးဘက်လေးတန်သည် ပိုမိုမြင့်မားပြီးကြမ်းပြင်၏အလယ်ဗဟိုတွင်နိမ့်နေသည်၊ ကြမ်းပြင်ကိုကြမ်းတမ်းသော ဘိလပ်မြေဖြင့်ပြုလုပ်ထားသည်၊ နှစ်ဖက်စလုံးမှရေများစီးဆင်းလာပြီး အလယ်ဗဟိုတွင်စုလာသည်၊ ရေချိုးခန်း၏လေးဘက်၌အပြာရောင်အလုပ်လုပ်သည့် ဝတ်စုံများဝတ်ထားသောဟိုတယ်ဝန်ထမ်းများသည်သူ တို့၏လက်ထဲတွင် ရေဖြန်းပိုက် များကိုကိုင်ထားပြီး အခန်းအလယ်မှသားရဲများကိုရေဖြန်းနေသည်၊

စာစဉ် ၁၀

ထိုသားရဲများကတော့, ဒမ်ဘီ, တာ့ဇီနှင့်တခြားကောင်တွေဘဲဖြစ်သည်၊

တာ့ဇီကတိတ်ဆိတ်စွာနှင့်ကြမ်းပြင်ပေါ်တွင်ထိုင်နေပြီး သူ့ခန္ဓာကိုယ်ပေါ်သို့ရေများ စီးဆင်းနေခြင်းကိုခွင့်ပြုထားသည်၊ ၎င်းကိုကြည့်ရသည်မှာ ငြိမ်းချမ်းမှုရနေသည့်ပုံပင် ဖြစ်သည်၊

အခြားတစ်ဖက်၌, အစင်းလေးကတော့အဆင်ပြေတဲ့ပုံမရပေ၊ ၎င်းကကြမ်းပြင်ပေါ်တွင် လှည့်ပတ်နေကာဘဲလေးကနေသည့်အတိုင်းပင်ဖြစ်နေသည်၊ ခုန်၍ ခုန်၍ထွက်လာ သောစသည့် ဘာသံမှန်းမသိသောအသံများသည် သူ၏ပါးစပ်မှအဆက်မပြတ်ထွက်ပေါ်လာသည်၊

စာစဉ် ၁၀

တဖက်ကဒမ်ဘီကတော့,

သူ၏ဘာမှမရှိသောအရိုးစုတန်းများမှတစ်ဆင့်

ရေကိုစီးဆင်း စေသည်၊ ၎င်းသည်ရယ်စရာကောင်းစွာပင်

သူ၏လက်ဖဝါးများကိုဖြန့်ကားလိုက်သည်၊ ရေသည်

၎င်း၏ခဲရောင်အရိုးများကို ဖြတ်သွားသည်၊

သက်တောင့်သက်သာဖြစ်တယ်လို့

ခံစားရတယ်၊ဒါကနူးညံ့နေပြီး, ၎င်းကပေါ့ပါးကာနူးညံ့ပြီး

ငန်းမွေးအစုလိုက်ကြီးကို ကိုင်ထားရသလိုမျိုး

နူးညံ့ပျော့ပျောင်းနေသည်၊

သူတို့အားလုံးထဲမှာစိတ်အလှုပ်ရှားဆုံးကတော့

ဆီလီကလွဲလို့တခြားသူမဟုတ်ပေ၊ သေးငယ်သော

ဂျူရိုစကုပ်ကဲ့သို့ပင်,၎င်းကရေပန်းများကိုအဝေးသို့တွန်း

ထုတ်နေသည်၊ ၎င်းကအခန်း၏နေရာအနှံ့တွင်

ပျံဝဲနေသည်၊ ၎င်းကတစ်ခါတစ်ရံရပ်လိုက်ပြီး

ဟိုတယ်ဝန်ထမ်း၏ခေါင်းပေါ်တွင်ထိုင်နေလိုက်သေးသ ည်၊ သူတို့၏အလုပ်အဝတ် အရောင်နှင့်တွဲလိုက်ရင်တော်တော်ကိုကြည့်လို့ကောင်းေ ေသည်၊

ဆီလီက အစပိုင်းနေရာတွင်ဂျယ်လီငါးတစ်ကောင်ဖြစ်သည်၊ ၎င်းသည်ယခုအခါ ကောင်းကင်တွင်ပျံတက်နေသောဂျယ်လီငါးအမျိုးအစားပြ ြစ်သော်လည်း ရေကို နှစ်သက်နေဆဲဖြစ်သည်၊

သားရဲများကကောင်းဖန်အခန်းထဲဝင်လာတာကိုသ တိထားမိပြီး, သူတို့ကစိတ်လှုပ်ရှား မှုအပြည့်ဖြင့်သူ့ဆီသို့အပြေးအလွှားသွားတော့သည်၊ ၎င်းတို့က သူတို့၏အရွယ်အစား ကြောင့်သာသူတို့၏အရှိန်ကိုရပ်လိုက်ကာပစ်မဝင်ကြဘဲ

စာစဉ် ၁၀

ကောင်းဖန်ကိုပွတ်သတ်နေ သည်၊သို့သော်သူတို့သည် ကောင်းဖန်အပေါ်သို့မှီခိုရန်ကြိုးစားနေဆဲဖြစ်ကာ ကောင်းဖန်၏ခန္ဓာကိုယ်ကိုလည်း စိုစွတ်စေခဲ့သည်၊ သူ၏ဝတ်စုံကလုံးဝကိုစိုစွတ်သွားပြီ ဖြစ်သည်၊

“ကောင်းပြီ,ကောင်းပြီ” ကောင်းဖန်က သားရဲတွေကိုပွတ်ပေးလိုက်ပြီး ဟိုတယ်ဝန်ထမ်းတွေကိုပြောလိုက်သည်, “သူတို့ရေချိုးပြီးသွားပြီလား?”

“ခုထိမပြီးသေးဘူး...”ဝန်ထမ်းတစ်ယောက်ကပြော လိုက်သည်၊

“ကောင်းပြီလေ, ဒါဆိုကျွန်တော်သူတို့ကိုခေါ်သွားလိုက်တော့မယ်” ကောင်းဖန်ကပြုံးကာ ပြောလိုက်သည်၊

ဟိုတယ်ဝန်ထမ်းကအံ့ဩသွားတော့သည်၊

စာစဉ် ၁၀

ကောင်းဖန်က နေ့လည်ခင်းတုန်းမှာ သူ၏သားရဲများနှင့်ကစားပြီးနောက် ငြီးငွေ့လာခဲ့သည်၊ ဒါကြောင့် သူလဲ ချန်အန်းသို့ပြန်ရန်လက်မှတ်တစ်စောင်ဝယ်ဖို့ပြင်ဆင်လိုက်သည်၊ ကျန်းနန်၏မြို့တော်အခြေစိုက်တိုးတက်မှုသည်ကောင်းမွန်သော်လည်း သူ၏အိမ် မဟုတ်ပေ၊ မည်မျှပင်အလုပ်များ၍စည်ကားနေပါစေ ကောင်းဖန်သည်သူနေထိုင် နိုင်သည်ဟုမခံစားမိပေ၊

အလုပ်အရမ်းများခြင်း, အထီးကျန်ဖို့အတွက်အလွယ်ကူဆုံးဖြစ်သည်၊

သူကရလဒ်ကိုအင်တာနက်ကနေရှာဖွေနိုင်သည်၊ ထိပ်ဆုံး၁၂ယောက်သည် တတိယအကြိမ်စာမေးပွဲတွင်ပါဝင်ရန်အလိုလျောက်အရ

ည်အချင်းပြည့်မီပြီးဖြစ်ကာ ၎င်းသည် မဟာမိတ်၏အသန်မာဆုံးလူငယ်သားရဲလေ့ကျင့်သူ အထွေထွေညီလာခံတွင်ပါဝင်ရန်အရည်အချင်းရှိသည်၊

ထို့ကြောင့်စာမေးပွဲပြီးသောအခါ သူအလိုရှိရာမှန်သမျှကိုလွတ်လွတ်လပ်လပ်လုပ်နိုင်မည်ဖြစ်သည်၊

တစ်ခုတည်းသောအရာကတော့, သူရလဒ်စစ်ဆေးသည့်အခါ တရားဝင်ဝက်ဘ်ဆိုက်၏ထိပ်ပိုင်း၌ဘုတ်တစ်ခုရှိနေသည်၊ ၎င်းသည်မဟာမိတ်၏အသန်မာဆုံးလူငယ်သားရဲလေ့ကျ င့်သူအထွေထွေညီလာခံကို ယခင်သတ်မှတ်ထားသောရက်စွဲနှစ်လထက်နောက်ကျပြီ း သုံးလအတွင်းကျင်းပမည်၊

စာစဉ် ၁၀

အရေးကြီးဆုံးအချက်မှာ အသက်ကန့်သတ်ချက်ကို အသက်၂၀နှင့်၃လသာသတ်မှတ် ထားသည်၊ ဒါဘာကြီးတုန်းဟ?

အသက်ကန့်သတ်ချက်သည် လအတိအကျနှင့်ထွက်သည်ကိုမြင်ရသည်မှာ ကောင်းဖန်အတွက်ပထမဆုံးအကြိမ်ဖြစ်သည်၊

"သူတို့ရူးသွားတာလား?!"

ဟိုတယ်သို့ညပိုင်းပြန်သွားပြီးနောက်, လူအနည်းငယ်ကဟောခန်းကြီးထဲတွင် တိတ်ဆိတ်စွာနှင့် မတ်တပ်ရပ်လျှောက်သွားနေကြသည်၊

ကောင်းဖန်သည်သူ၏ခြေလှမ်းများကိုရပ်လိုက်ပြီးေ ောက် ထိုလူများကိုကြည့်လိုက် သည်၊

စာစဉ် ၁၀

“ငါမင်းကိုအချိန်အကြာကြီးလိုက်ရှာနေတာ၊ ဝန်ထမ်းကမင်းဟိုတယ်မှာမဟုတ်ဘူးလို့ ပြောတယ်၊ ညစာစားဖို့အတွက်သွားချင်လား? ငါတို့အားလုံးကချန်အန်းကနေဒီကို ရောက်နေကြတာဘဲမလား”

ဝမ်ကျန်းရှန်ကအနှောက်အယှက်ကင်းမဲ့သောအပြုံးဖြင့် ပြောလိုက်သည်၊

***

# *အပိုင်း ၁၄၇ ကော်ဖီဆိုင်*

ဝမ်ကျန်းရှန်၏နောက်တွင်, ဟန်ရှောင်း, ကျွင်းမို့ယီနှင့်နောက်ထပ်ဖြေဆိုသူ သုံးယောက်တို့သည် ချန်အန်းမြို့အခြေဆိုက်မှလာကြခြင်းဖြစ်သည်၊

သူတို့ရဲ့မျက်နှာတွေကိုကြည့်လိုက်ပြီး, သူတို့ကောင်းဖန်ကိုစောင့်နေတာအနည်းငယ်ကြာပြီဖြစ်ကြောင်းခန့်မှန်းမိလိုက်သည်၊

ကောင်းဖန်၏မူလအစီအစဉ်သည် ဟိုတယ်သို့မပြန်မီ ကျပန်းအစားတစ်ခုကိုစားပြီး ပြန်၍နားမည်ဟုစီစဉ်ထားသောကြောင့်သူသည်အနည်းငယ်မတွန့်ဆုတ်ဘဲမနေနိုင်ပါ၊

## စာစဉ် ၁၀

“အတူတူညစာစားကြရအောင်ပါ၊ ကြည့်စမ်း, ဘယ်တုန်းကမှ မျက်နှာသာမပေးဘူးတဲ့ ကျွင်းမို့ယီတောင်သဘောတူတယ်၊” ဟန်ရှောင်းကစိတ်အားထက်သန်စွာနှင့်အကြံပေးသည်၊

နောက်ဆုံးတော့ကောင်းဖန်သူတို့နှင့်ညစာစားရန် သဘောတူလိုက်ရသည်၊ နောက်ပြီး သူတို့ကချန်အန်းကနေရောက်လာပြီး, နောက်သူတို့ကပျူဥာစွာနှင့်သူ့ကို ဖိတ်ခေါ်သည်၊ အရမ်းအေးစက်လွန်းနေရင် မယဉ်ကျေးသလိုဖြစ်သွားမှာပေါ့၊

သူတို့ဟိုတယ်ကနေထွက်လာတော့, မိန်းကလေးတစ်ယောက်က သူတို့ဆီသို့ တည့်တည့်လျှောက်လာနေသည်၊ သူမကသပ်ရပ်ပြီး,

စာစဉ် ၁၀

ဆံပင်တိုကာ, သူမပြုံးသောအခါ တွင်ပါးချိုင့်များရှိသည်၊ မိန်းကလေးကပြောလာသည်, “နင်ကကောင်းဖန်လား?”

“အာ, မင်းက?”

ကောင်းဖန်ကတုံ့ဆိုင်းသွားတော့သည်၊ သူသေချာပေါက်ကို ဒီမိန်းကလေးကိုမသိပါဘူး၊ ဟုတ်တယ်မလား?

“ ငါညစာစားဖို့, နင့်ကိုဖိတ်လို့ရမလား?”

ကောင်းဖန်ကအံ့ဩသွားတော့သည်၊ ဘာလို့အားလုံးကငါ့ကိုညစာစားဖို့ဖိတ်ချင်နေကြတာလဲ? “ ငါတို့ကတစ်ယောက်နဲ့တစ်ယောက်မသိဘူးလို့ထင်တယ်နော်”

“ငါတို့ ညစာစားပြီးသွားရင်သိသွားကြမှာဘဲလေ” ကောင်မလေးကမျက်လုံးမှိတ်ပြကာ ပြောလိုက်သည်၊ “ငါနင့်ကိုတီဗွီမှာတွေ့တယ်, နင်ကအရမ်းမိုက်တာဘဲ”

စာစဉ် ၁၀

ဘာ???

ကောင်းဖန်ကလေအေးတွေကိုစုပ်ယူလိုက်ရသလိုပင်၊ သူကတီဗွီထဲမှာတကယ်မိုက်နေတာပေါ့?

သူထိုသို့တွေးမိလိုက်တော့, ကောင်းဖန်အနည်းငယ်ပျော်သွားသလိုခံစားလိုက်ရသည်၊

ကောင်းဖန်ကသူ့မျက်နှာကိုထိလိုက်ပြီး နက်ရှိုင်းတဲ့အသံနဲ့ပြောလိုက်သည်, "ကျေးဇူး"

"ရပါတယ်" ကောင်မလေးကအကျင့်ပါနေသလိုမျိုးပြောလိုက်သည်၊ သူမအာရုံပြန်ရလာတဲ့အချိန်မှာတော့ ကောင်းဖန်ကအဝေးသို့ထွက်သွားပြီဖြစ်သည်၊

...

စာစဉ် ၁၀

ရှောင်ဟန်းတို့အဖွဲ့နှင့်ညစာစားပြီး ကောင်းဖန်ဟိုတယ်သို့ပြန်လာတော့ ၉နာရီထိုးနေပြီဖြစ်သည်၊ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူတစ်ယောက်က ဟိုတယ်ဂိတ် တွင်စောင့်နေသည်၊ ကောင်းဖန်ကထိုလူကိုဖြတ်သွားတော့, သူကရုတ်တရက်မေးလာသည်, "ငါမင်းနဲ့တစ်ခုခုဆွေးနွေးလို့ရမလား?"

ကောင်းဖန်က သူမကြားလိုက်သလိုဟန်ဆောင်လိုက်သည်၊

ထိုလူကသူ၏ညာလက်ကိုဆန့်လိုက်ပြီးကောင်းဖန်ကိုတားလိုက်သည်၊ အပြာရောင် ဘဏ်ကဒ်ကသူ့လက်ထဲတွင်ကိုင်ထားသည်၊ "လျှို့ဝှက်နံပါတ်က ခြောက် ခြောက်လုံး၊

စာစဥ် ၁၀

အထဲမှာ,မဟာမိတ်ခရက်ဒစ်ဘမီလီယံပါတယ်၊
ငါတို့စကားပြောလို့ရမယ်ဆိုရင်,
ဒါကမင်းအချိန်တွေကိုယူရတဲ့အတွက် ပေးချေမှုပါ”

ကောင်းဖန်က သူ့လမ်းကြောင်းကိုရပ်လိုက်သည်၊
“ကျွန်တော့်အချိန်ကဒီလောက်တောင် တန်တယ်ပေါ့”

“ဟိုနားမှာကော်ဖီဆိုင်တစ်ခုရှိတယ်”၊
ထိုလူ၏မျက်နှာတွင်အပြုံးတစ်ခုပေါ်လာသည်၊

ကောင်းဖန်ကထိုလူကိုကြည့်လိုက်ပြီးပြောလိုက်သ
ည် “ခဏလေးစောင့်”

ထိုလူကနူးညံ့စွာနှင့်ပြုံးလိုက်သည်၊
သူကအလျင်လိုမနေပေ,
ဒါကြောင့်သူကထိုနေရာတွင်ဘဲရပ်နေပြီး
ကောင်းဖန်ကိုစောင့်နေသည်၊
ထိုနေရာတွင်ငါးမိနစ်လောက်စောင့် လိုက်ရပြီးနောက်,

စာစဉ် ၁၀

သန့်မန်သောပုံရိပ်တစ်ခုက ဟိုတယ်၏နောက်ဖေးလမ်းမှ ထွက်လာသည်၊

အပြာရောင်မီးတောက်သည်အမှောင်ထဲတွင်ရှင်းလင်းစွာ နှင့်တောက်ပနေသည်၊

ထိုပုံရိပ်၏နောက်တွင်တော့,

အပြာရောင်ဝတ်စုံဝတ်ဆင်ထားသောဟိုတယ်ဝန်ထမ်းရှိသည်၊ ဟိုတယ်ဝန်ထမ်းကကျယ်လောင်စွာဖြင့်,

“ဟေး,မင်းဘယ်သွားနေတာလဲ?

ကျေးဇူးပြုပြီးမသွားပါနဲ့! ငါလစာဖြတ်ခံရလိမ့်မယ်!!!!”

ဟိုတယ်ဝန်ထမ်းက ဒမ်ဘီ၏

ခြေထောက်တွင်တွယ်ကပ်နေပြီး,

သူ့ရဲ့ဘဝကထိုသူ့ပေါ်တွင်မူတည်နေသလိုပင်ဖြစ်နေသည်၊သူကစိတ်ပျက်လက်ပျက်ဖြင့်ငြီးတွားနေသည်၊

စာစဉ် ၁၀

ဒမ်ဘီကတည့်တည့်ရှေ့သို့ဆက်လျှောက်လာပြီး ခြေထောက်ဘေးတွင်ထိုလူက အလှဆင်ထားသလိုပင်ဖြစ်နေသည်၊

ပြုံးနေသောအနက်ရောင်ဝတ်စုံနှင့်ထိုလူက ခဏလောက်အေးခဲသွားတော့သည်၊

“ကျွန်တော်ကသူ့ကိုခေါ်သွားမယ့်သူပါ၊ ခင်ဗျားကိုကြိုပြီးသတိမပေးမိတဲ့အတွက် တောင်းပန်ပါတယ်”

ကောင်းဖန်ကဟိုတယ်ဝန်ထမ်းကိုတောင်းပန်လိုက်သည်၊

အိုး….

ထိုလူသည်အံ့သြမှင်သက်စွာနှင့်ရပ်လိုက်ပြီး ခဏမျှတုံ့ဆိုင်းနေကာ နောက်မှသူ၏ အာရုံများပြန်လည်နိုးကြားလာသည်၊

“ဒါဆိုသူကမင်းရဲ့အမိန့်နဲ့ပေါ့, ဒါဆိုအဆင်ပြေ ပါတယ်,

စာစဉ် ၁၀

သေချာတာပေါ့”၊

သူကစကားကိုအလျင်အမြန်အဆုံးသတ်လိုက်ပြီး, သူက လျင်မြန်စွာဘဲနောက်ထပ်ဆက်ပြောလိုက်သည်,

“တခြားသူတွေရဲ့သားရဲတွေကို စောင့်ရှောက်ဖို့အတွက်လည်းလိုသေးတယ်, ဒါကြောင့်မင်းသားရဲကို မင်းညပြန်လာတဲ့အချိန်လာအပ်လည်းရတယ်၊ ငါဒီနေ့ညနေဆိုင်းဆင်းရမှာမလို့” သူကပြောပြီးသွား တဲ့နောက်,ရယ်လိုက်သည်၊

ကောင်းဖန်ကပြုံးလိုက်သည်၊

ဟိုတယ်ဝန်ထမ်းထွက်သွားပြီးနောက်, ကောင်းဖန်က လှည့်ကြည့်ပြီး

အနောက်တိုင်းဝတ်စုံနှင့်လူကိုစိတ်ရောကိုယ်ပါစကားပြေ ာလိုက်သည်၊

စာစဉ် ၁၀

“ကျွန်တော့်သားရဲတွေကငယ်ငယ်ကတည်းကနည်းနည်းသတ္တိကြောင်တယ်၊
ကျွန်တော်ညတိုင်းသူတို့ခေါင်းကို ပုတ်ပေးရတယ်၊
မဟုတ်ရင်အိပ်လို့တောင် ရမှာမဟုတ်ဘူး၊ ဒါကိုဘဲကြည့်,
အိပ်မပျော်လို့ကျွန်တော့်ကိုလိုက်ရှာနေတာ”

ငါမင်းကိုတကယ်ယုံသလိုမျိုးပေါ့!

အနက်ရောင်ဝတ်စုံနှင့်လူကအံ့သြသွားပြီး
ပြုံးလိုက်သည်၊ သူကဘာမှမပြောဘဲ,ခေါင်း
ညိတ်ပြလိုက်သည်၊ သူကသဘောကျမှုနှင့်
တိတ်ဆိတ်စွာစဉ်းစားလိုက်သည်၊
ဒါကအတော်လေးကိုကောင်းတဲ့အရာဘဲ၊
သူကနေရာရပ်ခြားကိုရောက်နေတဲ့သူ, ဒါကြောင့် သူက
သူဘာလုပ်လုပ်သတိထားဖို့လိုသည်၊
လူနှစ်ယောက်နှင့်သားရဲတစ်ကောင်က

စာစဉ် ၁၀

ကော်ဖီဆိုင်သို့လမ်းလျှောက်လာကြသည်၊ သူတို့က ပြတင်းပေါက်ဘေးရှိထိုင်ခုံသို့ဝင်ကာထိုင်လိုက်ကြသည်၊ ဒမ်ဘီက ကော်ဖီဆိုင် ထဲသို့ဝင်ရန်ကြိုးနေသဖြင့် သူကပြတင်းပေါက်ဘေးလမ်းဘက်တွင်ရပ်နေသည်၊ သူကသူ့သခင်ကိုကာကွယ်ရန်အနီးကပ်ဆုံး၌ရပ်နေသည် ၊

“မင်းရဲ့သားရဲက တကယ်ကိုသစ္စာရှိတာဘဲ” အနက်ရောင်ဝတ်စုံနှင့်လူက ဒမ်ဘီကို ကြည့်လိုက်ပြီးပြောလိုက်သည်၊ “စိတ်လျော့ပါ, ငါဒီနေ့ဒီကိုလာတာကမင်းနဲ့စကား ပြောရုံပါဘဲ၊ ငါ့မှာတခြားရည်ရွယ်ချက်မရှိပါဘူး၊”

ကောင်းဖန်ကဘာမှပြန်မပြောဘဲခေါင်းညိတ်လိုက် သည်၊

စာစဉ် ၁၀

“ကိုယ့်ကိုယ်ကိုမိတ်ဆက်ပါရစေ၊ ငါ့ရဲ့နောက်ဆုံးနာမည်ကကျန့်, ပြီးတော့ကိုယ့်ကို ကျန့်ရှင်းရှင်းလို့ခေါ်ပါ” အနက်ရောင်ဝတ်စုံနှင့်လူကသူ့ကိုယ်သူမိတ်ဆက်လိုက်သည်၊

ကောင်းဖန်က ထိုသူကိုကြည့်လိုက်သည်၊ “ခင်ဗျားရဲ့နာမည်ကအနုပညာဆန်တယ် ဆိုတာသေချာတယ်”

“ဒါကကောင်းကင်ကကြယ်မဟုတ်ဘူး၊ မြေပြင်ပေါ်မှမျောက်ဝံ” ကျန့်ရှင်းရှင်းသည် နူးညံ့စွာနှင့်ပြုံးလိုက်သည်၊ သူ့အပြုံးကပြေလျော့နေပြီး, သူ့မှာလှပတဲ့ပါးချိုင့်နှစ်ခုရှိ သည်၊ ဒီလိုရက်စက်တဲ့နာမည်နဲ့လူရဲ့မျက်နှာမှာ ဘာကြောင့်လှပတဲ့ပါးချိုင့်တွေပေါ် နေရတာလဲ။

စာစဉ် ၁၀

သူစကားပြောရင်း, ကျန့်ရှင်းရှင်းက ရွှေရောင်ကဒ်ကို အိတ်ကပ်ထဲမှထုတ်လိုက်ပြီး ကောင်းဖန်ကိုပေးလိုက်သည်၊ "ဒါကကိုယ့်ရဲ့ လုပ်ငန်းကဒ်ပါ၊ အကယ်၍မင်းအနာဂါတ် မှာတစ်ခုခုလိုအပ်လာခဲ့ရင်, မင်းငါ့ကိုဆက်သွယ်နိုင်ပါတယ်၊ များသောအားဖြင့် ငါက တခြားလူတွေရဲ့ပြဿနာတွေကိုကိုင်တွယ်ဖြေရှင်းတဲ့တ ာဝန်ဘဲလေ မင်းကငါ့ကို ကြားလူလို့ခေါ်နိုင်တယ်"

"ခင်ဗျားက ကော်မရှင်ဖွင့်တာလား?"ကောင်းဖန်ကညင်သာစွာပြုံးလို က်သည်၊

"သေချာပေါက် မဟုတ်ဘူးပေါ့" ကျန့်ရှင်းရှင်းက သူတို့ဆီလျှောက်လာတဲ့စာပွဲထိုးကို ကြည့်ပြီး, "သကြားမပါတဲ့ တောင်တန်းပြာတစ်ခွက်၊ ကျေးဇူးပါ"

စာစဉ် ၁၀

"လူကြီးမင်းကရောဗျ"

စားပွဲထိုးလေးကမေးလိုက်သည်၊

"ကျွန်တော်လည်းတူတူဘဲ" ကောင်းဖန်က

သူတစ်ခါမှမသောက်ဖူးတဲ့ကော်ဖီကိုပြော လိုက်သည်၊

"အမ်, တကယ်တော့,

ကိုယ်ဒီနေ့ဒီကိုလာရတဲ့အကြောင်းက မင်းနဲ့အပေးအယူ

လုပ်ဖို့ပါဘဲ, မစ္စတာကောင်း"

ကျန့်ရှင်းရှင်းကလေးနက်စွာနှင့်ကောင်းဖန်၏မျက်လုံး

များကိုနက်ရှိုင်းစွာစိုက်ကြည့်ရင်းပြုံးလိုက်သည်၊

"ဘာအပေးအယူလဲ?"

"တစ်စုံတစ်ယောက်က

မဟာမိတ်ရဲ့အသန်မာဆုံးလူငယ်သားရဲလေ့ကျင့်သူပြိုင်

ပွဲမှာ

ဝင်ပြိုင်ဖို့မင်းရဲ့အရည်အချင်းကိုစွန့်လွှတ်ဖို့အတွက်မျှော်

လင့်ပြီး မင်းကိုငွေကြေး ပေးချင်တယ်၊ ဒီငွေကြေးက သေချာပေါက်ကိုလူငယ်သားရဲလေ့ကျင့်သူပြိုင်ပွဲက ပထမရမယ့်ပမာဏထက်များတယ်”

“ သေချာတာကတော့, အတော်သဘောထားကြီးတာဘဲ။”

ကောင်းဖန်ကသက်ပြင်းချ လိုက်ပြီးပြောလိုက်သည်, “ကျွန်တော့်လိုမိဘမဲ့ကလေးတစ်ယောက်အတွက်ဒီငွေ ွေတွေကို ဘယ်သူကပေးမှာလဲ၊ ကြည့်ရတာခင်ဗျားရဲ့ဖောက်သည်က သူ့ကလေးကိုအတော် ချစ်ပုံရတယ်၊”

ကျန့်ရှင်းရှင်းကပြုံးသည်, ဒါပေမယ့်သူက ထိုစာကြောင်းအတွက်ပြန်မပြောပေ၊ “တကယ်တော့, မင်းကလူငယ်သားရဲလေ့ကျင့်သူပြိုင်ပွဲမှာဝင်ပါရင်တော င် အခြေခံအားဖြင့်ပထမနေရာရဖို့

အခွင့်အရေးမရှိပါဘူး…. အချက်အလက်တွေပေါ်မှာ အခြေခံပြီးငါလက်ခံရရှိထားတာ, မေ့နယ်မြေကသားရဲလေ့ကျင့်သူတစ်ယောက်က ကောရာဇ်အဆင့်သားရဲလေ့ကျင့်သူနှင့်စာချုပ်ချုပ်ထားတယ်၊ အခြေခံအားဖြင့်, သူကပြိုင်ပွဲမှာနိုင်ဖို့ကို နှစ်သက်တယ်လေ”

“ကြည့်ရတာ, ခင်ဗျားကသတင်းအချက်အလက်နဲ့ပတ်သတ်ရင် ဖုံးကွယ်တတ်ပုံရတယ်” ကောင်းဖန်ကစောကြောင်းတစ်ကြောင်းမှာ အချက်နှစ်ချက်နှင့်ပြောလိုက်သည်၊

ကောင်းဖန်သည်ငွေကိုနှစ်သက်သူဖြစ်သော်လည်း လူကြီးလူကောင်းတစ်ယောက် လိုမျိုး ငွေကိုမှန်ကန်တဲ့နည်းဖြင့်ချစ်မြတ်နိုးခြင်းဖြစ်သည်။

စာစဉ် ၁၀

ထို့ထက်ပိုအရေးကြီးသည်မှာ ကောင်းဖန်သည်ငွေကိုမလိုတော့ပါ၊ သူကြိုးစားမှုမှ ရသောငွေကိုသူ့အိတ်ထဲထည့်လိုက်တဲ့အခါရတဲ့ပျော်ရွှင်မှုနှင့် အောင်ပွဲခံရသလိုမျိုး ခံစားရသည်၊

ငွေရှာခြင်းသည် အပြုသဘောမျိုးဆောင်သောစွမ်းရည်များဖြင့်ပြည့်နေသည်၊ ဒါကသူ့ကိုပျော်ရွှင်စေသည်၊

ကံမကောင်းစွာနဲ့ဘဲ, လက်ရှိအခြေအနေကတော့ ကောင်းဖန်ကိုပျော်ရွှင်မှုတွေယူလာ မပေးဘူး၊

“အားနာပါတယ်၊ ငွေထက်, ကျွန်တော်ကမြင့်တဲ့တစ်နေရာကိုရဖို့အခွင့်အရေးရချင်တယ်” ကောင်းဖန်က ကမ်းလှမ်းမှုကိုဖော်ရွေစွာနဲ့ငြင်းလိုက်သည်၊

စာစဉ် ၁၀

“…”ကျန့်ရှင်းရှင်းကတစ်ခုခုမှားနေသလိုခံစားလိုက်ရသည်၊ သူရထားတဲ့အချက် အလက်အရတော့, ကောင်းဖန်ကငွေကိုကြိုက်တယ်မဟုတ်ဘူးလား? …တစ်ခုခုတော့ ညှိနှိုင်းရနေသလိုဘဲ၊

နောက်တော့, ကျန့်ရှင်းရှင်းက ကောင်းဖန်အားထပ်၍ယုံကြည်စေရန်ကြိုးစားပြန်သည်၊ နောက်ဆုံးတွင်တော့ ၎င်းသည်အချည်းအနှီးသာဖြစ်သည်ကိုသဘောပေါက်လိုက်သည်၊

“ဒါဆို…အရမ်းသနားစရာကောင်းတာဘဲ” ကျန့်ရှင်းရှင်းကသက်ပြင်းချလိုက်သည်၊

“မစ္စတာ, မင်းရဲ့ကော်ဖီ” ထိုအချိန်မှာဘဲ စားပွဲထိုးလေးကရောက်လာသည်၊ သူက

စာစဉ် ၁၀

ကောင်းဖန်နှင့်ကျန့်ရှင်းရှင်း
နှစ်ယောက်လုံး၏ရှေ့တွင်တရိုတသေဖြင့်ချလိုက်သည်၊

ကော်ဖီ၏မွှေးပျံ့မှုက
စားပွဲပတ်လည်တွင်ပျံ့နှံ့နေသည်၊

ကောင်းဖန်မတ်တပ်ရပ်လိုက်သည်၊
သူကကောင်တာကိုလျှောက်သွားလိုက်ပြီး,
ကော်ဖီနှစ်ခွက်ဖိုးပေးချေလိုက်သည်၊

“အချိန်ယူပြီး ကော်ဖီသောက်လိုက်ပါဦးဗျ”
ကောင်းဖန်ကကော်ဖီဆိုင်မှထွက်လာပြီး,
သူကခန္ဓာကိုယ်ကိုတစောင်းလှည့်လိုက်ကာ,ခေါင်းညိတ်၍ပြုံးပြလိုက်သည်၊

အပြာရောင်ဘဏ်ကဒ်ကတော့
စားပွဲပေါ်တွင်ကျန်နေခဲ့သည်။

# စာစဉ် ၁၀

***

စာစဉ် ၁၀

## အပိုင်း၁၄၈ ထပ်ခါပြန်ဖြစ်လာသလို ခံစားချက်

ကောင်းဖန်နှင့်ဒမ်ဘီတို့ ဟိုတယ်ထဲပြန်ဝင်သွားသည်ကို မြင်သောအခါ ကျန့်ရှင်းရှင်းလဲ သူ့ဖုန်းကိုထုတ်ပြီး ဖုန်းနံပါတ်တစ်ခုကိုခေါ်ဆိုလိုက်သည်။

ဖုန်းက သုံးကြိမ်မြောက်မြည်ပြီးသွားကာမှ ချိတ်ဆက်မိသွားသည်။

"သူဘာပြောလဲ?" ဖုန်း၏တခြားတစ်ဖက်မှ လေးနက်သည့်အသံတစ်သံထွက်ပေါ်လာခဲ့သည်။

"သူ ကမ်းလှမ်းချက်ကို ငြင်းသွားတယ်။" ကျန့်ရှင်းရှင်းက ကူကယ်ရာမဲ့စွာပြန်ဖြေခဲ့သည်။

စာစဉ် ၁၀

သူဘာပဲပြောပြော ဘာပဲလုပ်လုပ် ဒီကလေးအပေါ်တော့ အလုပ်မဖြစ်ခဲ့ဘူးပဲ။

တခနကြာတိတ်ဆိတ်နေပြီးနောက် တစ်ဖက်မှ အသံကနိမ့်သွားခဲ့သည်။ “ငါနားလည်ပြီ။”

ကျန့်ရှင်းရှင်းလဲ သူ့ပုခုံးကိုသာ တွန့်လိုက်တော့သည်။ ဒါတကယ်လိုလို့လား? ဘာလို့များဒီကလေး အရမ်းခေါင်းမာနေရတာပါလိမ့်?

ကျန့်ရှင်းရှင်းသည် ပြဿနာများစွာကို ညှိနှိုင်းဖြေရှင်းခဲ့သူဖြစ်သည်။ တစ်ဖက်မှ သူ့အလုပ်အပ်သူက ပြန်ခံပြော၍ရသူမဟုတ်ပေ။

သို့သော်လည်း သူတတ်နိုင်သလောက်တော့ လုပ်ထားပြီးပြီပဲ၊ ဒီတော့ ဒီကိစ္စက သူနဲ့မဆိုင်တော့ဘူး။ လူတိုင်းမှာ သူတို့လမ်းကြောင်းနဲ့သူတို့ရှိကြတယ်လေ။ အဲ့ဒီလမ်းကြောင်းက ဆိုးဆိုးကောင်းကောင်း

စာစဉ် ၁၀

လူတိုင်းကတော့ ကိုယ့်လမ်းကိုယ်ဆက်လျှောက်ဖို့ လိုကြတာပဲ။

ကောင်လေးက အရမ်းငယ်သေးတယ်။ အခက်အခဲတွေကြုံလာရမှ လက်တွေ့ဘဝကြီးရဲ့ခက်ခဲမှုအစစ်အမှန်ကို သူနားလည်လာလိမ့်မယ်။

ကျန့်ရှင်းရှင်းက ခေါင်းကိုသာယမ်းကာ ကော်ဖီဆိုင်ထဲမှထွက်ခဲ့လိုက်သည်။ သူကော်ဖီဆိုင်ထဲမှထွက်လိုက်သည်နှင့် တပြိုင်နက် သူ့နောက်မှတံခါးကလဲ ကျယ်လောင်သည့်အသံတစ်သံနှင့်အတူ ပိတ်ဆို့သွားခဲ့သည်။ ကျန့်ရှင်းရှင်း နောက်လှည့်ကြည့်လိုက်မိသည်။

စာစဉ် ၁၀

ကော်ဖီဆိုင်၏အေးစက်နေသည့်တံခါးမှနေပြီး မှောင်မိုက်ကာ စူးရှသည့်အလင်းတစ်ခုထွက်လာခဲ့သည်။

ထိုအခိုက်အတန့်မှာပဲ သူ့ပတ်လည်က ဘာကိုမှသူမမြင်နိုင်တော့ပေ။ လမ်းတစ်လျှောက်လုံး လုံးဝရှင်းလင်းလို့နေသည်။

လေပြင်းတပြက လမ်းကိုဖြတ်တိုက်သွားကာ သတင်းစာဟောင်းတချို့ကလဲ လေနှင့်အတူ လွင့်မျောလို့နေသည်။

ကျန့်ရှင်းရှင်း အနည်းငယ်စိတ်မသက်မသာခံစားလိုက်ရကာ နောက်ပြန်လှည့်ပြီး ကော်ဖီဆိုင်တံခါးကို အတင်းဖွင့်တော့သည်။ “တံခါးဖွင့်ဦး၊ ငါအထဲမှာ ကျန်ခဲ့တာရှိလို့။”

စာစဉ် ၁၀

ကော်ဖီဆိုင်ထဲမှ ဘာမှအကြောင်းမပြန်လာခဲ့ပေ။ တိတ်ဆိတ်နေသည့်လမ်းတစ်လျှောက် သူ့အသံသည်သာ ပဲ့တင်ထပ်လို့နေသည်။

သူ့နောက်ဖက်မှနေပြီး ခြေသံတချို့ထွက်ပေါ်လာခဲ့သည်။ လမ်းဆုံးမှနေပြီး လူနှစ်ယောက် လမ်းလျှောက်လို့လာနေခြင်းပင်။ သူတို့နှစ်ယောက်လုံးက အလွန်မြင့်သည့်ဦးထုပ်များနှင့် အနက်ရောင်ကုတ်အင်္ကျီရှည်များကို ဝတ်ဆင်ထားကြသည်။ သူတို့နှစ်ယောက်လုံး၏လက်ထဲမှာတော့ တစ်လက်မလောက်ထူသည့် ခွေးထိန်းကြိုးများရှိလို့နေသည်။ ကြိုးအဆုံးမှာတော့ အနီရောင်အမွေးများနှင့်ကြီးမားသည့်ခွေးများရှိနေကာ

လေးမီတာလောက်မြင့်ပြီး ရှစ်မီတာလောက်အထိ ရှည်ကြသည်။

ဒီထိန်းကြိုးတွေရဲ့ ရည်ရွယ်ချက်ကဘာများလဲ?! လူက ခွေးကိုဦးဆောင်လာတာလား ဒါမှမဟုတ် ခွေးကလူကိုဦးဆောင်လာတာလား!

၎င်းတို့၏မျက်လုံးနီများမှာ ခံစားချက်ကင်းမဲ့လို့နေကာ အေးစက်နေသည်။ မျက်လုံးတွေက သူ့ကိုစိုက်ကြည့်နေကြတာတော့မဟုတ်ပေမယ့် ကျန့်ရှင်းရှင်းကတော့ ပြင်းထန်သည့်ခြိမ်းခြောက်နိုင်စွမ်းကို ခံစားမိလို့နေသည်။

သူ့ရင်ဘက်ဆီမှ ပင့်သက်ရှိုက်သံတစ်သံထွက်ပေါ်လာကာ

စာစဉ် ၁၀

ကျန့်ရှင်းရှင်းမှာ သူ့ရှပ်အင်္ကျီကြယ်သီးကိုဖြုတ်လိုက်ပြီး သူ့ရှပ်အောက်ထဲတွင် ငွေရောင်ကြွက်ကလေးကို ဝှက်ထားလိုက်သည်။ ၎င်းကလဲ စိုးရိမ်တကြီးအော်ဟစ်နေခဲ့သည်။

ကျန့်ရှင်းရှင်း၏မျက်နှာအရောင်မှာ မဲမှောင်လို့နေပေသည်။ သူ့ဘဝမှာ အသက်အန္တရာယ်များသည့် အခြေအနေများစွာနှင့်ကြုံတွေ့ဖူးခဲ့ကာ ထိုသို့သောအခြေအနေများကြားမှအောင်အောင်မြင်မြင် လွတ်မြောက်နိုင်ခဲ့ခြင်းက ဒီဝိညာဉ်ကြွက်လေးရဲ့ကျေးဇူးကြောင့်ပင်။

ဒီတစ်ခေါ်လဲ သူအန္တရာယ်အငွေ့အသက်ကို ခံစားမိနေပြန်ပြီ။

စာစဉ် ၁၀

သူ့ကိုယ်ပိုင်သားရဲကို ဆင့်ခေါ်ဖို့ကြိုးစားခဲ့ပေမည့် တစ်ဖက်မှတုန့်ပြန်လာမှုမရှိသလို ဘာသတိပေးချက်မှလဲ မရရှိခဲ့ပေ။

အခုတော့ ကျန့်ရှင်းရှင်း၏မျက်နှာမှာ အရောင်မျိုးစုံပြောင်းလဲလို့နေပေပြီ။

သူ့သားရဲနဲ့ဆက်သွယ်မှု ဘယ်အချိန်က ပြတ်တောက်သွားတာလဲ?

ဟိုတယ်အဆောက်အဦးကြီးမှ မီးရောင်မှိန်မှိန်များကိုကြည့်ရင်း သူ့နှုတ်ခမ်းကိုကိုက်ထားမိလိုက်သည်။ သူထိုနေရာကို အမြန်ပြေးသွားနိုင်သ၍ ဒီအမည်မသိတိုက်ခိုက်သူတွေကို ပိုပြီးသတိထား,ထားရမည်။

စာစဉ် ၁၀

တစ်ချိန်တည်းမှာပဲ သူတစ်ယောက်ယောက်ကိုများ စော်ကားခဲ့မိသလားဆိုသည့်အတွေးက ကျန့်ရှင်းရှင်းစိတ်ထဲ ပြေးလွှားလို့နေသည်။ ကြည့်ရတာ တစ်ဖက်လူက တော်တော်အားကြီးပုံရတယ်။

ထိုအချိန်မှာပဲ ကျန့်ရှင်းရှင်းမှာ သူ့လုပ်ငန်းခွင်မှလူများကို မကြာခဏဆိုသလို အလွယ်တကူစော်ကားခဲ့မိကြောင်း သိရှိသွားရသည်။ ဘယ်လိုကြောင့်များ ဒီလောက်လူပေါင်းများစွာကို သူစော်ကားခဲ့မိရတာပါလိမ့်။

လူတွေက အရမ်းများလွန်းတယ်.... ဘယ်သူက လုပ်မှန်းတောင် မမှန်းနိုင်တော့လောက်အောင်ပဲ...

သို့သော်လည်း ဒီလိုနေ့မျိုးရောက်လာလိမ့်မည်ဟုတော့ သူ့စိတ်ထဲ မျှော်မှန်းခဲ့ပြီးသားပင်။ သက်ပြင်းတစ်ချက်သာ

ချမိတော့သည်။ သူသေဆုံးသွားပြီးနောက် သူ့ဘဏ်အကောင့်ထဲမှငွေတွေက သူ့ညီမဆီရောက်သွားမည်ဖြစ်ကာ အကောင့်ထဲမှာရှိသည့်ငွေပမာဏက အနည်းဆုံးတော့ သူမလက်ကျန်ဘဝတစ်လျှောက်စာအတွက် လုံလောက်နိုင်ပေမည်။

သူသေဖို့အထိတောင် ကြိုတင်ပြင်ဆင်ထားပြီးသားဆိုရင်တောင်မှ အတတ်နိုင်ဆုံးတော့ အသက်ရှင်အောင် ကြိုးပမ်းကြည့်ချင်သေးသည်! ပုရွက်ဆိတ်တွေတောင်မှ လူသားတွေထက်မနည်း အသက်ရှင်သန်ဖို့ ကြိုးစားကြတာပဲမဟုတ်လား!

ကျန့်ရှင်းရှင်း အမြန်နောက်လှည့်ကာ ကော်ဖီဆိုင်၏သတ္တုတံခါးကြီးကို တွန်းတော့သည်။

## စာစဉ် ၁၀

ဖန်း!

သတ္တုတံခါးက ရုတ်တရက်ကြီးပွင့်သွားကာ ကျန့်ရှင်းရှင်းရဲ့ရင်ထဲမှာလဲ တုန်လှုပ်သွားရသည်။

ထို့နောက် သတ္တုတံခါးကြီးက ဘာအသံမှမပြည်ဘဲ ပိတ်သွားပြန်သည်။

ကော်ဖီဆိုင်အပြင်ဘက်မှာတော့ ခွေးတွေနဲ့လူနှစ်ယောက်က ကော်ဖီဆိုင်တံခါးကို စောင့်ကြပ်နေကြသည်။ ခွေးကြီးနှစ်ကောင်ကလဲ သတိအပြည့်နှင့် တံခါးအပြင်ဘက်မှာ နာခံစွာထိုင်စောင့်လို့နေသည်။

ကော်ဖီဆိုင်က တိတ်ဆိတ်နေကာ ကြမ်းပေါ် အပ်ပြုတ်ကျလျှင်တောင် ကြားနိုင်လောက်သည်အထိပင်။

စာစဉ် ၁၀

ကျန်ရှိနေတဲ့အရာကတော့ သူ၏အသက်ရှူသံပြင်းပြင်းနှင့် မီးရောင်မှိန်ပျပျဖြစ်သည်၊

"ခင်ဗျားကမစ္စတာ, ကျန့်ရှင်းရှင်း, ကျွန်တော်မှန်တယ်မလား? ခင်ဗျားရဲ့တန်ဖိုးရှိလှတဲ့ အချိန်တွေကိုယူရတာတောင်းပန်ပါတယ်၊ ဒါကတော့ကဒ်ပါ၊ အဲ့ထဲမှာ မဟာမိတ်ခရက်ဒစ်၅မီလီယံရှိတယ်၊ လျှို့ဝှက်နံပါတ်က ခြောက်ငါးလုံး၊ ဒါကခင်ဗျားရဲ့ အချိန်အတွက်လျော်ကြေးပေးတာပါ၊" ကော်ဖီဆိုင်၏အလယ်, မှိန်ပျနေသောမီးရောင် အောက်၌, ငွေရောင်ဆံပင်နှင့်လူအိုကြီးက, အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး သူ့ကိုပြုံးကာကြည့်နေသည်၊

စာစဉ် ၁၀

ကျန့်ရှင်းရှင်းက ဒီမြင်ကွင်းမျိုးကိုမြင်ရတာထူးဆန်းနေသလိုမျိုးခံစားနေရသည်၊

ဒါက....သေချာသလောက်ကတော့ အတော်လေးထပ်တူကျနေတာဘဲ၊

ကဖေးရှိမီးများကလုံးဝနီးပါးငြိမ်းသွားပြီး ကျန်သောတစ်ခုတည်းသောမီးမှာ လူအိုကြီးဘေးမှန္ဒေးထွေးသောအလင်းရောင်ထုတ်လွှတ်နေသည့်စားပွဲခုံဖြစ်သည်၊

စားပွဲမီးခွက်၏ အဝါရောင်အလင်းတန်းမှတစ်ဆင့်ကျန့်ရှင်းရှင်းသည် ထိုလူအိုကြီးက အလွန်ကောင်းမွန်သည့်ပုံပန်းရှိတယ်ဆိုတာကိုပြောနိုင်သည်၊ သူကကျယ်ပြန့်တဲ့ပုခုံးတွေရှိတာကြောင့်

စာစဉ် ၁၀

အနောက်တိုင်းဝတ်စုံဖြင့် အတော်လေးကြည့်ကောင်းသည်၊ သူ၏အဖြူရောင်ဆံပင်များကိုနောက်ပြန်သိမ်းထားပြီး, သူ၏မျက်လုံးများက အလွန်ကို တောက်ပနေသည်၊

ကျန့်ရှင်းရှင်း၏နှလုံးကတင်းကြပ်သွားပြီး ထိုအချိန်တွင် ထိုလူကြီးတွင်ဘဲသူ၏အကြည့်များကျောက်ချထားလိုက်သည်၊

သူကရုတ်တရက်အပြစ်တစ်ခုရှိနေသလိုခံစားလိုက်ရသည်၊

“မစ္စတာ…ကျွန်တော်မေးလို့ရမလား?” ကျန့်ရှင်းရှင်းက သူဘယ်လိုစကားထစ်သွားမှန်းမသိတော့ပေ၊ သူ့ကိုကသိကအောက်ဖြစ်စေသည်၊ သူကဒီလိုကြီးကြီးမားမားရိုက်ချ

များကိုအရင်ကတစ်ခါမှမတွေ့ကြုံခဲ့ပေ, ဒါကြောင့်ဒီနေ့သူဘာတွေဖြစ်နေတာလဲ?

“မစ္စတာကျန့်ရှင်းရှင်း, အခုရိုးပြီး တုံးအတဲ့ကလေးကို ဘာတွေများပြောလိုက်တာလဲ” လူအိုကြီးကလေးနက်စွာပြောလိုက်သည်၊

သူကဘာလို့မေးတာလဲ? ကျန့်ရှင်းရှင်းကစိတ်ရှုပ်ထွေးသွားတော့သည်၊

“ကျွန်တော်ကသူ့ကို, မဟာမိတ်ရဲ့အသန်မာဆုံးသားရဲလေ့ကျင့်သူပြိုင်ပွဲကနေ ထွက်ပေးဖို့ပြောနေတာပါ” ကျန့်ရှင်းရှင်းကသတိထားလျက်ပြောလိုက်သည်၊

“တကယ်…” လူအိုကြီးကနက်နက်နဲနဲပြောလိုက်သည်၊ “ပြီးတော့ ကောင်လေးက ဘာဖြေလဲ?”

စာစဉ် ၁၀

“သူကဒါကိုငြင်းလိုက်တယ်၊ သူက သူ့ရဲ့အတွေ့အကြုံကျယ်ပြန့်လာစေဖို့အတွက် အခွင့်အရေးကိုလက်မလွှတ်နိုင်ဘူးလို့ပြောတယ်၊” ကျန့်ရှင်းရှင်းကရိုးသားစွာဖြင့်ပြော လိုက်သည်၊

“ဆိုတော့, နောက်ထပ်ဘာလုပ်ဖို့အစီအစဉ်ရှိသေးလဲ?” လူအိုကြီးက အလျင်လိုချင်း မရှိဘဲမေးလိုက်သည်၊

“အာ?” ကျန့်ရှင်းရှင်းက တိတ်တဆိတ်နှင့်လူအိုကြီးကိုအကဲခတ်လိုက်ပြီးနောက်, ကောင်းဖန်၏အကြည့်တွေကိုပြန်တွေးလိုက်သည်၊ မယုံနိုင်လောက်သော အတွေး တစ်ခုကသူ့စိတ်ထဲတွင်ပေါ်လာသည်၊

ဘုန်း! မိုးကြိုးပစ်သံလိုမျိုးသူ၏စိတ်ထဲတွင် တစ်စုံတစ်ခုအလင်းရသွားတော့သည်၊

စာစဉ် ၁၀

ကျန့်ရှင်းရှင်းက ရုတ်တရက်သူ့စိတ်တစ်ခုလုံးတုန်လှုပ်သွားသလို ခံစားလိုက်ရသည်၊ သူပါးစပ်ကိုဖွင့်လိုက်သော်လည်းအသံပင်ထွက်မလာပေ၊

သူ့နောက်ထပ် အစီအစဉ်ကဘာလဲ? သေချာတာပေါ့, သူသိတယ်၊ ဘာလို့လဲဆိုတော့ နောက်အစီအစဉ်ကသူ့အကြံဖြစ်နေလို့ဘဲ၊ တစ်ခုတည်းသောမေးခွန်းက, သူအခု ထုတ်ပြောရဲလားဆိုတာဘဲ၊

ကျန့်ရှင်းရှင်းက ငိုချလုနီးပါးဖြစ်နေသည်၊ အစောပိုင်းကောင်းဖန်နှင့် ညှိနှိုင်းဆွေးနွေးတုန်းက သူပြခဲ့တဲ့တည်ငြိမ်မှုကပျောက်ကွယ်သွားတော့သည် ၊

အခန်း ၁၀

"ကျွန်တော်က လိမ်တာတွေ လှည့်စားတာတွေမကြားချင်ဘူးနော်၊ မင်းရဲ့ညီမ တစ်ယောက်တော့ သူ့အကိုကလိမ်တဲ့သူတစ်ယောက်ဆိုတာကိုမကြားချင်ေ ောက်ဘူး ဆိုတာ ယုံကြည်တယ်" လူအိုကြီးကပြုံးလိုက်သည်၊ "ဒီလိုမှမဟုတ်ရင် ဒါက ကလေးအတွက်စံနမူနာမကောင်းတာတွေပြသလိုဖြစ်နေ မှာပေါ့"

ကျန့်ရှင်းရှင်းက သူ့ခေါင်းကိုအလျင်အမြန်မော့လိုက်ပြီး လူအိုကြီးကို တည့်တည့် ေးစိုက်ကြည့်နေသည်၊

"အကိုကြီး"။ ရင်းနှီးတဲ့အသံတစ်ခုက ကျန့်ရှင်းရှင်းနောက်ဘက်မှထွက်ပေါ်လာသည်၊ တစ်ခါတုန်းက, ဒီအသံကသူ့ကိုအတိုင်းအဆမရှိ

နွေးထွေးမှုကိုခံစားစေခဲ့ပြီး ၎င်းသည် ရှေ့ဆက်ရန်အတွက်သူ့ကိုလှုံ့ဆော်မှုပေးခဲ့သည်၊ ဒါပေမယ့် အခုအချိန်မှာတော့ ထိုအသံကသူ့ကျောရိုးတစ်လျှောက်ကိုအေးစက်သွားစေသည်၊

သူကခေါင်းကိုပြင်းထန်စွာလှည့်ကြည့်လိုက်ပြီး သူကမယုံကြည်နိုင်စွာဘဲ သူ့နောက်မှာ ရပ်နေတဲ့သူ့ညီမလေးကိုစိုက်ကြည့်နေမိသည်။

“ရှောင်ရွှမ်, မင်းဘယ်လိုလုပ်ဒီကိုရောက်နေရတာလဲ?”

“အဘိုးက အကို့ကိုတွေ့လို့ရအောင်လုပ်ပေးမယ်ဆိုလို့၊ အကိုကအမြဲတမ်းအလုပ်များနေပြီး အိမ်မှာမဟုတ်ဘူးလေ…

စာစဥ် ၁၀

သမီးအရင်တုန်းကအကို့ကိုနောက်ဆုံးမြင်ရတာ အတော်ကြာနေပြီကို…”

ငယ်ရွယ်တဲ့မိန်းကလေးကအနီရောင်နှင့်အဖြူရောင် အကွက်အကျီကိုဝတ်ဆင်ထားပြီး သူ့ခေါင်းကိုမော့ကာကျန့်ရှင်းရှင်းကို ကြည့်နေသည်၊

“ပြီးတော့ အဘိုးကအကိုသမီးကိုရှာမတွေ့အောင်ဆော့တဲ့ဂိမ်းအတူ ဆော့ဖို့ခေါ်တယ်, သမီးလုပ်နိုင်ရင်, အဘိုးကရေခဲမုန့်ငါးခုဝယ်ပေးတယ်၊”

ငယ်ရွယ်တဲ့မိန်းကလေးက သူမရဲ့ဖြူဖွေးနေတဲ့လက်မောင်းလေးကိုမြှောက်လိုက်ပြီး လက်ငါးချောင်းထောင်ပြလိုက်သည်၊ သူမရဲ့မျက်လုံးများက လလိုမျိုးတောက်ပနေပြီး သူမရဲ့ဆွဲဆောင်မှုရှိသောပါးချိုင့်များရှိပြီး,

ထိုပါးချိုင့်များကကျန့်ရှင်းရှင်းနှင့် အလွန်တူ ကာ သူမ၏အပြုံးကိုဖော်ပြနေသည်၊

သူကစကားပြောပြီးတဲ့နောက်, သူမအကိုရဲ့ မျက်နှာအမူအရာက သိပ်မကောင်းတာကို သတိထားမိသွားသောကြောင့်, ကောင်မလေးကသူ့နှုတ်ခမ်းကိုကိုက်လိုက်ပြီး ခေါင်းကိုငုံ့လိုက်သည်၊ "အကိုကြီး, သမီးရဲ့ရေခဲမုန့်တွေအကုန်ပေးပါ့မယ်, စိတ်မဆိုးပါနဲ့၊ သမီးကကိုကြီးကိုလွမ်းလို့ပါ၊"

ကျန့်ရှင်းရှင်းကပြန်လှည့်လိုက်ပြီး လူအိုကြီးကိုတည့်တည့်စိုက်ကြည့်လိုက်သည်၊ သူကပြောလိုက်သည်, "ကျွန်တော့်ညီမကရိုးသားတယ်၊ သူကဘာမှသိတာမဟုတ်ဘူး၊

ခင်ဗျားကဘာတွေသိချင်တာလဲ?

ကျွန်တော်အကုန်ပြောပြမယ်!!!"

***

စာစဉ် ၁၀

# *အပိုင်း၁၄၉ ပြန်လည်ဆုံစည်းခြင်း*

“သေချာတာပေါ့၊ သူမကချစ်ဖို့ကောင်းတဲ့ကလေးမလေးဘဲကို၊ သူကဘာမှမသိဘူး ဆိုတာငါယုံပါတယ်၊” လူအိုကြီးကခေါင်းညိတ်ကာပြောလိုက်ပြီး, ကျန့်ရွှမ်ကိုပြုံးပြကာ “ချစ်ဖို့ကောင်းတဲ့မင်းသမီးလေး, သမီးရဲ့အကိုနဲ့ခဏစကားပြောချင်လို့၊ ဘာလို့အခန်းထဲသို့ပြီး ရေခဲမုန့်မစားတာလဲ? သမီးရဲ့အကိုကစိတ်မဆိုးပါဘူး”

ကျန့်ရှင်းရှင်းရဲ့မျက်နှာကထုံထိုင်းနေပေမယ့်, သူကအလေးအနက်ဖြင့် ပြုံးပြလိုက်ပြီး, “ဟုတ်တယ်, အကိုကြီးကစိတ်မဆိုးပါဘူး၊ လိမ္မာတဲ့ကောင်မလေး, ရွှမ်ရွှမ်”

## စာစဉ် ၁၀

“ဟုတ်ကဲ့” ကောင်မလေးကပြောလိုက်ပြီး, မပျော်မရွှင်ဖြင့်ခေါင်းညိတ်လိုက်သည်၊ အနီရောင်အင်္ကျီဝတ်ဆင်ထားသောအမျိုးသမီးက သူမကိုအတွင်းသို့ခေါ်သွားသည်၊

“စိတ်လျှော့ပါ၊ မင်းကစည်းကမ်းတွေကိုလိုက်နာတယ်, ကိုယ်တွေကလည်းလိုက်နာတယ်၊” လူအိုကြီးကလက်ဖက်ရည်ကိုမှုတ်လိုက်ပြီး ပြောလိုက်သည်, “ဒါပေမယ့် မင်းက စည်းမျဉ်းတွေကိုမလိုက်နာဘူးဆိုရင်… ဒါဆိုရင်တော့လိုအပ်တဲ့ ဘယ်နည်းလမ်းတွေကိုမဆို သုံးတဲ့အခါငါ့ကိုအဆိုးမဆိုပါနဲ့”

“လိုအပ်တဲ့ ဘယ်နည်းလမ်းမဆို”ဆိုသောစကားသည်

ကျန့်ရှင်းရှင်း၏စိတ်ထဲတွင် စွဲထင်နေသည်၊ ၎င်းကသူ၏နားမှ မိုးခြိမ်းသံကိုကြားလိုက်ရသလိုပင်၊

“ကျ…ကျွန်တော်ဘာမှမလုပ်ပါဘူး၊ သူနဲ့ခဏလောက်စကားပြောရုံပါ”

“ဒါကြောင့်ဘဲ မင်းဒီရောက်နေတာမလား၊ ငါ့ကိုပြောလေ” လူအိုကြီးက လက်ဖက်ရည်ခွက်ကိုမြှောက်လိုက်ပြီး တစ်ချိုက်သောက်လိုက်သည်၊ထို့နောက်, သူ့ခေါင်းကိုမော့ကာ, ပြုံးလိုက်ပြီး ,ပြောလိုက်သည်, “ငါ့နာမည်က ကျီဟာန့်ဝူ၊ မင်းငါ့အတွက်အလုပ်လုပ်ပေးရင်ဘယ်လိုလဲ?”

“ခင်ဗျား…” ကျန့်ရှင်းရှင်းကအံ့သြနေတော့သည်၊ သူ၏ကျယ်ပြန့်သော သတင်းအချက်အလက်ကွန်ယက်နှင့်

သူ၏အလုပ်၌ကျီဟာန့်ဝူကိုမကြားဖူးဘူး ဆိုတာမဖြစ်နိုင်ပေ၊ ဒါပေမယ့် ကျီဟာန့်ဝူက သူ့ကိုရွေးချယ်လိမ့်မည်ဟု သူဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး၊ “ကျွန်တော့်ကိုသတ်မှာတော့ မဟုတ်ဘူးမလား?”

“အယူဝါဒသုံးခုနဲ့ အတွေးအခေါ်ကျောင်းကိုးကျောင်းရှိတယ်၊ မင်းလူတစ်ယောက်ဖြစ်ပြီး မင်းမှာလည်းတန်ဖိုးရှိတယ်၊” ကျီဟာန့်ဝူကတည်ငြိမ်စွာပြောလိုက်သည်၊ “သတ်တာကအလွယ်ဆုံးနည်းလမ်းပေမယ့် တစ်ချန်တည်းမှာဘဲ အဲ့ဒီနည်းလမ်းက အလဟဿဖြစ်တဲ့နည်းလမ်းလည်းဖြစ်တယ်လေ၊”

ကျီဟာန့်ဝူသည် သူကထိုလူကြီးကိုသစ္စာဖောက်မည်ကိုစိုးရိမ်သော

မဖြေဆိုနိုင်သည့် မေးခွန်းများကိုမမေးဘဲနေခဲ့သည်၊ သူလိုမျိုးအဆင့်နှင့်လူက ကျိဳဟန့်ဝူလိုအဆင့်မျိုးတွင်ပါဝင်စေရန်, သူ့ကိုချုပ်ကိုင်နိုင်မည့်နည်းလမ်းများရှိလိမ့်မည်၊ ဒါကမူးယစ်ဆေး လိုမျိုးဒါမှမဟုတ် ကျိုင်းကောင်လိုမျိုးဖြစ်သည်၊

လူတိုင်းကထက်မြက်သည်, ပြီးတော့အကုန်လုံးကလည်းသိသည်၊

...

“ဆိုတော့, ဘာဖြစ်မှာလဲ....ဘော့စ်” ကျန့်ရှင်းရှင်းက ကျိဳဟန့်ဝူကိုဘယ်လိုပြန်ပြော ရမလဲမသိဘူးဖြစ်နေသည်, ဒါပေမယ့် သူကရပ်နေတာကြာပြီမလို့ သူက “ဘော့စ်” ဆိုတဲ့စာလုံးကိုမှန်ဝါးဝါးဖြင့်ပြောလိုက်တာဖြစ်သည်၊

စာစဥ် ၁၀

“နောင်ကျရင်, မင်းကအကုန်လုံးငါ့ကိုခေါ်သလို ဥက္ကဌကျီလို့ခေါ်နိုင်တယ်”
ကျီဟာန့်ဝူကပေါ့ပေါ့ပါးပါးပြောလိုက်သည်၊

“ဟုတ်ကဲ့, ဥက္ကဌကျီ”

“ကျင်းလင်မြို့အခြေစိုက် မြို့တော်ဝန် ဟန်ရွှမ်မင်း”
ကျီဟာန့်ဝူကဒါကိုအကြိမ်ကြိမ် ရေရွတ်နေသည်၊
နောက်ဆုံးတော့
သူ့မျက်နှာတွင်ကြောက်စရာကောင်းသော
အပြုံးတစ်ခုပေါ်လာသည်၊ တစ်စုံတစ်ယောက်က
ကောင်းဖန်အားစုံစမ်းနေသည့် သတင်းကိုကြားရတုန်းက
သူကကြီးမားတဲ့ကိစ္စတစ်ခုကြောင့်ဟုထင်ခဲ့သည်၊
အခုတော့ ဒီလိုမျိုးကိစ္စလေးကြောင့်ဖြစ်နေလိမ့်မည်ဟု
ဘယ်တုန်းကမှမထင်ခဲ့ပေ၊

စာစဉ် ၁၀

ငင်းသည် ကပ်ဆိုးကြီးမတိုင်မီကဖြစ်ခဲ့လျှင်, ဘယ်လိုပဲ ထိုအဖွဲ့အစည်းကကြီးမား နေပါစေ, သူကအခြေစိုက်မြို့ရဲ့ မြို့တော်ဝန်ကိုအကူအညီမဲ့စေလိမ့်မည်ဖြစ်သည်၊

ဒါပေမယ့် ကပ်ဆိုးကြီးဖြစ်နေချိန်မှာတော့, အကုန်လုံးကပြောင်းလဲသွားခဲ့ပြီ၊

ကမ္ဘာကြီးကိုအုပ်စိုးသောဂိမ်းတစ်ခုရဲ့စည်းမျဉ်းများ သည် လုံးဝကိုပြောင်းလဲသွားပြီး ထိုပြောင်းလဲမှုများသည် ပိုမိုဆိုးရွားလာသည်အထိ ဆက်လက်ပြောင်းလဲနေဆဲဖြစ် သည်၊

တိကျသေချာသောရှုထောင့်မှကြည့်လျှင်, အသန်မာဆုံးသားရဲလေ့ကျင့်သူများသည် ကမ္ဘာသစ်၏အုပ်ချုပ်သူများအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲလာကြသည်၊

စာစဉ် ၁၀

“ဥက္ကဌကျီ, ဟန်ရွှမ်မင်းကိုဖယ်ရှားချင်လား?”

“ဟင့်အင်း” ကျီဟန့်ဝူကခေါင်းခါလိုက်သည်၊ “ဟန်ရွှမ်မင်းကို ဖန်လေးကိုယ်တိုင် ကိုင်တွယ်ဖို့အတွက်လွှတ်ထားလိုက်၊ ဒီကိစ္စကတွေကသူ့ကြောင့်ဖြစ်လာတာ, ဒါကြောင့်သူတစ်ယောက်တည်းပဲ အဆုံးသတ်လိမ့်မယ်၊ ဒါကသူ့ကိုအောင်မြင်မှု ခံစားရစေလိမ့်မယ်၊”

“ဟုတ်ကဲ့” ကျန့်ရှင်းရှင်းကခေါင်းညိတ်လိုက်သည်၊

“ဘယ်လိုဘဲဖြစ်ဖြစ်, ဒီကိစ္စမှာ ငါသဘောတူတာတစ်ခုတော့ရှိတယ်၊ ဖန်လေး အတွက်ဒီပြိုင်ပွဲကသူ့အချိန်တွေကိုဖြုန်းနေတာဘဲ,” ကျီဟန့်ဝူက ညင်သာစွာဖြင့် ပြောလိုက်သည်၊

“အာ?” ကျန့်ရှင်းရှင်းကရှုပ်ထွေးသွားပုံရသည်၊

“ဒီအတွက် သူ့ကိုစကားပြောဖို့ အခွင့်အရေးရှာမှဖြစ်မယ်” ကျီဟန့်ဝူကပြောကာ , ပြတင်းပေါက်အပြင်ဘက်ကိုကြည့်လိုက်သည်၊

သူတို့နောက်ဆုံးတွေ့ခဲ့တာ လေးနှစ်လောက်ရှိသွားပြီ။

အချိန်ခဏလေးအတွင်းမှာပင် ကော်ဖီဆိုင်အတွင်းတိတ်ဆိတ်သွားပြန်သည်၊

…

ဟော်တယ်ကိုပြန်လာပြီးနောက်, ကောင်းဖန်က ဒမ်ဘီကိုဟော်တယ်နောက်လမ်းမှ ပြန်ရန်ထားခဲ့ပြီး အထဲသို့ဝင်လာခဲ့သည်၊

ကောင်းဖန် ဟော်တယ်ထဲသို့ဝင်လာတော့ ခြေလှမ်းများနှေးသွားတော့သည်၊ ဘေးပတ်လည်တွင်

စာစဉ် ၁၀

၇၀, ၈၀လောက်ရှိတဲ့လူတွေကညှော့်ကြိုကောင်တာတွင် အတူတကွရှိနေကြသည်၊ သူကဒါဟာ အဖွဲ့လိုက် (သို့မဟုတ်) ကုမ္ပဏီရဲ့ညစာစားပွဲ ဒါမှမဟုတ် စုဝေးပွဲတစ်ခုဟုယူဆလိုက်ပြီး ထိုအရာကိုလျစ်လျူရှုလိုက်ကာ ဓာတ်လှေကားဆီသို့ဆက်သွားတော့သည်၊

သူ့အခန်းကိုပြန်သွားပြီးနောက်, ကောင်းဖန်သည်ခေါင်းကိုခေါင်းအုံးပေါ်တွင် တင်လိုက်ပြီးနောက် တဖြည်းဖြည်းအိပ်ပျော်သွားတော့သည်၊

နောက်တစ်နေ့ကောင်းဖန် အိပ်ပျော်နေစဉ်တွင်တံခါးမှ ရုတ်တရက်တံခါးခေါက်သံ ထွက်လာသည်၊

ဒေါက် ဒေါက် ဒေါက်

စာစဉ် ၁၀

ငှင်းသည်စည်းချက်ကျကျဖြစ်နေသည်၊

ဒါပေမယ့်, ကောင်းဖန်ကအိပ်ပျော်နေပုံရသည်, ပြီးနောက်တံခါးခေါက်သံက သူ့ကို မနိုးနိုင်ပေ၊ နောက်ဆုံး, အဆက်မပြတ်ထွက်လာတဲ့အသံက သူ့အိမ်မက်တွေထဲမှ နိုးဆွလိုက်သည်၊

သူက ကုတင်ပေါ်တွင် ပက်လက်လှန်ပြီးထဖို့ကြိုးစားပေမယ့် နူးညံ့ပြီးသက်သောင့် သက်သာရှိတဲ့စောင်တွေဖြင့် ပြန်ဆွဲထုတ်လိုက်သည်၊ ကောင်းဖန်ကညင်ညင်သာသာဖြင့် “ငါအိပ်နေတာ ,သန့်ရှင်းရေးလုပ်စရာမလိုဘူး”

“လူငယ်လေးတစ်ယောက်က ဒီလိုကြီးတောက်လျှောက်အိပ်နေတာတော့ မကောင်းပါဘူး”

စာစဉ် ၁၀

တံခါးအပြင်ဘက်မှနက်ရှိုင်းသောအသံတစ်ခုထွက်ပေါ်လာသည်၊

ကောင်းဖန်၏မျက်လုံးများချက်ချင်းပွင့်လာပြီးသူ့နှလုံးခုန်မြန်လာသည်၊

သူသည်အိပ်ရာမှခုန်ထွက်ပြီးခေါင်းကိုလှည့်ကာမယုံကြည်ဘဲ တံခါး၏ဦးတည်ရာဘက်သို့ကြည့်ငေးကြည့်နေသည်၊ သူကြားလိုက်ရတဲ့အသံကထင်ယောင်ထင်မှားဖြစ်မှာကို သူစိုးရိမ်မိသည်၊

ဒေါက် ဒေါက် ဒေါက်

ကောင်းဖန်သည်သူ၏ညှပ်ဖိနပ်ကိုထိုးစီးဖို့ပင်ဂရုမစိုက်အားဘဲ ချောင်းကြည့်ပေါက်မှကြည့်လိုက်သည်၊

စာစဉ် ၁၀

သန်မာသောလူအိုကြီးက အဖြူရောင်ဟန်ရိုးရာအင်္ကျီအပွကိုဝတ်ဆင်ထားပြီး တံခါးအပြင်ဘက်တွင်ရပ်နေကာ, သူ၏သပ်ရပ်ဖြူဖွေးနေသောဆံပင်များက နောက်သို့လှန်တင်ထားသည်၊ သူသည်ချောင်းကြည့်သည့်အပေါက်ကလေးမှ ကြည့်လိုက်ကာ, ကောင်းဖန်၏မျက်လုံးများကိုသတိပြုမိသကဲ့သို့ ကောင်းဖန်နှင့် မျက်လုံးချင်းဆုံကာပြုံးပြလိုက်သည်၊

အဘိုးကြီး၏မျက်နှာကိုအတည်ပြုပြီးတဲ့နောက်, ကောင်းဖန်၏နှုတ်ခမ်းများသည် ကွေးညွတ်သွားပြီး ချက်ချင်းပြုံးမိသွားသည်၊ သူကချက်ချင်းပင်တံခါးဖွင့်လိုက်ပြီး 'အဘိုး' ဟုအော်ခေါ်လိုက်သည်၊

စာစဉ် ၁၀

ကောင်းဖန်သည်အပြင်သို့အမြန်ပြေးထွက်ပြီး ကျီဟန့်ဝူကိုပွေ့ဖက်လိုက်သည်၊

ကျီဟန့်ဝူကရယ်မောကာ ကောင်းဖန်၏ကျောကိုပုတ်ပေးသည်၊ သူကအောက်ကို ငုံ့ကြည့်တော့ ဖိနပ်ကိုပင်ဝတ်ဖို့တောင် စိတ်မဝင်စားမိသည်ကို တွေ့လိုက်ရသည်၊ သူက ကလေးကိုသြဝါဒမပေးဘဲမနေနိုင်ကာ, “မင်းဒီနှစ်တွေအတွင်းမှာလည်း ခြေဗလာနဲ့ နေနေတာလား? နောက်တစ်ခါ အပြင်ထွက်မယ်ဆိုရင် ဖိနပ်ပါးစီးနော်”

ကောင်းဖန်က ဘာမှမဖြေပေ၊ သူကငြိမ်နေပြီး သူ့မျက်လုံးများကိုတင်းကျပ်စွာ ပိတ်ထားကာ သူ့နှာခေါင်းမှစူးလာပြီး ခံစားချက်များလွှမ်းမိုးလာသည်၊

စာစဉ် ၁၀

ကပ်ဆိုးကြီးအပြီးမှာ,
မိဘနှစ်ယောက်လုံးကိုဆုံးရှုံးခဲ့ရတဲ့
ကလေးကဘယ်လိုရှင်သန်ခဲ့ရလဲဆိုတာမသိခဲ့ဘူး၊
ဦးလေးလျိုက ကပ်ဆိုးကြီးပြီးတဲ့နောက်
တစ်နှစ်အကြာမှာ သူ့ဘေး၌ရှိနေခဲ့ပြီး
ကောင်းဖန်သည်မည်သူနှင့်မျှသူငယ်ချင်းမလုပ်ခဲ့ပေ၊
သူအရမ်းအထီးကျန်နေတာကြာပြီဖြစ်သည်၊

"ဟုတ်ပြီ, ဟုတ်ပြီ, အဘိုးပြန်လာပြီလေ"
ကျီဟာန့်ဝူက
ကောင်းဖန်ကိုနူးညံ့သည့်အသံဖြင့်နှစ်သိမ့်လိုက်သည်၊
"အဘိုးကအနားမှာရှိနေသ၍
ဘယ်သူမှမင်းကိုအနိုင်ကျင့်လို့ မရစေရဘူး!"

လူတစ်ယောက်ကသွေးသားတော်စပ်သော
အသက်ကြီးသူတစ်ဦး၏ရှေ့တွင် မည်မျှပင်

စာစဉ် ၁၀

ရင့်ကျက်နေသကဲ့သို့ဖြစ်နေပါစေ,

ကလေးတစ်ယောက်ဘဲဖြစ်နေခဲ့သည်၊

လူအနည်းငယ်သည်

ကော်ရစ်ဒါတစ်လျှောက်တွင်ရပ်နေပြီး

သူတို့၏အကြည့်များက

ထိုမြင်ကွင်းဆီမှရှောင်လွှဲလိုက်သည်၊

ဒီလောက်နူးညံ့သိမ့်မွေ့တဲ့ဥက္ကဌကိုမြင်ဖူးတာ

ပထမဆုံးအကြိမ်ဘဲ၊

သူတို့ကဒီလိုမြင်ကွင်းရဲ့အကျိုးဆက်တွေကိုသေချာမသိ ြ

ြတာကြောင့်

သူတို့အားလုံးဒီမြင်ကွင်းကိုမကြည့်တာအကောင်းဆုံးဘဲ၊

ကောင်းဖန်နှင့်ကျီဟန့်ဝူသည်

အခန်းထဲသို့ဝင်လိုက်ပြီးတံခါးကိုပိတ်လိုက်သည်၊

စာစဉ် ၁၀

ကျိုဟန့်ဝူသည် ပြတင်းပေါက်နားကစားရေးခုံဘေးရှိကုလားထိုင်တွင်ထိုင်လိုက်ပြီး, ကောင်းဖန်ကိုရွှင်မြူးစွာနှင့်ပြောလိုက်သည်၊ “အဘိုးကပြိုင်ပွဲမှာမင်းရဲ့စွမ်းရည်တွေကိုမြင်လိုက်ရတယ်၊ မင်းအရမ်းတော်တာဘဲ! ငါ့မြေးကရဲရင့်ပြီးထက်မြက်တယ်”

ကောင်းဖန်သည် သူ့ကိုယ်သူအခြားသူများထက်ပိုသိသည်၊ ပုံမှန်အားဖြင့်သူသည် ပြောင်ပြောင်တင်းတင်းနှင့်ဝန်ခံပြီးနောက် ထိုချီးမွမ်းမှုကိုငြင်းလိမ့်မည်၊ ဒါပေမယ့် သူ့အဘိုး၏ချီးမွမ်းသံကိုကြားရတော့ သူ့ကိုအတော်လေးရှက်သွားစေသည်၊

စာစဉ် ၁၀

ကျီဟာန့်ဝူကပြုံးကာပြောလိုက်သည်၊ “မင်းကိုယ်မင်းကာကွယ်စောင့်ရှောက်တာ အကောင်းဆုံးအောင်မြင်မှုဘဲ, ရှက်စရာမလိုဘူး, မင်းကအဘိုးနဲ့တူတယ်လေ၊ အဘိုး တောင်ပိုင်းကောင်းကင်အဖွဲ့ကိုတည်ထောင်တုန်းက ပထမဆုံးကိစ္စတော်တော်များများ မှာ ခြေတစ်လှမ်းနောက်ဆုတ်ခဲ့ရတယ်၊

“မြေးအမြဲသတိရနေရမယ်၊ မင်းရဲ့လက်သီးကိုပြန်ဆုတ်လိုက်တဲ့အကြောင်းအရင်းက နောက်ပိုင်းမှာ မင်းကပိုပြင်းတဲ့လက်သီးချက်တွေကိုထုတ်ပစ်နိုင်တယ်”

***

## *အပိုင်း၁၅၀ စကားဝိုင်း*

“လက်သီးကိုနောက်ပြန်ဆုတ်တာက နောက်ထပ်ထိုးတဲ့အခါပိုပြီးအင်အားကောင်းစေတယ်…” ကောင်းဖန်ကသူ့ကိုယ်သူတီးတိုးဆိုလိုက်ပြီး သူ့မျက်လုံးတွေကပိုပြီး တောက်ပလာသည်။

ကျီဟာန့်ဝူကကျေနပ်စွာဖြင့်ခေါင်းညိတ်လိုက်သည်၊ သူ့မြေးကစိတ်ထဲတွင်အတော်လေး နေမသိထိုင်မသာဖြစ်နေပုံပေါ်သည်၊

“အဘိုး ကျွန်းပေါ်ကနေပြန်လာတော့ မြေးကိုလိုက်ရှာမလို့, ဒါပေမယ့်တချို့တချို့သောအရာတွေက ဖြစ်လာတယ်လေ၊ အဘိုးက မင်းအတွက်အန္တရာယ်တွေယူလာမိမှာကို ကြောက်ခဲ့တာ,

ဒါကြောင့်အဘိုး လာပြီးမတွေ့ခဲ့တာ။” ကျီဟန့်ဝူက လေးနက်စွာနှင့် ကောင်းဖန်ကိုပြောသည်၊

“ကျွန်တော်နားလည်ပါတယ်၊ ဦးလေးလျိုက အဘိုးကအလုပ်များနေလို့လာမတွေ့နိုင်တာလို့ပြောတယ်။” ကောင်းဖန်ကခေါင်းညိတ်ကာပြောသည်၊

“ကပ်ဆိုးကြီးအစပိုင်းတုန်းက, အဘိုးကကျွန်းပေါ်မှာပိတ်မိနေခဲ့ပြီး တစ်နှစ်အကြာမှ အဘိုးပြန်လာနိုင်ခဲ့တယ်၊ အဲ့အချိန်မှာ တောင်ပိုင်းကောင်းကင်အဖွဲ့ကသိသိသာသာ ပြောင်းလဲနေပြီးတော့, အဘိုးပြန်လာတာကသူတို့ထဲကအချို့ကိုထိတ်လန့်စေခဲ့တယ် လေ၊ တချို့က အဘိုးကိုအရိုးထိအောင်တောင်မုန်းကြတယ်၊ သူတို့က ငါ့ကိုသေစေချင်ပေမယ့် ငါ့ကိုသတ်လို့မရဘူး၊ ဒါပေမယ့်

စာစဉ် ၁၀

မင်းကကျတော့မတူဘူး၊ အဲ့တုန်းက မင်းက သွေးစာချုပ်မချုပ်နိုင်သေးတဲ့သာမန်လူတစ်ယောက်ဘဲ၊ အဘိုးမင်းကို ကာကွယ်မပေး နိုင်မှာကြောက်တယ်” ကျီဟာန့်ဝူကသက်ပြင်းချကာပြောလိုက်သည်၊

“မင်းလုံခြုံသွား ပေမယ့် အဘိုးကအခွင့်အရေးမရခဲ့ဘူးလေ”

“နောက်တော့, မြေးကအဘိုးရဲ့တစ်ဦးတည်းသော မိသားစုဝင်ဘဲ”

“ပြီးတော့, အဖွဲ့နဲ့ ကိစ္စက...”

ကောင်းဖန်ကအနည်းငယ်တုန့်ဆိုင်းနေသည်၊

“အကယ်၍ အဲ့မှာကျွန်တော်ကူညီနိုင်တာတစ်ခုရှိရင်... ကျွန်တော်သားရဲတွေကို လေ့ကျင့်တာမှာအတော်လေးအတွေ့အကြုံရှိနေပါပြီ”

စာစဉ် ၁၀

ကျီဟန့်ဝူကပြုံးလိုက်ကာ, သူ့လက်ကိုယမ်းလိုက်သည်၊ “အဖွဲ့ထဲကကိစ္စက အကုန်လုံးနီးပါးပြီးလုလုဖြစ်နေပြီ, အသေးအဖွဲကိစ္စလေးတွေကတော့လှုပ်ရှားနေတုန်း, ပြီးတော့ သူတို့ကအဖွဲ့ထဲမှာဘာမှထိခိုက်အောင်လုပ်လို့မရဘူး”

ကျီဟန့်ဝူက သူပြောခဲ့တာတွေက အရေးမပါသလိုအေးအေးဆေးဆေးစကားပြောနေသည်၊

“ မြေးကိုတွေ့ဖို့ ငါဒီကိုလာတာ” ကျီဟန့်ဝူက ကောင်းဖန်ကိုကြည့်၍အာရုံစိုက်ကာ ပြောလိုက်သည်၊ သူမြင်ခဲ့တဲ့ဗီဒီယိုထဲကပုံနှင့်ကွဲပြားနေသည်၊ သူကပိုပြီးလက်တွေ့ ဆန်ကာ နွေးထွေးသည်၊

ခဏကြာတော့, ကျီဟန့်ဝူကပြောလိုက်သည်၊ “မင်းကပိုပြီးအရပ်ရှည်လာတာဘဲ”

စာစဉ် ၁၀

သူကပြောရင်းဖြင့် သူ၏ညာလက်ကိုမြှောက်ကာယှဉ်ကြည့်လိုက်သည်၊ “ငါမှတ်မိတာ မင်းကဒီလောက်ဘဲရှည်တာပါ၊ အခုမင်းကအဘိုးနားရွက်နားရောက်လုနီးပါးဘဲ”

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်၊ သူ့အဘိုးကအတော်လေးအရပ်ရှည်သည်၊ သူက အနည်းဆုံး၁၉၀စင်တီမီတာရှည်ပြီး, အထူးသဖြင့် အဘိုးတို့ခေတ်တွင် အတော်လေး ရှည်တဲ့အရပ်ဖြစ်သည်၊

“ခုနတုန်းက, တစ်စုံတစ်ယောက်ကမင်းကို စာမေးပွဲစစ်ဆေးမှုကနေဖယ်ရှားဖို့ လုပ်ခဲ့တယ်၊” ကျီဟန့်ဝူကပြောလိုက်သည်၊

ကောင်းဖန်ကအံ့ဩမနေပါ၊ တစ်စုံတစ်ယောက်က သူဟိုတယ်ကိုပြန်ရောက်ချိန် ထိုသူကိုရှာဖွေပြီး

စကားပြောပြီးဖြစ်သည်၊ ပြီးတော့ ဒါကပျော်စရာကောင်းတဲ့ စကားပြောခြင်းတော့မဟုတ်ခဲ့ဘူး၊ “မင်းသူ့ကိုငြင်းခဲ့တာငါသိတယ်၊ ဒါပေမယ့် သူ့မှာမင်းကိုပြိုင်ပွဲစစ်ဆေးမှုကနေဖယ်ရှားဖို့ နည်းလမ်းတစ်ခုထက်မကရှိတယ်၊ မင်းကိုတိုက်ရိုက်မေးရတဲ့အကြောင်းကတော့ တိုက်ပွဲမစခင် မင်းကိုယဉ်ကျေးသမှုနဲ့လာပြောတာဘဲ”

“ဘယ်လိုတိုက်ပွဲမျိုးလဲ?”

“ပထမဆုံး, သူကမင်းရဲ့နာမည်ကိုဖျက်စီးလိမ့်မယ်၊ မင်းထမင်းသွားမစားခင် မင်းကိုလာဖိတ်တဲ့မိန်းကလေးက သူ့အတွက်အလုပ်လုပ်ပေးနေတာ၊ ပြီးတော့ မင်းနဲ့ အဲ့မိန်းကလေးထမင်းစားပြီးသွားရင်,

သူကမင်းကိုဖျားယောင်းလိမ့်မယ်, ပြီးရင် သူက မင်းသူ့ကိုအနိုင်ကျင့်တယ်ဆိုပြီး စွပ်စွဲလိမ့်မယ်”

“ဒါဆိုသူတို့ကကောလဟာလတွေဖြန့်မယ်, မင်းကနောက်ခံမရှိတဲ့ကခေးတစ်ယောက်, မင်းကဒီလိုကောလဟာလကို ဘယ်လိုမှကာကွယ်နိုင်မှာမဟုတ်ဘူး၊ နောက်ဆုံး လူတွေက သူတို့ယုံကြည်သွားတဲ့အချိန်မှာ အဲ့ဒီကောလဟာလတွေက အမှန်တကယ် ဖြစ်လာလိမ့်မယ်၊ အဲ့လိုဖြစ်သွားပြီးရင်, အဲ့လိုအမှားတွေက မင်းရဲ့ဘဝတစ်လျှောက် လုံးမှာရှိနေတော့မှာ”

ကောင်းဖန်ကတိတ်ဆိတ်နေခဲ့သည်၊ သူ၏နာမည်ဂုဏ်သတင်းကျဆင်းသွားသည်နှင့်

တစ်ပြိုင်နက်

သူ့ကိုကိုင်တွယ်ဖို့အတွက်နည်းလမ်းများစွာရှိလိမ့်မည်၊

သူ့အဘိုးကသူ့ကိုပြောမပြရင်တောင် သူသိသည်၊

"ဒါဆိုမင်းသူနဲ့ဘယ်လိုလုပ်မလဲ?"

ကျီဟန့်ဝူကမေးကာ ပြုံးလိုက်သည်၊

"သူ့နာမည်ကဘယ်သူလဲ?"

"ကျင်းလင်မြို့အခြေစိုက် မြို့တော်ဝန်ဟန်ရှမ်မင်း"

ကောင်းဖန်ကသူ့သွားတွေ ကျိန်းလာတော့သည်၊ ဒီလိုကြီးမားတဲ့အကောင်ကြီးကို လက်စားချေဖို့ ဘယ်ဥပဒေကပြဋ္ဌာန်းထားသနည်း?

"မင်းလက်စားချေနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ အကယ်၍ မင်းအကူအညီတချို့လိုရင်,

အဘိုးတတ်နိုင်သလောက်ကူညီမယ်၊ လှုံ့ဆော်မှုရှိတာက မင်းအတွက်ကောင်းပါတယ်”

“ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အဘိုး”

ကောင်းဖန်သည် သူ့ကိုယ်သူသဘောထားကြီးသူတစ်ယောက်လို့ထင်ခဲ့သည်၊ တစ်စုံတစ်ယောက်ကသူ့ကိုကြံစည်ပြီးနောက်, သူကဘာမှမဖြစ်ဘူးပေမယ့် ဘယ်လိုသဘောထားပေးရမည်နည်း?

ဟန်ရွှမ်မင်း၊ ကောင်းဖန် ထိုနာမည်ကိုမှတ်ထားလိုက်သည်၊

“ပြီးတော့, မင်းလည်း ဒီမဟာမိတ်လူငယ်သားရဲလေ့ကျင့်သူအထွေထွေညီလာခံကို စွန့်လွှတ်ဖို့ဆန္ဒရှိမယ်လို့မျှော်လင့်တယ်၊” ကျီဟန့်ဝူက ကောင်းဖန်အားပြောလိုက် သည်၊

စာစဉ် ၁၀

"အဲ့ဒီလူနဲ့မဆိုင်ဘူး,

ဒါကအဘိုးရဲ့ကိုယ်ပိုင်ထင်မြင်ယူဆချက်ပါ"

ကောင်းဖန်အနည်းငယ်အံ့သြသွားသည်၊

"ကပ်ဆိုးကြီးဖြစ်ပြီး သုံးနှစ်လောက်ဘဲရှိသေးတာ၊

ဒါကြောင့်တစ်ယောက်နဲ့

တစ်ယောက်ကွာခြားချက်ကမကြီးမားဘူး, ပြီးတော့

အသက်အရွယ်က ဘယ်သူ့ကိုမှအကျိုးမပေးဘူး၊

လူတစ်ယောက်ကအသက်၃၀,၄၀,၅၀လောက်မှာ

လူတိုင်းကတူညီတဲ့

အစပြုလမ်းကြောင်းပေါ်မှာရပ်တည်နေတယ်၊

ဘာကြောင့် မင်းက အသန်မာဆုံး

လူငယ်သားရဲလေ့ကျင့်သူဆိုတဲ့

ခေါင်းစဉ်ကိုရှာနေဦးမှာလဲ? ဒါက

'ငယ်ရွယ်မှု'ဆိုတဲ့စကားလုံးကိုဖယ်ရှားတာပိုကောင်းတယ်မလား"

ကောင်းဖန်ကအံ့အားသင့်နေတော့သည်၊

"အသန်မာဆုံး…သားရဲလေ့ကျင့်သူ?"

"ဟုတ်တယ်, အသန်မာဆုံးသားရဲလေ့ကျင့်သူ"

ကျီဟာန့်ဝူကပြောကာ လက်ခံမှုဖြင့်

ခေါင်းညိတ်လိုက်သည်၊

"လူတစ်ယောက်ကပိုပြီးရည်မှန်းချက်ပြင်းပြတဲ့ဆန္ဒရှိသင့်တယ်!"

ကောင်းဖန်ကထိုစကားလုံးတွေကိုနားထောင်နေရင်းနှင့်ပင် သူ့၏နှလုံးထဲ၌ ခြားနားသော

စိတ်ခံစားချက်တွေကွဲပြားနေတာကို ခံစားမိသွားသည်၊

ရုတ်တရက်, သူ၏ဦးနှောက်ထဲ၌,

တံခါးချပ်ကပွင့်သွားခဲ့သည်၊

စာစဉ် ၁၀

'ရည်မှန်းချက်ပြင်းပြတဲ့ဆန္ဒ'ဟူသောစကားသည် မကြာခဏရှက်ရွံ့ဖို့ကောင်းသော စကားပေမယ့် ထိုထဲတွင်လျှို့ဝှက်ချက်တစ်ခုပါဝင်နေသည်၊

ကျီဟာန့်ဝူကမတ်တပ်ရပ်လိုက်ပြီး ကောင်းဖန်၏ဘေးဘက်သို့ လျှောက်သွားလိုက်ကာ ကောင်းဖန်၏ပုခုံးကိုပုတ်လိုက်ပြီး, သူ့ကိုထဖို့အချက်ပြလိုက်ပြီး ပြတင်းပေါက်ဘက်ကို ကြည့်လိုက်သည်၊ "ဒါကမတူညီတဲ့ခေတ်- ရည်မှန်းချက်တွေအတွက်ခေတ်ဘဲ၊ လက်ရှိအခြေအနေကို မဟာမိတ်အဖွဲ့ကထိန်းချုပ်ထားပေမယ့် ဒါကယာယီဘဲ၊ တစ်နေ့မှာ ပဋိပက္ခတွေဖြစ်လာလိမ့်မယ်၊ တစ်နေ့မှာ လူတစ်ယောက်ကတောင်တွေ ဖျက်စီး, မြစ်တွေနဲ့ပင်လယ်ကိုနှိုးဆော်ပြီး မိသားစုကိုဦးစီး,

ပြီးတော့ သူက
သာမန်လူတစ်ယောက်ဖြစ်လာလိမ့်မယ်မလား?
သူ့ရဲ့လက်ရှိရာထူးနဲ့တင်ကျေနပ်နိုင် မယ်ထင်လား၊
လူသားတစ်ယောက်ရဲ့လောဘက
သူ့ရဲ့စွမ်းရည်နဲ့အမြဲတမ်းအချိုးကျ တယ်”
ကျီဟန့်ဝူကပြုံးလိုက်သည်၊
“အမိန့်တွေကိုထိန်းချုပ်ဖို့အတွက်
လိုလိုလားလားရှိတဲ့သန်မာတဲ့လူတွေ
ရှိကောင်းရှိလိမ့်မယ်၊
ဒါပေမယ့်ကမ္ဘာပေါ်မှာရှိတဲ့အရာအားလုံးမှာ
နှစ်မျိုးနှစ်ဖက်ရှိတယ်၊
အဲ့ဒီအမိန့်တွေကိုဖျက်စီးချင်တဲ့လူအုပ်စုတွေလည်းရှိတ
ယ်”

စာစဉ် ၁၀

ကောင်းဖန်သည်တိတ်ဆိတ်နေခဲ့သည်၊ သူသည်ထိုနေ့ကိုရောက်ရန်စိတ်မကူးဝံ့ပါ၊

"ဒါကြောင့်, မင်းကိုယ်မင်းသန်မာအောင်ကြိုးစားအားထုတ်ရမယ်၊ ဒီလိုမျိုး အဖွဲ့မှာပါတာက မင်းရဲ့အချိန်တွေကိုဖြုန်းနေတာဘဲ" ကျီဟန့်ဝူက အားပေးတိုက်တွန်းကာ ပြောလိုက်သည်၊

"အဘိုး! ဒါဆို...အဘိုးက အမိန့်တွေနဲ့ထိန်းချုပ်ချင်တာလား,ဒါမှမဟုတ်..."

"သေချာတာပေါ့! ဒါကမင်းကိုကာကွယ်ဖို့ဘဲ" ကျီဟန့်ဝူကမဆိုင်းမတွဘဲပြောလိုက် သည်၊

ကောင်းဖန်သည်သူ၏နှလုံးသားထဲတွင်နွေးထွေးမှုကိုခံစားလိုက်ရသည်၊

စာစဉ် ၁၀

“ဒါဆိုပြိုင်ပွဲကနေကျွန်တော်ထွက်မယ်” ကောင်းဖန်ကပြောလိုက်သည်၊

ကျီဟန့်ဝူကပျော်ရွှင်စွာခေါင်းညိတ်လိုက်သည်၊ “ကောင်းပြီ, အဘိုးမင်းကိုထောက်ခံတယ်”

သူကခဏရပ်လိုက်ပြီးနောက် ကျီဟန့်ဝူကတွေးကာပြောလိုက်သည်, “အဘိုးမင်းအတွက်လက်ဆောင်သေးသေးလေးပြင်ထားတယ်၊ သုံးလကြာပြီးလို့, ပြိုင်ပွဲစရင်, မင်းကအကဲဖြတ်တဲ့သူအနေနဲ့ပါဝင်ဖို့အတွက် အဘိုးမင်းကိုထောက်ခံပေး မယ်”

ကောင်းဖန်ကရုတ်တရက်ထိတ်လန့်သွားတော့သည်၊

“ဒါပေမယ့်, ဒါက မင်းဒီအတွက်အလုပ်လုပ်စရာမလိုဘူးလို့တော့မဆိုလိုဘူ

း၊

အဘိုးကမင်းကိုအဲ့နေရာရောက်အောင်ကူညီပေးနိုင်တယ်, ဒါပေမယ့် မင်းဒီနေရာကို ရောက်ဖို့ထိုက်တန်မှုရှိမရှိက ဒီသုံးလအတွင်းပိုအားကောင်းလာအောင် မင်းရဲ့ကြိုးစားမှုပေါ်မှာမူတည်တယ်၊ မင်းရဲ့စွမ်းရည်ကအရမ်းနည်းနေရင် ရှက်စရာကောင်းတယ်မဟုတ်လား" ကျီဟာန့်ဝူကကျယ်လောင်စွာရယ်ကာပြောလိုက် သည်၊

အမှန်အတိုင်းပြောရရင်, ကျီဟာန့်ဝူကသူ့မြေးကိုအားပေးဖို့အတွက် နည်းလမ်းတစ်ခုကိုသာတွေးမိသည်၊ ကောင်းဖန်သည် ယှဉ်ပြိုင်ကိုအရှုံးပေးရန်အတွက် သွေးဆောင်ခံလိုက်ရပေမယ့်

စာစဉ် ၁၀

သူ့နှလုံးသားအတွင်းမှာတော့
ဒါနဲ့ပတ်သတ်ပြီးမပျော်နေကြောင်း ညွှန်ပြနေသည်၊

ဒီလိုပြိုင်ပွဲမှာပါဝင်တာကတကယ်ကိုအဓိပ္ပါယ်မဲ့ပေမယ့် အကဲဖြတ်သူအနေနဲ့ပါဝင်ဖို့ကတော့
ပိုပြီးစိတ်ဝင်စားဖို့ကောင်းသည်၊
နောက်ဆုံးပါဝင်ယှဉ်ပြိုင်သူဟောင်းတစ်ဦးအနေနှင့်
နောက်ဆုံးစာမေးပွဲအပြီးမှာ
ဒီလိုမြန်မြန်ဆန်ဆန်ဆုံးဖြတ်ချက်ချတာကို
အံ့သြသွားလိမ့်မည်၊
ကျီဟန့်ဝူသည်စိတ်ကူးကိုရစေသောသူ၏လျင်မြန်သည့်
ဉာဏ်ပညာအတွက် အလွန့်အလွန်ကိုဂုဏ်ယူနေသည်၊

သို့သော်ကောင်းဖန်ကသူ့အဘိုးကိုကြည့်လိုက်တော့
သူ၏အမူအရာကပြောင်းသွား သည်၊
သူ့အဘိုးကသူ့ကိုအကဲဖြတ်သူရာထူးကိုရဖို့အတွက်

ဩဇာလွှမ်းမိုးနိုင်သည်ဆိုတဲ့အချက်က တော်တော်ကိုကြောက်ဖို့ကောင်းပါသည်။

***

စာစဉ် ၁၀

# *အပိုင်း၁၅၁ ချန်အန်းအပြန်*

စကားပြောပြီးသွားနောက်, ကျီဟန့်ဝူနှင့်ကောင်းဖန်သည် ဟိုတယ်အခန်းဆီမှ ဒုတိယထပ်စားသောက်ဆိုင်ရှိသည့်အထပ်သို့ စားသောက်ရန်ဆင်းလာကြသည်၊ သူတို့စားသောက်ဆိုင်ထဲသို့ဝင်လာတော့, အထဲတွင်တစ်ယောက်မှ မရှိပေ၊ ၎င်းက တကယ်ကိုပင်တိတ်ဆိတ်နေသည်၊

စားသောက်ပြီးနောက်, ကောင်းဖန်ကအဘိုးကိုသူ့သားရဲတွေနှင့်တွေ့ရန် ခေါ်သွား လိုက်သည်၊

တာ့ဇီကကျီဟန့်ဝူကိုတွေ့သည်နှင့်, သူ့အပေါ်တွင်အတော်လေးကို သံသယဖြစ်နေ သည်၊

၎င်းကလှောင်အိမ်၏ဘေးဘက်တွင်တစ်ကောင်တည်းလဲလျောင်းနေခဲ့ပြီး, ကျီဟန့်ဝူကိုသူ့ရဲ့မဲနက်နေသောမျက်လုံးများဖြင့် မလှုပ်မယှက်ကြည့်နေသည်၊ သူက သခင့်နောက်မှာရပ်နေတဲ့လူအိုကြီးက ဘယ်သူလဲဆိုတာသိချင်နေသည်၊

ကျီဟန့်ဝူကပြုံးလိုက်သည်၊ “ဒါကအရမ်းကိုချစ်ဖို့ကောင်းတဲ့အကောင်လေးဘဲ”

တာ့ဇီကထိုစကားကိုကြားလိုက်သည်နှင့်, ပျော်ရွှင်စွာပင်သူ၏ခေါင်းကိုမြှောက်လိုက် ကာ, ၎င်း၏ဦးမျှင်နှစ်ချောင်းကို ယမ်းပြလိုက်သည်၊ ကောင်းဖန်ကတာ့ဇီကို ထိုလူကြီးက သူ့အဘိုးဟုပြောလိုက်သောအခါ, ၎င်းကပိုပြီးပျော်ရွှင်စွာ, သူ့ခန္ဓာကိုယ်ကို လှည့်ပတ်နေသည်၊

စာစဉ် ၁၀

တစ်ဖက်မှာတော့,

ဆီလီကထိတ်ထိတ်ပျာပျာဖြင့်ပြေးသွားသည်၊

၎င်းကလျင်မြန်စွာပင် လှောင်အိမ်ထံသို့ပျံသွားလိုက်ပြီး,

သူ့၏နူးညံ့ပြီးအရိုးမရှိသောခန္ဓာကိုယ်သည်

သံတိုင်များမှလွယ်ကူစွာပင်

ဖျစ်ထုတ်ကာထွက်လာသည်၊ ၎င်းကစိတ်လှုပ်ရှားစွာနှင့်

ကျီဟန့်ဝူ၏အရှေ့တွင်ပျံနေပြီးနောက်,

အနည်းငယ်သောဘဝဲလက်များသည်

သူ၏ကိုယ်ပိုင်နေရာလပ်ထဲသို့ရောက်သွားပြီး

ထိုထဲတွင်လှန်လှောရှာဖွေကာ

အသီးဖျော်ရည်တစ်ခွက်ကိုညှစ်ထုတ်လိုက်ကာ

ကျီဟန့်ဝူကိုပေးလိုက်သည်၊

"သစ်သီးဖျော်ရည်, သစ်သီးဖျော်ရည်သောက်!"

စာစဉ် ၁၀

ဆီလီကကျီဟန့်ဝူ၏ဘေးပတ်လည်တွင်ပျံဝဲနေပြီး သူ့အားကျေနပ်စေရန်ကြိုးပမ်းနေပြီး တစ်ချိန်တည်းမှာပင်, ၎င်း၏သစ်သီးဖျော်ရည်ကိုလည်းအင်တင်တင်နှင့်ပေးနေသည်၊ ကျီဟန့်ဝူကဖျော်ရည်ကိုငြင်းလိုက်တော့, ဆီလီကသက်ပြင်းချလိုက်သည်၊

ပုချီ!

တောက်ပနေသောကောင်က ကောင်းဖန်၏ခေါင်းပေါ်တွင်ထိုင်လိုက်ပြီး ကျေနပ်စွာဖြင့် သူ၏ဘဝဲလက်များကိုဝှေ့ယမ်းလိုက်သည်၊ အင်း, ဒီသားရဲရဲ့ခံစားချက်ကတော့…

ကျီဟန့်ဝူကသူတို့ကို စကားတစ်ခွန်းမှမပြောဘဲပြုံး၍ကြည့်နေသည်၊

…

စာစဉ် ၁၀

“မင်းကောလိပ်ဝင်ခွင့်စာမေးပွဲပြီးသွားတော့, မင်းဘာတွေလုပ်ဖို့အတွက် စီစဉ်ထားလဲ?”

“ကျွန်တော်မှန်းထားတဲ့ကျောင်းတစ်ခုမှာစပြီးလျှောက်မယ်” တကယ်တော့,

ရလဒ်တော့ထွက်တဲ့အချိန်ကျမှစလျှောက်နိုင်ပေမယ့်, သူအချိန်ဆွဲထားတာဖြစ်သည်၊ သေချာတာပေါ့, သူပထမတစ်ကြိမ်နှင့်ဒုတိယအကြိမ်မှာ, ဒီလိုအမှတ်မျိုးရထား သောကြောင့်, သူကကမ္ဘာပေါ်မှာဘယ်လိုကျော်ကြားသောကျောင်းမျိုးကိုမဆို လျှောက်လို့ရသည်၊

“အိုး? ဘယ်ကျောင်းတုန်း?”

ကျီဟာန့်ဝူကပေါ့ပေါ့ပါးပါးမေးလိုက်သည်၊

“ယွိကျိုး တက္ကသိုလ်”

စာစဉ် ၁၀

“အိုး? မင်းကငယ်တုန်းကိုပိုပြီးဝေးဝေးသွားဖို့ အခွင့်အရေးယူရမှာမဟုတ်ဘူးလား?”

ကျီဟန့်ဝူကကောင်းဖန်၏ ဆုံးဖြတ်ချက်ကို မေးခွန်းထုတ်နေဟန်တူသော်လည်း သူ့မျက်နှာပေါ်ရှိအပြုံးက ၎င်းတို့ကိုအားလုံးယူဆောင်သွားတော့သည်၊ ထိုအချိန်မှာဘဲ, ကျီဟန့်ဝူကလည်းစိတ်ကောင်းဝင်နေသည်၊

“ဒါဆို နီယွန်တက္ကသိုလ်ကိုလျှောက်မယ်ဗျာ” ကောင်းဖန်ကရောင့်တက်ကာပြော လိုက်သည်၊

ကျီဟန့်ဝူကသူ့ခေါင်းကိုလှည့်လိုက်ပြီး ကောင်းဖန်ကိုကြည့်လိုက်သည်, “ အရှုးလိုလှည့်စားမနေပါနဲ့, ယွိကျိုးတက္ကသိုလ်မလား!”

“ဟုတ်ကဲ့”

စာစဉ် ၁၀

ကောင်းဖန်ကသဘောတကျဖြင့်ပြုံးလိုက်သည်၊ သူ့အဘိုးက သူ၏စိတ်ထဲတွင်တွေးထားသောစာလုံးများဖြင့်တွဲမြင်မရသောလူကြီးဖြစ်သည်၊

ဟိုတယ်ကနေထွက်လာပြီးနောက်,ကောင်းဖန်ကပြိုင်ပွဲမှထွက်ခွာကြောင်းပြောရန်အတွက်ဖုန်းကိုထုတ်လိုက်သည်၊ ထို့နောက်, သူကဘယ်သူ့ကိုဆက်သွယ်ရမည်ကိုမသိကြောင်းရုတ်တရက်သတိပြုမိသွားပြီးကို့ရို့ကားယားဖြစ်သွားတော့သည်၊

ကျီဟာန့်ဝူကရယ်လိုက်သည်၊ သူကဖုန်းကိုထုတ်လိုက်ပြီး ခေါ်ဆိုမှုတစ်ခုပြုလိုက်ပြီးနောက်ဖုန်းကိုပိတ်လိုက်သည်၊ “ကောင်းပြီ, ကိစ္စတွေကိုဖြေရှင်းပြီးပြီ”

စာစဉ် ၁၀

ကျီဟန့်ဝူသည်
သူ့မြေးဖြစ်သူတွင်အချို့သောသံသယများနှင့်
အချို့သောအားပေး
စကားများကိုမပြောပေးနိုင်တာကြောင့်အကူအညီမဲ့နေ
သည်၊ သူကကောင်းဖန် ပုခုံးကိုပုတ်ပေးလိုက်ပြီး
“အရမ်းကြီးလည်းစိတ်ပူမနေပါနဲ့၊
မှန်ကန်တဲ့ခြေလှမ်းတွေကို တစ်လှမ်းပြီးတစ်လှမ်း
လှမ်းလိုက်ပါ၊ မင်းကမင်းဘဝရဲ့ပိုင်ရှင်ဘဲ၊ အဖိုးကဝင်ပြီး
မစွက်ဖက်ပါဘူး....”

ကျီဟန့်ဝူကသူ့စကားတွေပြီးသွားတော့, သူ့အသံက
အနည်းငယ်မြှုပ်ဝင်သွားတော့ သည်၊
သူကသူ့သမီးအကြောင်းကိုစဉ်းစားလိုက်သည်၊ သူမက
သူမအပေါ်ကို
သူ့ကိုယ်ပိုင်စိတ်ကူးများဆီသို့အတင်းအကျပ်တွန်းပို့လို

က်မိတာကြောင့် သူမသည်
အိမ်ကနေအတိအကျထွက်ပြေးသွားခဲ့သည်၊

“ပြောကြည့်ပေးပါ, အဘိုး၊
ဘဝမှာ,လူတစ်ယောက်က
တခြားသူတွေဆီကနေသူ့ကိုဘယ်လိုထင်လဲဆိုတာကိုဂ
ရုစိုက်ဖို့လိုတယ်လို့ အဘိုးထင်လား?”
ကောင်းဖန်ကရုတ်တရက်မေး လိုက်သည်၊
ဒါကဘာအဖြေမှမရှိဘဲ
သူ့နှလုံးသားထဲမှာအချိန်ကြာမြင့်စွာသိမ်းထားခဲ့တဲ့
မေးခွန်းဖြစ်သည်၊

“တခြားသူတွေက မင်းကိုဘယ်လိုမြင်မယ်ဆိုတာကို
မင်းကဘာကြောင့်စိတ်အနှောက်
အယှက်ဖြစ်နေရာတာလဲ? မင်းကတခြားသူတွေအတွက်

မင်းရဲ့ဘဝကိုရှင်သန်နေ တာလား?”

ကျီဟန့်ဝူကပြန်မေးလိုက်သည်၊

ကောင်းဖန်ကစက္ကန့်ပိုင်းလောက်တိတ်ဆိတ်သွားသည်၊ ထို့နောက်သူကခေါင်းခါပြ လိုက်သည်၊

“မှန်တာပေါ့, အဘိုးကိုပြ ဥပမာယူစမ်းပါ၊

အကယ်၍ တခြားသူတွေရဲ့အမြင်ကို

အဘိုးဂရုစိုက်နေရင်

ဒီနေ့အဘိုးကဒီလိုဖြစ်မှာတောင်မဟုတ်ဘူး”

ကျီဟန့်ဝူက ကျယ်လောင်စွာရယ်လိုက်သည်၊

“မင်းသတိရနေရမယ်, ဒီဘဝမှာလေ,

မင်းအလုပ်ကိုကြိုးစားပြီး ရှေ့ဆက်နေသရွေ့,

မင်းကအခြားသူတွေရဲ့ဇာတ်လမ်းတွေ ထဲမှာတော့

ဗီလိန်အဖြစ်နဲ့အဆုံးသတ်ရမှာဘဲ”

“ဒါဆို, အဘိုးကရော?”

“အဘိုးလား?”

ကျီဟန့်ဝူကရပ်လိုက်ပြီးနောက်ဆက်ရယ်လိုက်သည်၊ “အဘိုးကအရင်ကတည်းကနာမည်ဆိုးနဲ့ကျော်ကြားပြီးသား”

...

ကုမ္ပဏီမှာပြန်ဖြေရှင်းဖို့ကိစ္စတွေရှိနေသေးတာကြောင့် ကျီဟန့်ဝူက ထိုညတွင်ပင် ထွက်သွားသည်၊

ကောင်းဖန်ကလည်းထိုညမှာပင်ထွက်သွားလိုက်သည်, ဒါပေမယ့်သူကကျီဟန့်ဝူနှင့် လေယာဉ်မတူပေ၊ သူ့အဘိုး၏စီစဉ်မှုအောက်မှာပင်, သူချန်အန်းသို့ပြန်လာခဲ့သည်၊

ပြီးတော့, သူယွိကျိုးကိုသွားဖို့ဆုံးဖြတ်ပြီးနောက်, ကောင်းဖန်သည် ချန်အန်းသို့ပြန်လာပြီးနောက် သူထွက်မသွားခင်သေချာပေါက်ပြဿနာများကို

ဖြေရှင်းဖို့လိုအပ်ပြီး, သူ၏အိမ်ဟောင်းနှင့် ဂဠုန်ပျံစတူဒီယိုနှင့် သူဝယ်ထားသောနေထိုင်ရန်အချိန်မရှိသလောက်ဖြစ်ခဲ့သည့် ဗီလာသေးလေးအတွက် ချန်အန်းသို့ပြန်ရန်လိုအပ်သေးသည်၊

ကောင်းဖန်သည်လေယာဉ်ပေါ်တွင်တစ်ဦးတည်းေ ေခရီးသည်ဖြစ်သော်လည်း သူသည်လေယာဉ်ဝန်ထမ်းစုစုပေါင်း၁၂ယောက်နှင့်အတူ လေယာဉ်မှူးနှင့်လက်ထောက် လေယာဉ်မှူးတို့ပါဝင်သည်၊

သူတို့ချန်အန်းသို့ရောက်သွားတော့, လေယာဉ်မှူးကကောင်းဖန်ကိုပြောသည်, "သခင်လေးကောင်းဖန်, လေဆိပ်ကိုလေယာဉ်ဆိုက်ပါပြီ၊ ကျေးဇူးပြုပြီး

စာစဉ် ၁၀

ဘယ်အချိန်ဖြစ်ဖြစ်တခြားပျံသန်းမှုနဲ့သွားစရာတွေရှိရင် ကျွန်တော်တို့ကိုပြောလို့ရပါတယ်၊ ပုံမှန်အားဖြင့်တစ်ရက်ကြိုမှာပေးပါ၊ ကျွန်တော်တို့လေယာဉ်က ပျံဖို့အတွက် အချိန်ဇယားစီစဉ်ပေးရမှာမလို့ပါ”

“ခင်ဗျားတို့အကုန်လုံး အလုပ်ပြန်သွားလုပ်စရာမလိုဘူးလား?” ကောင်းဖန်ကခဏ ရပ်နေပြီးနောက်မေးလိုက်သည်၊

“သခင်လေးနောက်နေတာဘဲဖြစ်ရမယ်၊ ဒါကသခင်လေးရဲ့ကိုယ်ပိုင်လေယာဉ်ဘဲလေ၊ ကျွန်တော်တို့အလုပ်က အချိန်ပြည့်သခင်လေးအတွက်ဝန်ဆောင်မှုပေးဖို့ဘဲ”, လေယာဉ်မှူးကပြုံးကာပြောလိုက်သည်၊

စာစဉ် ၁၀

"...ကောင်းပြီ" ကောင်းဖန်ခေါင်းညိတ်လိုက်သည်၊ သူကဒါကိုသုံးဖို့အကောင်းဆုံး ကြိုးစားသွားမှာပါ၊

သူဗီလာသို့ပြန်ရောက်တော့, နေ့လည်လေးနာရီလောက်ရှိနေပြီးဖြစ်သည်၊ သူက ရေချိုးပြီးနောက် ဖလိမ်မီကိုပြန်ခေါ်ရန်ဦးလေးလျိုဆီသို့သွားလိုက်သည်၊

ဦးလေးလျို၏အိမ်ထဲဝင်သွားပြီးနောက်,ကောင်းဖန် ကဝတုတ်နေသောအဖြူရောင် ပင်ကွင်း တစ်ကောင်ကကြိုဆိုနေသည်၊

"ဦးလေးလျို?" ကောင်းဖန်ကအော်ခေါ်သော်လည်း ဦးလေးလျိုထံမှတုန့်ပြန်သံမကြား ရပေ၊

သူဘယ်ရောက်နေတာလဲ? ကောင်းဖန်အနည်းငယ်အံ့သြသွားသည်၊ ဦးလေးလျိုဘယ်တွေကိုသွားတတ်လဲ?

စာစဉ် ၁၀

တွိ,တွိ၊ ဝတုတ်နေသောပင်ကွင်းက ကောင်းဖန်ကိုပတ်လည်လှည့်ပတ်နေပြီး စိုးရိမ်လျက်ပတ်ပြေးနေသည်၊

"ဘယ်ကတည်းက ဦးလေးလျိုကသူ့အိမ်မှာပင်ကွင်းတစ်ကောင်ကို ပျိုးထောင်ပေးနေခဲ့တာလဲ?"

ကောင်းဖန်က ပင်ကွင်းကိုဂရုစိုက်ကြည့်နေပြီးမှ စေ့စေ့စောင်းကာကြည့်လိုက်မိသည်၊ ရုတ်တရက်ပင်ကွင်းရဲ့လမ်းလျှောက်တဲ့ပုံစံကထူးခြားနေတာကို သူသတိထားမိသည်၊ ခုန်နေသည်ဟုထင်ရသော်လည်း အမှန်တကယ်ခုန်ရန်အတွက် သူကဝလွန်းတာကြောင့် အဲ့ဒီအစား ထော့နင်းထော့နင်းသွားနေသည်၊

စာစဉ် ၁၀

ပင်ကွင်းက သူ့ရဲ့အမွေးဖြူများဖုံးနေသောအတောင်များကိုမြှင့်လိုက်ပြီး ရှေ့သို့ထွက်လာသောအခါ ၎င်းကရှေ့သို့ခြေနှစ်လှမ်းချလိုက်ပြီးနောက်, သူ့ဟန်ချက်ညီစေရန် အတွက် အတောင်ပံကိုတဖျတ်ဖျတ်ခတ်လိုက်ရသေးသည်၊

ဘာလို့ဒီပင်ကွင်းကောင်ရဲ့ပုံစံက အရမ်းကိုရင်းနှီးနေတာလဲ?

ကောင်းဖန်က နက်နက်ရှိုင်းရှိုင်းကိုတွေးလိုက်သည်၊

ဆီလီကကြောက်ရွံ့ခြင်းအရိပ်အယောင်တောင်မရှိဘဲ ပင်ကွင်းကိုလှည့်ပတ်နေသည်၊

တွီ,တွီ!!!ပင်ကွင်းကတတ်နိုင်သလောက် အသံကျယ်ကျယ်အော်လိုက်သည်၊

စာစဉ် ၁၀

ဝိတ်အရမ်းတက်နေတာကြောင့် ၎င်း၏အသံသည်ပိုပြီးစူးရှနေကာ, ၎င်းကဆီတစ်လွှာရှိတာကြောင့်ချော်ထွက်နေသလိုဖြစ်နေသည်၊

ကောင်းဖန်ကရုတ်တရက်ဖြစ်နိုင်လောက်တဲ့ကြောက်စရာကောင်းသောအတွေးတစ်ခုကိုတွေးလိုက်မိသည်၊ သူ့မျက်လုံးတွေကတွန့်သွားတော့သည်၊

“ ဖ..ဖလိမ်မီ?”

သူသခင်နောက်ဆုံးသူ့ကိုမှတ်မိသွားတာကိုတွေ့တော့, ဖလိမ်မီကစိတ်လှုပ်ရှားစွာဖြင့်သူ့အတောင်ပံတွေကိုတဖျတ်ဖျတ်ခတ်လိုက်ပြီးပျော်ရွှင်စွာနှင့်ဘေးပတ်လည်တွင် ခုန်နေတော့သည်၊

ကောင်းဖန်ကသွေးများအန်ထွက်လုမတတ်ပင်။

စာစဉ် ၁၀

ပိန်သွယ်နေသောကြိုးကြာမှ ပင်ကွင်းအဖြစ်သို့? ဦးလေးလျှိုဘာတွေကျွေးထားတာလဲ?

သူ့သခင်ကသူ့ကိုနွေးထွေးတဲ့ပွေ့ဖက်မှုမပေးသော ြေ ပြောင့် ဖလိမ်မီကတတွတ်တွတ် အော်နေတော့သည်၊

မင်းကငါ့ကိုထပ်မကြိုက်တော့ဘူးလား!

ဖလိမ်မီက ဆက်ပြီးကျယ်လောင်စွာကန့်ကွက်ကာ တတွတ်တွတ်အော်နေပြီး, သူ့အတောင်တွေကို တဖျတ်ဖျတ်ပျံနေကာညှော့ခန်းထဲတွင် အပြင်းအထန်ပြေးလွှားနေ သည်၊ ၎င်း၏ချွန်ထွက်နေသောနှုတ်သီးဖြင့်ဆိုဖာကို အပေါက်တစ်ခုဖောက်ကာ အဖြူရောင်ချည်ထည်ကိုဆွဲထုတ်လိုက်သည်၊ ၎င်း၏ခန္ဓာကိုယ်ကိုလှည့်လိုက်ပြီး ရှေးဟောင်းသစ်ကုလားထိုင်ကိုရိုက်ခွဲလိုက်သည်၊

စာစဉ် ၁၀

ထို့နောက်ဖလိမ်မီကရပ်သွားသည်၊ ၎င်းသည်သူ၏သခင်ကိုတစ်ချက်ကြည့်လိုက်တော့ ထိုသူက သူ့ကိုနှစ်သိမ့်ရန်မကြိုးစားသေးကြောင်း တွေ့လိုက်ရသည်၊ ဒေါသတကြီးဖြင့် ဖလိမ်မီသည်အိမ်ထဲတွင်ထပ်၍သောင်းကျန်းနေသည်၊

ဖတ်!

အနက်ရောင်အရိပ်တစ်ခုက လျင်မြန်စွာနှင့်ဖြတ်သွားတော့သည်၊ ဖလိမ်မီကမြေပြင်ပေါ်သို့ဖတ်ခနဲပြုတ်မကျခင်လေထဲတွင် အပြည့်အဝ၁၈၈၁ဒီဂရီ လှည့်လိုက်သည်၊

ဘာကြောင့်လဲဆိုတော့, ၎င်းကအရမ်းဝလွန်းတာကြောင့်ပင်, ဖလိမ်မီ၏ဗိုက်သားဖြင့် မြေပြင်ပေါ်သို့ကျကာခုန်တက်သွားသည်၊

စာစဉ် ၁၀

ငင်းသည်သူ၏အတောင်ပံများကို အကူအညီမဲ့စွာရိုက်ခတ်ခဲ့သော်လည်း ကြမ်းပြင်ပေါ်တွင်လှိမ့်ရုံသာလှိမ့်နိုင်ခဲ့သည်၊

ကျားသစ်ကဲ့သို့ကြီးမားသောအနက်ရောင်ကြောင်တစ်ကောင်သည် ဧည့်ခန်းတွင် တိတ်ဆိတ်စွာဖြင့်ထိုင်နေသည်၊ ငင်းက သူ၏ခြေဖဝါးကိုလျက်လိုက်ပြီး, ဖလိမ်မီကို အထင်သေးစွာဖြင့်ကြည့်လိုက်သည်၊

အိမ်ကိုနောက်တစ်ကြိမ်ဖျက်စီးရဲရင်ဖျက်စီးကြည့်စမ်း?

ကောင်းဖန်က ထိုအရာသည် စိတ်တိုစရာကောင်းပြီး ရယ်စရာလဲကောင်းတာကို တွေ့လိုက်ရသည်၊ သူကဖက်တီးကြိုးကြာကြမ်းပြင်ပေါ်မှကိုမလိုက်သည်၊ ဆော့ဖီ၏

လေ့ကျင့်ရေးကာကွယ်မှုပုံစံကိုကြည့်ခြင်းအားဖြင့်
ဖလိမ်မီကအိမ်ကို ဖျက်စီးရန်လုပ်တာဟာ
ပထမဆုံးအကြိမ်မဟုတ်တော့ကြောင်းသိလိုက်သည်၊

***

## *အပိုင်း၁၅၂ ဟာသဓါတ်ပုံ*

ဆော့ဖီလေးသည် ကြမ်းပေါ်တွင် တိတ်ဆိတ်စွာလှဲနေရင်း ကောင်းဖန် ဖတီးပုတ်ကို တရွတ်တိုက်ဆွဲသွားသည်အား အေးအေးဆေးဆေးကြည့်နေခဲ့သည်။

ကောင်းဖန် ဝေးဝေးရောက်သွားတာ သေချာကာမှ ဆော့ဖီလေးထလာကာ လက်သည်းများကို ဆန့်ထုတ်ကာ ကုတ်ရင်း အပျင်းကြောဆန့်လိုက်သည်။ ၎င်း၏ကျောကုန်းက ကွေးမောက်သွားကာ အနက်ရောင်အမြီးကတော့ တလှုပ်လှုပ်နှင့်။

ဆော့ဖီက ဖုန်းနားကို ညင်ညင်သာသာလျှောက်လို့သွားကာ

ငင်း၏ဘယ်ဘက်ခြေသည်းများကိုသုံးပြီး ဖုန်းကို သူ့နား,နားမှာထားလိုက်သည်။ ငင်း၏ညာလက်ကတော့ လက်သည်းတစ်ချောင်းကိုသာထုတ်ပြီး နံပါတ်ကွက်များကို ဖြည်းဖြည်းချင်းနှိပ်လိုက်သည်။

ဆော့ဖီ၏ဖုန်းခေါ်ဆိုမှုက ပြန်လည်ဖြေကြားခြင်းခံခဲ့ရသည်။ ညှော်င်? ငင်းကပျင်းပျင်းရိရိဖြင့်ပြောလိုက်သည်။

အလေ့အကျင့်ရှိနေသလိုမျိုး တစ်ဖက်ကလဲ ပြန်ဖြေလာခဲ့သည်။ “နားလည်ပါပြီ။”

ဖုန်းကိုချပြီးသည်နှင့် ပရိဘောဂဆိုင်မှ ညှော့ကြိုမိန်းကလေးက ဘောပင်နှင့်စာရွက်တစ်ရွက်ကို ထုတ်ကာ တစ်စုံတစ်ခုချရေးလိုက်ပြီးနောက် သူမ၏ကြီးကြပ်ရေးမှူးကို ပြောလိုက်သည်။

စာစဉ် ၁၀

“ကြီးကြပ်ရေးမှူး၊ နံပါတ်၁၂က ဖောက်သည်ဟောင်းက ပရိဘောဂအသစ်မှာလိုက်ပါတယ်။”

“ကောင်းပြီ၊ ရှောင်လီ၊ သူ့အိမ်ကိုသွားပြီး ဘာလဲဖို့လိုလဲသွားကြည့်။ နောက်မှဖုန်းပြန်ခေါ်လိုက်၊ ငါတို့ပစ္စည်းပို့ပေးလိုက်မယ်။”

“ဟုတ်ကဲ့ပါ၊ ကြီးကြပ်ရေးမှူး။” အပြာရောင်ရှပ်လက်တိုဝတ်ထားသည့်လူငယ်လေးက အဆောက်အဦးထဲမှထွက်သွားကာ ဆိုင်ကယ်တစ်စီးနှင့် မြို့ပြင်ဘက်သို့မောင်းသွားတော့သည်။

……..

ကောင်းဖန် သူ့အိမ်ကိုပြန်ရောက်သည်နှင့် ဖလိမ်မီကို ပစ်ချဖို့ရန် ဒမ်ဘီကို ညွှန်ကြားလိုက်သည်။

စာစဉ် ၁၀

ဖလိမ်မီမှာ ကြမ်းပြင်ပေါ်
ခြေကားယားလက်ကားယားပြုတ်ကျသွားတော့သည်။
ဘယ်လောက်ပဲကြိုးစားထပါစေ ဖလိမ်မီမှာ
အရမ်းဝနေတာကြောင့် ပြန်မထနိုင်ဖြစ်လို့နေသည်။
၎င်းက ပျံလဲမပျံနိုင်ပေ။ ၎င်းကအခုဆို
လုံးဝလုံးဝန်းနေကာ
ဘောလုံးတစ်လုံးနှင့်တောင်တူနေတော့သည်။

တွီ၊ တွီ? ဖလိမ်မီက ၎င်း၏ရဲဘော်ကို
အံ့ဩတကြီးမေးလိုက်သည်။ ဘာလို့ငါ့ကို
ကူမထူပေးတာလဲ?

တာ့ဇီ၏ဦးမျှင်နှစ်ချောင်းက လှုပ်သွားကာ
ဖလိမ်မီကို ထူဖို့ဟန်ပြင်လိုက်သည်။

စာစဉ် ၁၀

"မကူပေးနဲ့။ ဒီနေ့ ဖလိမ်မီ သူ့ဘာသာမထနိုင်ရင် နောက်ထပ်ထနေစရာကိုမလိုတော့ဘူး။" ကောင်းဖန်က ကြမ်းကြမ်းတမ်းတမ်းပြောလိုက်သည်။

ဖလိမ်မီမှာ မျက်လုံးပေကလပ်ပေကလပ်လုပ်ပြီးနောက် ကြမ်းပေါ်တွင်သာ လှဲချကာ သေဟန်ဆောင်နေတော့သည်။

....

ကောင်းဖန်လဲ ထိုဝတုတ်နေသည့်ပင်ဂွင်းကောင်ကို သူ့ဗီလာထဲက ပြေးစက်ပေါ်တင်ထားလိုက်တော့သည်။

"နောက်ရက်ပိုင်းအတွင်း မင်းလေ့ကျင့်ခန်းလုပ်ရမယ်။" ကောင်းဖန်က ဖလိမ်မီ၏ခေါင်းကိုပုတ်ပေးကာပြောလိုက်သည်။

စာစဉ် ၁၀

ဖလိမ်မီ၏အနီရောင်အမောက်ကလေးမှာ လတ်လတ်ဆတ်ဆတ်သွေးလိုမျိုး နီရဲတောက်လို့နေသည်။ ခေါင်းပေါ်ရှိ အနီရောင်အသားစိုင်လေးက ရေခဲတမျှ အေးစက်လှသည်။ သူ့လက်တွေက အမောက်လေးကိုထိမိသွားချိန်တွင် အတော်ကြာပွတ်တိုက်နေမိတော့သည်။ ဖလိမ်မီသည် မီးစွမ်းအင်ရှိသော်လည်း ၎င်း၏အမောက်ကတော့ ရေခဲလိုအေးစက်နေသည်။ ဖလိမ်မီ၏အပေါ်ယံအမွေးများကလဲ ချောမွတ်နေကာ ပိုးသားလေးလိုပင်ဖြစ်ပြီး ထိလို့အတော်ကောင်းသည်။

ထို့နောက် ကောင်းဖန်က ကျောင်းသို့မသွားမီ အနည်းငယ်ပြင်ဆင်ထုတ်ပိုးခဲ့သည်။

စာစဉ် ၁၀

သူ အချိန်အများစုတွင် အစင်းလေးပေါ်မှာ ထိုင်စီးရတာက သူ့တင်ပါးတွေကို နာကျင်စေသည်။ ဒါကြောင့် သူ့ရဲ့ကားကြီးကိုစီးရတာကမှ ပိုပြီးသက်သောင့်သက်သာဖြစ်သည်။ သူ့ရဲ့ထရက်ကားကြီးကို အဝေးပြေးလမ်းမတစ်လျှောက် မောင်းနှင်လာခဲ့ရင်း လူအများ၏မနာလိုသာအကြည့်များကိုလဲ လက်ခံရမိခဲ့သည်။ ဒီလိုသတ္တုသားရဲသတ္တဝါကြီးလိုကားမျိုးကို လမ်းမကြီးပေါ်မှာ မောင်းနှင်တာက အတော်လေးမျက်စိဖမ်းစားနိုင်သည်။

ကောင်းဖန် ကျောင်းနှင့်သိပ်မဝေးသည့်နေရာတွင် ကားကိုရပ်ခဲ့လိုက်သည်။ သူစက်သတ်ပြီး

စာစဥ် ၁၀

ကားထဲမှထွက်ကာ ကျောင်းသို့လမ်းလျှောက်လာခဲ့သည်။

အတန်းတွေရှိနေတုန်းပင်။ ပုံမှန်အားဖြင့် ကောလိပ်ဝင်ခွင့်စာမေးပွဲများပြီးနောက် နှစ်ရက်ပိတ်ကာ ကျောင်းကနေပြီး အထက်တန်းဒုတိယနှစ်ကျောင်းသားများအတွက် နွေရာသီအားလပ်ရက်အချိန်ပိုသင်ခန်းစာများ သင်ကြားပေးသည်။ ဒါက သူတို့ကျောင်းသားများကို နွေးထွေးမှုအပြည့်နှင့် ဂရုစိုက်သည်အားပြသခြင်းပင်။

ကောင်းဖန်က အမှန်ဆို စီနီယာအထက်တန်းကျောင်းသားဖြစ်ရမှာပင်။ သူက ဘွဲ့စောစောရသွားခဲ့သည်။ သူကတော့ စာမေးပွဲတွေဖြေပြီးကာ သူ့အတန်းဖော်တွေကတော့ အခုထိ အတန်းတွေကြိုးစားတက်နေရသေးကြောင်း

## စာစဥ် ၁၀

သိရချိန်တွင် ကောင်းဖန် တစ်ခေါက်လောက် သူတို့ကို သွားကြည့်ချိန်စိတ်ကို မထိန်းနိုင်တော့ပေ။

အစောင့်ဦးလေးကြီးက ကောင်းဖန်ကိုတားလိုက်သည်။ "အပြင်လူတွေ ကျောင်းထဲဝင်ခွင့်မရှိဘူး။"

အစောင့်ဦးလေးကြီး၏ဘေးရှိ သံကျောပြင်မန်ညာတစ်ကောင်က ခေါင်းကိုမော့ကာ ကောင်းဖန်ကို ကြည့်နေသည်။ ၎င်း၏ချောမွတ်ကာလုံးဝန်းသော ခန္ဓာကိုယ်က ဘောလုံးတစ်လုံးလိုပင်။ အမူအရာမပြရင်တောင်မှ ၎င်းကတော်တော်ကြည့်ရဆိုးလှသည်။

သို့သော်လည်း ဒီမန်ညာက သေးငယ်ကာ လက်နှစ်ဖဝါးစာလောက်သာရှိသည်။ ၎င်း၏သားပြည့်နေသည့်ပါးဖောင်းဖောင်းများတွင်တော့

စာစဉ် ၁၀

လေတိုက်သည့်အခါ လှုပ်ရှားသွားသည့် အဖြူရောင်ပါးသိုင်းမွေးမျှင်များရှိနေသည်။ ၎င်းက ကောင်းဖန်နားလှည့်ပတ်နေကာ ထူးထူးဆန်းဆန်းကြည့်နေသည်။ ၎င်း၏ခြေဖနောင့်ကအတွင်းဘက်လှည့်နေကာ ခြေချောင်းတွေက အပြင်ဘက်လှည့်နေချိန် တရုတ်အက္ခရာ ‘၈’နှင့်ပင်တူသည်။

“ဦးလေး၊ ကျွန်တော်က ဒီကျောင်းကပါ။” ကောင်းဖန်က သူ့ကျောင်းသားကဒ်ကိုပါ ထုတ်ပြလိုက်သည်။

အစောင့်ဦးလေးကြီးက သေချာငုံ့ကြည့်လိုက်ကာ၊ “ဒါ ငါတို့ကျောင်းကပဲ။” လို့ပြောပြီးနောက် ကောင်းဖန်ကို သံသယမျက်လုံးများဖြင့်

ပြန်ကြည့်လိုက်သည်။ “ဒါပေမယ့် မင်းကိုဘာလို့ရင်းနှီးသလိုဖြစ်နေတာပါလိမ့်?”

အစောင့်ဦးလေးကြီး၏စကားကိုကြားပြီးနောက် မန်ညူက ကောင်းဖန်ရှိရာသို့ မိုက်မဲစွာအော်ဟစ်ပြလိုက်သည်။ ၎င်း၏သွားအသေးလေးတွေနဲ့ ကောင်းဖန်၏ဘောင်းဘီကို အပေါက်လေးတစ်ပေါက်ဖြစ်အောင်ပါလုပ်သွားသည်။

ကောင်းဖန်ကသူ၏ညာခြေထောက်ကိုညင်သာစွာ မလိုက်ပြီး လက်ဖဝါးအရွယ်ရှိသော မန်ညူကြောင်၏ခြေထောက်များသည် လေထဲတွင်ထောင်သွားပြီးနောက်သို့လဲကျသွားသည်၊ မြေကြီးပေါ်တွင်လှိမ့်သွားပြီး ကောင်းဖန်ကိုပြင်းထန်စွာအော်ဟစ်လိုက်သည်၊

စာစဉ် ၁၀

"တော်တော့"

ကောင်းဖန်ကထိုဖက်တီးအသေးလေးကို အသံနက်ကြီးဖြင့်ဆူလိုက် သည်၊

သူကခါးညွှတ်လိုက်ပြီး ထိုမန်ညူကြောင်ကိုကောက်ချီလိုက်ကာ, ဒီငတိလေးက တကယ်တော့သူထင်တာထက်ပေါ့တာကိုသိလိုက်သည်၊ ၎င်း၏ချောမွေ့သောအမွေး သည်ထူထပ်သောအဖုံးအလွှာကဲ့သို့ပင်ထူထပ်နေသည်၊ တိုနေသောအမွေးများသည် ကောင်းဖန်၏လက်ဖဝါးကိုယားယံစေသည်၊

ကောင်းဖန်၏ဖမ်းဆီးခြင်းကိုခံလိုက်ရပြီးနောက်, ထိုကောင်လေးကၡင်း၏လက်ဖဝါး များဖြင့်တိုက်ခိုက်ကာရုန်းထွက်နေသည်၊

စာစဉ် ၁၀

ဒါလေးကတကယ်ကိုရယ်စရာကောင်းပြီး ချစ်ဖို့ကောင်းသည်၊

မန်ညျူကြောင်လေးသည် တိုတောင်းပြီး ပုတုတ်တုတ်ကြောင်အမျိုးဝင်တစ်ကောင်ဖြစ်တာကြောင့်လူသိများသည်၊ သူ၏ကြီးမားသောလေးထောင့်မျက်နှာ, ဝိုင်းနေသော နားရွက်နှင့်တိုတုတ်သောအမြီး,၎င်းတို့က ဖောင်းကစ်ကစ်အရာလေးဖြစ်နေသည်၊

“ဦးလေး, ဦးလေးကကြောင်တစ်ကောင်ကို ဘယ်တုန်းကပျိုးထောင်ပေးနေတာလဲ” ကောင်းဖန်က ထူးဆန်းစွာမေးလိုက်သည်၊ လုံခြုံရေးအစောင့်ကဦးလေးက အရင်တုန်းက အိမ်မွေးတိရိစ္ဆာန်မရှိဘူးဆိုတာသူသတိရလိုက်သည်၊

စာစဉ် ၁၀

လုံခြုံရေးအစောင့်ဦးလေးကကောင်းဖန်ကိုမျက်မှောင်ကြုတ်ကာကြည့်လိုက်သည်၊ “ငါဒီကောင်လေးကိုပျိုးထောင်နေတာ လဝက်လောက်ရှိနေပြီ၊ မင်းကဒီက ကျောင်းသားဖြစ်နေပြီးတော့ ဒါလေးကိုမသိဘူးလားကွ?”

အာ…

ကောင်းဖန်ကပြောစရာစကားများပျောက်ဆုံးသွားတော့သည်၊ သူကအစောင့်ဦးလေးကြီးကသူ့အလုပ်ကိုဒီလောက်အလေးထားလိမ့်မယ်လို့ မထင်ခဲ့ဘူးလေ၊

“ကျွန်တော်က ဒုတိယနှစ်, အခန်း၃ကပါ၊ ကျွန်တော် ကောလိပ်ဝင်ခွင့်စာမေးပွဲကိုအရင်သွားဖြေတာ…”

စာစဉ် ၁၀

ကောင်းဖန်ကအစောင့်ဦးလေးကိုအခုအခြေအနေအား စ၍ရှင်းပြလိုက်သည်၊

အစောင့်ဦးလေးကသူ့နှဖူးကိုရိုက်လိုက်သည်၊ “ငါအခုမှတ်မိသွားပြီ! မင်းကငါးဆားနယ် ကောင်လေးဘဲ!”

ကောင်းဖန်၏မျက်နှာကမဲ့ကျသွားသည်၊

အစောင့်ဦးလေးကြီးကသူ့ဖုန်းကိုထုတ်လိုက်သည်၊ အရမ်းကိုလျင်မြန်တဲ့ပုံစံဖြင့် သူ့ဖုန်းကိုလော့ခ်ဖြည်လိုက်ပြီး, wechatဖွင့်လိုက်ကာ သူ၏ချက်တင်များထဲမှတစ်ခုထဲ သို့ဝင်လိုက်သည်၊ သူသည်လျင်မြန်စွာနှင့်, ဓာတ်ပုံကိုရှာတွေ့သွားပြီး, ၎င်းကိုအကျယ်ချဲ့ပြလိုက်သည်၊

ကောင်းဖန်က ချွန်ထွက်နေသည့်ကျောက်တုံးကြီးပေါ်တွင်လှဲနေသည်၊

သူ၏ဘေးပတ်လည်တွင်တော့, သူ၏သားရဲများကသူ့ပုံစံအတိုင်းပင်လိုက်နေသည်၊ ထိုအောက်တွင်တော့ကြီးမားသောစာလုံးကြီးဖြင့်, “ငါကငါးဆားနယ်တစ်ကောင် ဖြစ်လာပြီ” ဟူ၍ရေးထားသည်၊

ကောင်းဖန်၏မျက်နှာကအေးခဲသွားပြီး ကို့ရို့ကားယားပြုံးလိုက်သည်၊

“မင်းကိုရင်းနှီးနေတာတော့မဆန်းပါဘူးကွာ, မင်းကငါးဆားနယ်ကောင်လေးဖြစ်နေတာကိုး”, အစောင့်ဦးလေးကြီးကရယ်လိုက်သည်၊

“ဦးလေး, ဒီပုံတွေကပျံ့နေတာ ဘယ်လောက်ကြာပြီလဲ?”

“အခုတလောနာမည်ကြီးနေတာကြာပြီ, အယ်,ဟော့ ဟော့ မသွားနဲ့ဦးလေ၊

နောက်ထပ်ပုံလေးတေထပ်ရှိသေးတယ်

အကုန်လုံးကရယ်စရာကောင်းတယ်”

အစောင့်ဦးလေးကြီးကထပ်ပြီး

အခြားစာမေးပွဲတွင်ပါဝင်သူများ၏ ဟာသပုံများကို

ပြနေသည်၊

ကောင်လေးတစ်ယောက်ဆိုလျှင်,

သူ၏ပျံသန်းနေတဲ့ မီးတောက်လင်းတပေါ်တွင်

အလွန်ကိုတင့်တယ်မှုမရှိစွာဖြင့်ထိုင်နေပြီး

သူ၏သားရဲလည်ပင်းကိုဖက်တွယ်ထားသည်၊

သူ၏ဆံပင်များကအညိုရောင်ဖြစ်ကာရှုပ်ပွနေပြီး,

သူမျက်နှာကဖြူဖျော့နေကာ,

သူ့ပုံစံကကြောက်ရွံ့နေသည်၊ အောက်ကစာလုံးကတော့

“ကြောက်ရွံ့မှုကြောင့် တုန်လှုပ်ခြင်း”

ပုချီ။

စာစဉ် ၁၀

ကောင်းဖန်ကမရယ်မိအောင်ထိန်းပေမယ့် သူအကူအညီမဲ့နေသည်၊

ထို့နောက်, သူကအတွင်းမှဆူပွက်လာသောဒေါသတွေကိုခံစားလိုက်ရသည်၊ သူ့ကို ဒီလောက်ချောမောတဲ့ခေတ်ပုံရိုက်ပြီး ဝက်ဘ်ဆိုက်မှာဘယ်သူတင်ခဲ့တာလဲ?

စာသင်ခန်းထဲတွင် လီကျီကုန်းကရုတ်တရက်နှာချေလိုက်သည်၊

“သိပ်မကြာသေးခင်က ကျောင်းအုပ်ကြီးကမင်းကိုချီးမွမ်းဂုဏ်ပြုဖို့အတွက် အစည်းအဝေးတောင်ခေါ်သေးတယ်၊ မင်းကချန်အန်းတတိယအထက်တန်းကျောင်းအတွက်ကျော်ကြားစေခဲ့တယ်လေ” အစောင့်ဦးလေးကရယ်မောစွာပြောသည်၊

စာစဉ် ၁၀

“အရင်ကတည်းကမင်းရဲ့မိခင်ကျောင်းတော်ကြီးမလို့ အထဲကိုဝင်ပါ”

ကောင်းဖန်ကအစောင့်ဦးလေးကြီးကိုကျေးဇူးတင်လိုက်ပြီး ကျောင်းအဆောက်အဦး ဆီသို့လျှောက်လာခဲ့သည်၊

သံကျောပြင်မန်ညူကြောင်သည်သတိထားလျက် အစောင့်ဦးလေးကြီး၏ခြေထောက် နားတွင်ပုန်းနေပြီးကောင်းဖန်ဖြတ်သွားတာကို ကြည့်နေသည်၊ ကောင်းဖန်ကို အန္တရာယ်ရှိစွာကြည့်နေသည်၊

ကောင်းဖန်ကပြုံးလိုက်ပြီး ကျောင်းထဲသို့ဆက်လျှောက်သွားတော့သည်၊

ကျောင်းကတော့ အရင်တုန်းကအတိုင်းပင်၊ ဘာမှကြီးကြီးမားမားပြောင်းလဲမသွား, ပြီးတော့

စာစဉ် ၁၀

ဆရာမတွေကလည်းဒီမှာဘဲရှိနေသေးသည်၊ ဒါပေမယ့် အချို့အကြောင်း အကြောင်းတွေကြောင့်, ဒီရင်းနှီးသောခံစားချက်ကိုဆုံးရှုံးစေခဲ့သည်၊ အခြားမိသားစု တစ်ခုပြောင်းရွှေ့နေခဲ့သောအိမ်ဟောင်းသို့ပြန်လာသော လူစိမ်းနှင့်တူနေသည်၊

သန့်ရှာသင်သောအဆောက်အဦးအောက်တွင် ဘွန်ဆိုင်းအိုးအနည်းငယ်ရှိသည်၊ တောက်လောင်နေသောနေရောင်အောက်တွင်, သူတို့က အညိုရောင်သန်းနေသည်၊

ရုတ်တရက်ကောင်းဖန် ကျောင်းမှ ဘဲလ်သံကိုကြားလိုက်ရသည်၊ ကျောင်းသားလူအုပ်သည် ကော်ဖီဆိုင်သို့သွားရန်လှေကားမှဆင်းလာကြသည်၊

စာစဉ် ၁၀

ကောင်းဖန်ကခေါင်းခါလိုက်သည်၊ သူ့မျက်လုံးတွင်ရှုပ်ထွေးနေသောအကြည့်များရှိနေသည်၊ သူကအနာဂါတ်မှာဒီကျောင်းကိုပြန်လာဖို့အတွက် အခွင့်အရေးမရှိတော့ဘူး ဆိုတာသူသိသည်၊

အရာအားလုံးကိုဖြေရှင်းပြီးသွားသည်နှင့် သူ၏အိမ်သည်ချန်အန်းတွင်ရှိသော်လည်း သူကယွိကျိုးသို့ဦးတည်သွားရလိမ့်မည်၊ ဒါပေမယ့်, မိသားစုမရှိသောနေရာကို အိမ်လို့ယူဆနိုင်သေးလား?

***

စာစဉ် ၁၀

# *အပိုင်း ၁၅၃ ဟေးမင်*

စကျင်ကျောက်လှေကားတွေကအရမ်းကိုသန့်ရှင်းနေပြီး, ရေများအပြည့်အဝ မခြောက်သေးကြောင်းကိုသဲလွန်စပြနေသည်၊ ပိုးသတ်ဆေးဖျော့ဖျော့အနံ့သည်လည်း လေထဲတွင်ပျံ့လွင့်နေသည်၊

ကျောင်းဆင်းချိန်အချက်ပေးဘဲလ်သံကရပ်သွားေ ော်လည်း အခန်း၏တံခါးများကို ပိတ်ထားဆဲဖြစ်သည်၊ ကောင်းဖန်ကအခန်းကိုကျော်သွားတော့, သူကကျယ်လောင်စွာပြောနေတဲ့ ဆရာမအသံကိုကြားလိုက်ရသည်၊ “ဒါကြောင့်, စီစစ်ချက်တွေအရ, ဒီအောဲဂဲနစ်ပစ္စည်းအတွက်အဖြေက အမိုင်နိုအက်စစ်ဘဲဖြစ်တယ်”

စာစဉ် ၁၀

ကောင်းဖန်သည်ဝန်ထမ်းများရုံးခန်းသို့ဆက်လက်သွားလိုက်ပေမယ့်, မစ္စမုရုန်က ဒီမှာ မဟုတ်ပေ၊ သူမကအတန်းထဲမှာဘဲရှိနေလောက်သေးသည်၊

မိနစ်အနည်းငယ်လောက်ကြာပြီးနောက်, မုရုန်ချိုးယဲ့ကစာရွက်အထပ်လိုက်ကို ကိုင်ကာ ရုံးခန်းထဲသို့လမ်းလျှောက်လာတော့သည်၊ ကောင်းဖန်ကသူမကိုစောင့်နေတာမြင်တော့ ပထမ သူမကအံ့သြသွားပြီး ခေါင်းကိုပျော်ရွှင်စွာညိတ်ပြလိုက်ကာ, “မင်းပြန်လာပြီပေါ့, တီဗွီမှာမင်းရဲ့စွမ်းဆောင်မှုကမဆိုးပါဘူး၊”

ဘန်း၊ ထူထပ်သောစာရွက်များကို စားပွဲပေါ်တွင်နေရာချလိုက်သည်၊ မုရုန်ချိုးယဲ့က

စားပွဲပေါ်မှရေနွေးဘူးကိုယူကာ ရေတစ်ခွက်သောက်လိုက်သည်၊

ကောင်းဖန်က ဘေးတွင်တောင့်တောင့်ကြီးရပ်နေသေးသည်ကိုမြင်တေ ာ့ မုရုန်ချိုးယဲ့ကခနောက်ဆရာတစ်ယောက်၏စားပွဲမှထိုင်ခုံကိုယူလာသည်၊ "မင်း အရူးလိုမျိုးဘာလို့အဲ့မှာရပ်နေတာလဲ၊ ဒီမှာလာထိုင်"

ကောင်းဖန်ကမစ္စမုရုန် ပိန်သွားတာကိုတွေ့လိုက်သည်၊ သူမ၏လုံးဝန်းပြီး ပြည့်ဖောင်းနေသောမျက်နှာကအရင်ကထက်အနည်းင ယ်လျော့သွားသလိုဖြစ်သွား သည်၊ ဖြစ်နိုင်တာက သူမနဲ့မတွေ့တာကြာလို့ ဒီလိုပြောင်းလဲတာကိုသတိမထားမိတာ ဖြစ်နိုင်သည်၊

စာစဉ် ၁၀

“မစ္စမုရုန်, ဆရာမဝိတ်ကျသွားတယ်”

“အဆင်ပြေတယ်, ငါသိတယ် ၊ နှစ်တိုင်းနွေရာသီရောက်ရင်အလုပ်ရှုပ်လို့ ငါ့ခန္ဓာကိုယ်က ကျုံ့သွားတာ၊ ဒါပေမယ့်ဆောင်းရောက်လာရင်တော့, ငါ့ဝိတ်က ပြန်တက်လာလိမ့်မယ်၊”

မုရုန်ချိုးယွဲ့ကသူပြောသည်ကိုစိတ်ထဲမထားပေ၊

“စိတ်ပူမနေနဲ့, ငါ့ဝိတ်ကတည်ငြိမ်တယ်”

“အိုး…”

ကောင်းဖန်ကစကားဘယ်ကနေစပြောရမှန်းမသိေ ောင်ဖြစ်နေတာကြောင့်, သူကခေါင်းစဉ်ကိုပြောင်းလိုက်ပြီး သူ့ရဲ့အတန်းဖော်ဟောင်းတွေဘယ်လိုနေလဲဆိုတာ မေးလိုက်သည်၊ ဒါပေမယ့်မုရုန်ချိုးယွဲ့က သားရဲလေ့ကျင့်သူကောလိပ်ဝင်ခွင့်အကြောင်း

ကိုပိုပြီးစိတ်ဝင်စားကာ, သူကတခြားသောဖြေဆိုသူတွေနဲ့သူတို့ရဲ့သားရဲတွေအကြောင်းတွေကိုမေးခွန်းအများကြီးမေးသည်၊

နွယ်တွေဖုံးနေတဲ့ကျောက်သားရဲအကြောင်းတို့လိုမျိုးပေါ့၊ အဲ့တာကတကယ်ကျောက်တွေနဲ့လုပ်ထားတာလား? ကျောက်တုံးကသူ့အလိုလိုဘယ်လိုလုပ်ရွေ့တာတုန်း? အဲတာကအစာစားဖို့လိုသလား? ပြီးတော့တခြားအရာတွေဖြစ်သည်၊

အကယ်၍ဆရာမကျွန်တော့်ကိုမေးရင်ကျွန်တော်လည်းအဖြေကိုမသိဘူး! ကောင်းဖန်ကတွေးလိုက်သည်၊

ကောင်းဖန်က မစ္စမုရုန်ချိုးယွဲ့မေးသောမေးခွန်းများစွာအတွက်

တကာယ်အဖြေမရှိပေ၊ ထို့နောက်, သူကတခြားပါဝင်သူတွေနဲ့ အများကြီးအဆက်အဆံမလုပ်ခဲ့ဘူး၊ အမှန်တော့သူက တီဗွီကြည့်ထက်လူတွေထက်တောင်သိတာပိုနည်းလိမ့်မည်၊

သူတို့နှစ်ယောက်က နောက်အတန်းစသည်အထိစကားပြောနေကြသည်၊ မုရှန်ချိုးယွဲ့ကပြုံးလိုက်ပြီး ကောင်းဖန်ကိုပြောလိုက်သည် "ကောင်းပြီ, မင်းအားတဲ့အချိန်ထပ်ပြီးလာလည်ပေါ့၊ ငါအခုအတန်းဆီသွားရတော့မယ်"

ကောင်းဖန်ကခေါင်းညိတ်လိုက်ပြီးထလိုက်သည်၊ သူကထိုင်ခုံကိုယူလာတဲ့နေရာမှာ ပြန်ထားလိုက်သည်၊ သူလှည့်ကြည့်လိုက်တော့

စာစဉ် ၁၀

မုရုန်ချိုးယွဲ့သည်အံဆွဲတစ်ခုကိုဖွင့်ပြီး နောက်ထပ်စာရွက်ထူထူများကိုထုတ်လိုက်သည်၊

ကျောင်းမှထွက်လာပြီးနောက် ကောင်းဖန်သည်ခဏစဉ်းစားလိုက်ပြီး သားရဲပျိုးထောင်သူအဖွဲ့အစည်းသို့သွားရန်ဆုံးဖြတ်လိုက်သည်၊ သေချာတာပေါ့, အခုတော့အဲ့နာမည်မဟုတ်တော့ဘူး၊ အခုအဲ့တာက သားရဲလေ့ကျင့်သူအဖွဲ့ချုပ် သားရဲပျိုးထောင်သူအဖွဲ့ခွဲဟုခေါ်သည်၊ နာမည်ကပိုပြီးရှည်လာကာ, ပိုပြီးအထင်ကြီးလောက်သည်၊

ချန်အန်းသားရဲပျိုးထောင်သူအဖွဲ့ခွဲကိုရောက်သည်နှင့်, ဒါရိုက်တာချန်းနှုတ်ထွက်သွားကြောင်းကို ညှော့ကြိုကောင်တာမှသိလိုက်ရသည်၊

## စာစဉ် ၁၀

သားရဲလေ့ကျင့်သူအဖွဲ့ချုပ်အသစ် ထူထောင်ပြီးသိပ်မကြာခင်မှာဖြစ်ခဲ့တာဖြစ်သည်၊

ထိုအချိန်တွင်ကောင်းဖန်သည် သူ၏သားရဲလေ့ကျင့်သူကောလိပ်စာမေးပွဲအတွက် ပြင်ဆင်နေချိန်ဖြစ်တာကြောင့် သူသတင်းမရခဲ့တာဖြစ်သည်၊

"ကောင်းပါပြီ"

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်၊ ဒါရိုက်တာချန်းမရှိတော့ဘူးဆိုတော့ သူ့မှာလည်း ဒီမှာစီးပွားရေးမရှိတော့ပေ၊

ကောင်းဖန်ထွက်သွားခါနီးတွင်တစ်စုံတစ်ယောက် က နောက်မှအော်လိုက်သည်၊ "ခဏစောင့်ပါဦး!"

ကောင်းဖန်သည် လှည့်ကြည့်လိုက်သည်၊ အဖြူရောင်တိုက်ခိုက်ရေးဝတ်စုံကို

## စာစဉ် ၁၀

ဝတ်ဆင်ထားသောသူကလျှင်မြန်စွာနှင့်ရောက်လာသည်၊ ကောင်းဖန်၏မျက်နှာကို သေချာကြည့်ပြီးတဲ့နောက်, သူကသက်ပြင်းချလိုက်သည်၊ “တကယ်မင်းဘဲ, မစ္စတာကောင်း”

“ခင်ဗျားက…?”ကောင်းဖန်က ဒီလူကဘယ်သူလဲဆိုတာ ဖမ်းမမိဘဲဖြစ်နေသည်၊

“အာ…” ကောင်းဖန်ကသူ့ကိုမမှတ်မိတာကိုသတိထားမိတော့, ဟေးမင်ကအနည်းငယ် ကို့ရို့ကားယားဖြစ်သွားသည်၊ သူတို့အရင်ကအတူတူညစာစားဖူးတာကိုသူသေချာ မှတ်မိသည်၊ “လွန်ခဲ့တဲ့လအနည်းငယ်တုန်းက ဒိုင်းပြာလုံခြုံရေးကုမ္ပဏီမန်နေဂျာ လျှိုစန်းလင်းနဲ့ တခြားခေါင်းဆောင်အနည်းငယ်နဲ့

ငါတို့ထမင်းစားဖြစ်ခဲ့ကြတယ်လေ”

သူကရိုးသားစွာဖြင့်ပြောလိုက်သည်၊

နောက်မှ ကောင်းဖန်သည်

သူဘယ်သူလဲဆိုတာသတိထားမိသွားသည်၊

သူတို့ညစာစားကြဖူးတယ်,

ဒါပေမယ့်ထိုညကသူ့အတွက်ကောင်းမွန်တဲ့အတွေ့အကြ

ုံမဟုတ်ခဲ့ဘူး၊ ထို့နောက်,

ကောင်းဖန်ကရှင်းရှင်းလင်းလင်းမှတ်မိသည်၊

အသေးစိတ် အချက်အလက်အများစုကိုသူမေ့သွားသည်,

ဒါပေမယ့်သူညစာစားတုန်းကစိတ်မချမ်း

သာဘူးဆိုတာတော့သူသိသည်၊

“အိုး” ကောင်းဖန်ကခေါင်းညိတ်ပြသည်၊

သူမျက်နှာတွင်အေးစက်မှုကိုပြကာ

သူ၏အကွာအဝေးကိုထိန်းရန်ကြိုးစားနေသည်၊ တတ်နိုင်သလောက်ဝေးဝေးနေပါ၊

ဟေးမင်ကအနည်းငယ်ရှက်ရွံ့သွားသလိုခံစားလိုက်ရသည်၊ နောက်ဆုံးတွင်သူသည် ချန်အန်းမြို့၌ကျော်ကြားသောသားရဲအမဲလိုက်အဖွဲ့အစည်း၏ ခေါင်းဆောင်ဖြစ်ကာ, သူ၏အသိုင်းအဝိုင်းတွင်လူသိများသည်၊ သူနှင့်စကားပြောရန်အတွက် လူအများက ချဉ်းကပ်သော်လည်း ဒီလိုမျိုးအေးစက်စက်နှင့်ဆက်ဆံမှုမျိုးကိုရခြင်းသည် သူ့အားမျက်နှာပျက်စေခဲ့သည်၊

ဒါပေမယ့် သူ့မှာ ကောင်းဖန်ကိုမေးစရာတစ်ခုရှိတာသတိရသည်နှင့် သူ့ရဲ့မကျေနပ်ချက်တွေကိုမျိုချဖို့ကလွဲလို့ရွေးချယ်စရာမ

ရှိပေ၊ သူတောင်းစားကသူတောင်းစားလိုဘဲ ပြုမူရမည်၊ အကူအညီတောင်းတဲ့အခါလေယူလေပေးကောင်းတာက ပိုကောင်းသည်ဆိုတာသူသိသည်၊

“အဟမ်း, မစ္စတာကောင်း၊ အဲ့ဒီနေ့က ငါ့တို့အမှားပါ၊ အမှန်တော့ငါမင်းကိုတောင်းပန်ဖို့အတွက် အမြဲရည်ရွယ်ခဲ့ပေမယ့် မင်းကိုတွေ့ဖို့အခွင့်အရေးမရခဲ့ဘူးလေ” ဟေးမင်ကပြုံးကာပြောသည်၊

သားရဲပျိုးထောင်သူအဖွဲ့အစည်းတွင် စီးပွားရေးလုပ်ဖူးသူ အကုန်လုံးကသားရဲတွေနှင့် ဆက်ဆံနေရတာဖြစ်ပြီး သူတို့ထဲကအများစုက ဟေးမင်ကိုသတိထားမိကြသည်၊ ဟေးမင်သည်လူငယ်လေးထံမှ အထင်သေးခြင်းကိုခံရတာကို

သူတို့အံ့သြနေသော်လည်းမည်သူမျှကြည့်ဖို့အတွက် မဝံ့မရဲဖြစ်နေကြသည်၊ ဟေးမင်သည်အနိုင်ကျင့်သူ အဖြစ်လူသိများသည်၊ အကယ်၍သူတို့ကသူ့အခက်အခဲကိုရယ်နေတာတွေ့လျှင် သူကအာဂါတထားမှာသေချာသည်၊

“တောင်းပန်စရာဘာမှမရှိပါဘူး၊ ခင်ဗျားတို့အားလုံးအစကတည်းကမမှားကြဘူး၊ ကျွန်တော်တို့အားလုံးမှာ မတူညီတဲ့အယူတွေရှိမှာဘဲ၊ ဒါပါဘဲ” ကောင်းဖန်ကပြုံးကာ ပြန်ပြောလိုက်သည်၊

ထို့နောက်ကောင်းဖန်ကလှည့်ပြီးထွက်သွားလိုက် သည်၊

ဟေးမင်ကလက်ကိုဆန့်လိုက်ကာ ကောင်းဖန်၏လက်ကိုဆုပ်ကိုင်လိုက်သည်, “ခဏလေး!”

စာစဉ် ၁၀

ဟေးမင်ရဲ့မျက်နှာက အရမ်းကိုရှက်ရွံ့နေပုံရသည်၊ သူကဒီကလေး၏ရှေ့တွင် အလွန်နိမ့်ကျနေပြီဖြစ်သည်၊ သူကဘာကိုထပ်ပြီးလိုချင်သေးတာလဲ?

ကောင်းဖန်ကမျက်စောင်းထိုးလိုက်သည်၊ သူ့မျက်လုံးက အန္တရာယ်ရှိနေသောပုံစံဖြင့် တောက်နေသည်၊ "လွှတ်ပါ"

"တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်၊" ဟေးမင်းကချက်ချင်းပြင်ပြန်လွှတ်လိုက် သည်၊ "မစ္စတာကောင်း, ငါ့ရဲ့သားရဲကိုတစ်ချက်လောက်ကြည့်ပေးပါ၊ မင်းကြိုက်သလို ဈေးခေါ်နိုင်တယ်၊" သက်တောင့်သက်သာမရှိမှုက သူ၏မျက်နှာတွင်ဖော်ပြနေသည်၊

စာစဉ် ၁၀

“ငါ့အစကမင်းနဲ့ကြိုတင်ချိန်းဖို့အတွက်ကြိုးစားပါသေးတယ်, ဒါပေမယ့် ဘယ်တုန်းကမှ အခွင့်အရေးမရခဲ့ဘူး၊ ပြီးတော့ မင်းကသားရဲလေ့ကျင့်သူကောလိပ်စာမေးပွဲနဲ့ အလုပ်များနေတာ… ချန်အန်းမြို့တစ်ခုလုံးမှာ, မင်းတစ်ယောက်ဘဲငါ့သားရဲ ကိုမြှင့်တင်ပေးနိုင်မှာ”

“ခင်ဗျားက ကျွန်တော့်အပေါ်မှာအရမ်းမြင့်တဲ့ထင်မြင်ချက်ရှိတာဘဲ” ကောင်းဖန်က ပြတ်သားစွာဖြင့်ပြန်ပြောလိုက်သည်၊

“ကျေးဇူးပြုပြီး,ကူညီပါ၊ ဘယ်သူကမှဒါကိုမလုပ်နိုင်ကြဘူး” ဟေားမင်က တစ်ပြားသားမှမလျှော့ပေ၊

ကောင်းဖန်ကအလျှင်အမြန်ဘဲ ထိုလူကိုကြည့်လိုက်သည်၊ ဒီလူကနောက်နေတာလား? သူမြင်နိုင်သောဇယားများအရ

စာစဉ် ၁၀

ဟေးမင်၏အခြေအနေသည်စိတ်တိုနေတာဖြစ်ပေမယ့် သူ့မျက်နှာမှာ ဒေါသထွက်နေကြောင်းအရိပ်အယောင်မပြပေ၊ ဒီလူကတော်တော် သရုပ်ဆောင်ကောင်းတာဘဲ၊

ထိုညစာစားပွဲပြီးကတည်းကပင် ကောင်းဖန်သည် ထို 'ထိပ်တန်းသားရဲအမဲလိုက်အဖွဲ့' အပေါ်တွင်အမြင်မကြည်ပေ၊ ယနေ့တွင်ထိုထင်မြင်ကချက်က အစိုင်အခဲတစ်ခုဖြစ်လာသည်၊

ဒါပေမယ့်, သူကဒီထက်ပိုစဉ်းစားမယ်ဆိုရင် သူတို့ဘယ်ကလာတယ်ဆိုတာကို သူနားလည်သည်၊ ဒီသားရဲအမဲလိုက်အဖွဲ့များသည် တောထဲသို့မကြာခဏသွားပြီး သားရဲများနှင့်တိုက်ခိုက်ကြသည်၊

စာစဉ် ၁၀

သူတို့ကညစ်ပတ်တဲ့နည်းလမ်းတွေဖြင့်လည်း သုံးလေ့ရှိလို့လည်းသူကြားဖူးသည်၊ တောထဲတွင်ဥပဒေမရှိပေ၊ သားရဲလေ့ကျင့်သူ အဖွဲ့ချုပ်၏စည်းမျဉ်းစည်းကမ်းများသည် မည်သည့်အခါမှရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ခြင်းမရှိသော်လည်း တော၌ပြဋ္ဌာန်းထားသောဥပဒေသည် လူတိုင်းသိသော မပြောအပ်သည့်စည်းကမ်းတစ်ခုဖြစ်သည်၊

ကောင်းဖန်က ဟေးမင်းအားအသေအခါပင်စဉ်းစားနေသည်၊ သူသည်ကောင်းဖန်ကို ခင်ချင်တဲ့ပုံဖြစ်သော်လည်း ထိုသူ့ကိုသူကမျက်နှာပျက်စေခဲ့သည်၊ ပြီးတော့သူကကောင်းဖန်ကို ထိုအတွက်နှင့်အရိုးထိအောင်ပင်မုန်းနေနိုင်သည်၊

စာစဉ် ၁၀

ကောင်းဖန်ကထိုသူကိုရှင်းလင်းစွာကြည့်လိုက်ပြီးနောက်, ရုတ်တရက်ပြုံးလိုက်သည်၊ “အိုကေ, ဒါဆို,မနက်ဖြန်ကျရင်ခင်ဗျားရဲ့သားရဲကိုခေါ်လာခဲ့လေ၊ အောင်မြင်မယ်လို့တော့ အာမမခံနိုင်ပေမယ့် ကျွန်တော်အကောင်းဆုံးကြိုးစားကြည့်ပါ့မယ်၊”

***

# *အပိုင်း၁၅၄ ခြေကျိုးနဲ့တော့မသွားနိုင်ဘူးလေ*

ဟေးမင်ကကြောင်အမ်းသွားသည်၊ သူက ကောင်းဖန်ဒီလောက်လွယ်လွယ်နဲ့လက်ခံလိမ့်မယ်လို့ထင်မထားဘူးလေ၊ ဒါကအရမ်းမြန်လွန်းသွားတာဘဲ…

သားရဲပျိုးထောင်သူအဖွဲ့ခွဲမှထွက်လာပြီးနောက်, ကောင်းဖန်ကမြို့လယ်ရှိသူ၏ စတူဒီယိုကိုတက္ကစီဖြင့်သွားလိုက်သည်၊ သူစတူဒီယိုအတွင်းသို့ဝင်သွားသည်နှင့်, ထိုနေရာက ညှော့သည်များနှင့်အလုပ်ရှုပ်နေကြောင်းတွေ့လိုက်ရသည်၊

“သူဌေးလေး, ဒီတစ်ယောက်ကသားရဲပျိုးထောင်သူအသစ် အလယ်အလတ်အဆင့် လျှိုမုန့်ဟွေး,” ရှင်ချွမ်ချွမ်က

စာစဉ် ၁၀

ခဲရောင်အနေအောက်တိုင်းဝတ်စုံဝတ်ဆင်ထားသော အသက်၃၀ပတ်လည်လောက်ရှိသည့်အမျိုးသမီးနှင့် မိတ်ဆက်ပေးသည်၊ သူမကကောင်းဖန်ကိုခေါင်းညိတ်ပြ သည်၊

“ကောင်းပြီ!
အနည်းဆုံးငါဒီစတူဒီယိုမှာမရှိတော့ရင်
ပျက်စီးတော့မှာမဟုတ် တော့ဘူး”
ကောင်းဖန်ကပြောလိုက်သည်၊

သူကအခြားသားရဲပျိုးထောင်သူတွေအား
ဒီနေရာတွင်အလုပ်ခန့်ရန်ပိုပြီးတောင်
သဘောတူသေးသည်၊ ဘာဘဲဖြစ်ဖြစ်
ဒီစတူဒီယိုကိုတည်ထောင်တာက ဦးလေးလျို၏
ဆန္ဒဖြစ်ပြီး
ဒီစတူဒီယိုကိုအောင်မြင်ကျော်ကြားအောင်လုပ်နိုင်မယ်

လို့သူမျှော်လင့်သည်၊ သူမြို့ကထွက်သွားလို့ စတူဒီယိုရဲ့စီးပွားရေးကျသွားမည်ဆိုလျှင် သူ့တွင် တကယ်အပြစ်ရှိလိမ့်မည်၊

ယခုစဉ်းစားလိုက်သောအခါကောင်းဖန်သည် အခြားအလယ်အလတ်အဆင့်သားရဲပျိုးထောင်သူများက သားရဲများကိုမည်သို့မြှင့်တင်ခဲ့တယ်ဆိုတာကို အမှန်တကယ် မမြင်ဘူးပေ၊ ကောင်းဖန်သည်အလွန်စပ်စုလိုသော်လည်းမေးရန် မကောင်းတာကို သူသိသည်၊ အသုံးပြုသောနည်းလမ်းတိုင်းသည် ပျိုးထောင်ပေးသူ၏လျှို့ဝှက်ချက် ဖြစ်သည်၊ အလွန်အမင်းစူးစမ်းလိုစိတ်မရှိခြင်းက အကောင်းဆုံးဖြစ်သည်၊

စာစဉ် ၁၀

“အနာဂါတ်မှာ ကျွန်တော်စတူဒီယိုမှာအလုပ်မလုပ်နိုင်တော့ဘူး၊ နောက်နှစ်ရက်လောက်နေရင် ကျွန်တော်ယွိကျိုးဘက်ကိုသွားရတော့မယ်၊ ခင်ဗျားတို့အားလုံးအလုပ်ကြိုးစား ကြပါ” ကောင်းဖန်ကပြောလိုက်သည်၊

“ဘာရယ်? သူဌေးလေး, ထွက်သွားတော့မလို့လား?” ရှင်ချွမ်ချွမ်က သူထွက်သွားဖို့ကို ဝန်လေးနေသည်၊ ကောင်းဖန်သည်အရမ်းချစ်ဖို့ကောင်းတယ်, ပြီးတော့ သူမရုံးမှာမုန့်ခိုးစားလို့မိတော့လည်းသူကဘာမှမပြောပေ ၊

စတူဒီယိုမှထွက်ခွာပြီးနောက်, ကောင်းဖန်က ထိုနေရာကိုတစ်ခေါက်ပြန်ကြည့်လိုက်သည်၊

စာစဉ် ၁၀

အစက,

ကောင်းဖန်ကနောက်နေ့သူတို့ကိုမြှင့်တင်ဖို့ကူညီရင်း ဟေးမင်ရဲ့သားရဲတွေကို မကောင်းတဲ့အရာတစ်ခုလုပ်ဖို့ရည်ရွယ်ခဲ့သည်၊ သူကသူတို့ကိုဒုက္ခပေးချင်ခဲ့တာဖြစ် သည်၊ အကျွမ်းတဝင်သားရဲ၏အားနည်းချက်များကို မြင်နိုင်သူတစ်ဦးအတွက် သိသာထင်ရှားသည့်ခြေရာလက်ရာများမချန်ဖြစ်ဘဲ ၎င်းကကလေးကစားသလိုဘဲ ဖြစ်လိမ့်မည်၊

ဒါပေမယ့်, အချို့အတွေးတွေကြောင့် သူကထိုသို့လုပ်ဖို့မလိုကြောင်းခံစားလိုက်ရသည်၊

ဟေးမင်က စိတ်ပျက်စရာကောင်းတာ အမှန်ဘဲဖြစ်သည်၊ ဒါပေမယ့် တကယ်မှာတော့, သူကပိုပြီးဆိုးရွားလွန်းတဲ့အရာတွေကိုဘာမှမလုပ်ခဲ့ဘူး၊

ကောင်းဖန်က ဒေါ်လာပိုက်ဆံ မဟုတ်ပေ,
အကုန်လုံးကသူ့ကိုချစ်ဖို့မလိုအပ်ပေ၊

ဒီလိုကိစ္စသေးသေးမွှားမွှားကိစ္စကြောင့်
လူတစ်ဦး၏သားရဲများကိုဒုက္ခပေးခြင်းသည်
အရမ်းကိုကလေးဆန်သည့်အပြုအမူဘဲဖြစ်လိမ့်မည်၊

...

ဟေးမင်သည်
သူ၏မိသားစုများနှင့်သားရဲများနေသော
မြို့စွန်ရှိသူ၏အိမ်သို့ပြန်သွားခဲ့သည်၊
၎င်းသည်ခြံဝင်းလေးဖြင့်ကာရံထားသော
ရိုးရှင်းသည့်လေးထပ်အိမ်ဖြစ်သည်၊

၁“ဒီရာသီဥတုက ငါ့ကိုသေအောင်မီးကင်နေတာဘဲ”
ဟေးမင်ကပြောလိုက်ပြီး သက်ပြင်းချလိုက်သည်၊
သူကသူ့ရဲ့အဖြူရောင်တိုက်ခိုက်ရေးဝတ်စုံကိုချွတ်လိုက်၂

ြီး, အဝတ်လျှော်စက်ထဲသို့ထည့်လိုက်ကာ, သူ့မျက်နှာမှချွေးများကိုသုတ်လိုက်သည်၊

ဘသူကသူ့အခန်းထဲသို့ဝင်သွားပြီး, သန့်ရှင်းသောအကျီကိုပြောင်းဝတ်လိုက်သည်၊ သူ၏ အကျီအားလုံးသည်အဖြူဖြစ်သည်၊ သူကအဖြူသည်ပိုပြီးအာဏာရှိကာ, ၎င်းသည် ပိုပြီးခွန်အားကြီးသည့်ပုဂ္ဂိုလ်အဖြစ်ပေါ်လွင်စေသည်၊

သူ့အခန်းထဲကထွက်လာပြီး ဟေးမင်ကရုတ်တရက်အေးခဲသွားတော့သည်၊ ကျားသစ်နက်သည် သူ၏အိမ်အလယ်တွင်တိတ်ဆိတ်စွာလဲလျောင်းနေပြီး, ကျောက်စိမ်းရောင်မျက်လုံးများကသူ့ကိုစိုက်ကြည့်နေသ ည်၊

စာစဉ် ၁၀

ဟေးမင်က

ခြောက်ကပ်ကပ်ဖြင့်ရယ်လိုက်ပေမယ့်, မည်သည့်ဟာသမှမရှိပေ၊

“ဘယ်ညီအကိုကင့်ကိုနောက်နေတာလဲ?”

ဘေးပတ်လည်ကိုကြည့်လိုက်တော့, အခန်းကတိတ်ဆိတ်နေသည်၊ ကျားသစ်နက်က နှေးကွေးစွာထလိုက်ပြီး သူ့ဆီကိုချောချောမွေ့မွေ့ဖြင့်လျှောက်လာသည်၊ ၎င်း၏ခြေလှမ်းများသည်ပေါ့ပါးပြီး ကြောက်မက်ဖွယ်ကောင်းသောအသွင်အပြင်တစ်ခု ဖြင့် အသံတစ်သံမျှထွက်မလာချေ၊

ဟေးမင်သည်ဖြည်းဖြည်းချင်းနောက်ဆုတ်လိုက်ပြ ီး သူ့သားရဲများ၏အကူအညီရဖို့ စိတ်ထဲမှခေါ်လိုက်သည်၊

စာစဉ် ၁၀

ဒါကကျိန်းသေ ရိုင်းစိုင်းတဲ့သားရဲမျိုးမဟုတ်ဘူး၊ ဟေးမင်ကဒါအတွက်သေချာသည်၊ ကျားသစ်နက်၏အမွေးသည် အရည်အသွေးမြင့်အနက်ရောင်ပိုးထည်ကဲ့သို့ပင် အလွန်ချောမွေ့သည်၊ ၎င်းကိုကြည့်ခြင်းအားဖြင့် တစ်စုံတစ်ယောက်က၎င်းအား မကြာခဏဂရုစိုက်ပေးတာကိုသိနိုင်သည်၊

ဂါး!

အနီးနားရှိနံရံသည် ကြီးမားသောပမာဏလောက်ပေါက်ထွက်သွားပြီး ကြီးမားသော မျောက်လူဝံကြီးက ဒေါသတကြီးဖြင့်ထွက်လာသည်၊

၎င်းကထူထဲသောလက်မောင်းများက အားအင်ပြည့်ဝသောသံမဏိသံတိုင်များနှင့် တူသည်၊

၎င်းသည်ကျားသစ်နက်အား အားထည့်ကာ ၎င်း၏ထူထဲသောလက်သီးများ ဖြင့်လွှဲလိုက်ပြီး အိမ်ပြတင်းပေါက်များကိုတိုက်ခိုက်သောလေများမှတစ်ဆင့် အားဖြင့်သောခွန်အားကြောင့်ပေါက်ကွဲစေသည်၊

ကျားသစ်နက်က ရှောင်ရှားမှုမရှိဘဲရပ်မြဲတိုင်းရပ်နေပြီး, ပေါးမင်၏မျက်လုံးများသည် ပျော်ရွှင်မှုဖြင့်တောက်ပလာတော့သည်၊

ဒီကျားသစ်နက်က သေနေတဲ့အသားကြီးဘဲ၊ သူ၏ရက်စက်ကြမ်းကြုတ်သောနတ်ဆိုးလူဝံသည် အလွန်သန်မာသည်၊ သူ၏လက်သီး တစ်ချက်ထိုးချလိုက်သည်နှင့်, ထုံးကျောက်၏စတုရန်းကိုက်အနည်းငယ်ကို ရိုက်ချိုးပစ်နိုင်သည်၊

စာစဉ် ၁၀

လက်သီးထိုးချမှုကကျားသစ်နက်ဆီသို့တည့်တည့်ရောက်သည်၊ ဒါပေမယ့်,
အရိပ်တစ်ခုကိုထိုးလိုက်သကဲ့သို့
ကျားသစ်နက်၏ကိုယ်ကိုဖြတ်၍ ကြမ်းပြင်ပေါ်သို့
ကျသွားသည်၊

ဂျိမ်း!

ဟေးမင်က
သူ၏ခြေဖဝါးအောက်မှကြမ်းပြင်ကပြောင်းလဲသွားသည်ကို ခံစားလိုက်ရပြီး
လှိုင်းတစ်ခုကသူ့ကိုတုန်လှုပ်စေသည်၊

နတ်ဆိုးလူဝံသည်ထိတ်လန့်သွားတော့သည်၊
ရုတ်တရက်ကျားသစ်နက်သည်
လျင်မြန်သွက်လက်သောလှုပ်ရှားမှုတစ်ခုဖြင့်၎င်း၏နောက်တွင်ပေါ်လာသည်၊

စူးရှသောခြေသည်းများသည်၎င်း၏ခြေဖဝါးမှထွက်ပေါ်လာပြီး တစ်ခုချင်းစီသည်အေးခဲနေသောအလင်းရောင်ဖြင့်တောက်ပနေသည်၊

နူးညံ့သောပွတ်တိုက်သံနှင့်အတူထောပတ်ကိုဖြတ်သောဓားလိုမျိုး ၎င်းသည်နတ်ဆိုးလူဝံ၏နောက်ကျောကိုအလွယ်တကူကုတ်ဖြဲလိုက်သည်၊ ပြင်းထန်သောဒဏ်ရာလေးချက်မှသွေးများစီးကျလာသည်၊

ကျားသစ်နက်သည်နောက်သို့ခုန်လိုက်ပြီး နတ်ဆိုးလူဝံကလှည့်လာကာ လက်သီးဖြင့်ထိုးချခြင်းနှင့်အညီ ထိုလက်သီးကိုရှောင်တိမ်းသည်၊ ၎င်းသည်ညဥ့်အထက်မြက်ဆုံးသောလူသတ်သမားများကဲ့သို့လျင်မြန်လှသည်၊

ဘန်း!

စာစဉ် ၁၀

ပေါ်မင်း၏လက်ထဲတွင်ကိုင်ထားသောသေနတ်ပြောင်းဝမှ အဖြူရောင်မီးခိုးများထွက် လာပြီး ယမ်းနံ့သည်လေထဲတွင်ပျံ့နှံ့သွားတော့သည်၊

ဒါပေမယ့်ကျည်ဆံက ကျားသစ်နက်အမွေးများ၏အပေါ်မှလှည့်ပတ်သွားပြီး တောက်ပတဲ့အမည်းရောင်အမွေးတွေကို ဖြတ်ကာလှိုင်းတွန့်လေးများဖြစ်ပေါ်သွား စေသည်၊ အဆုံးမှာတော့, ကျည်ဆံမှစွမ်းအင်သည်လုံးလုံးလျားလျားအရှိန်လျော့သွား ပြီးကြမ်းပြင်ပေါ်၌ကျသွားတော့သည်၊

ကျားသစ်တစ်ကောင်၏အမွေးကိုကျည်ဆံတောင် မတိုးနိုင်ဘူး၊

ညှောင်!၊ ကျားသစ်နက်ကမျက်စောင်းကြီးထိုးကာ ပေါ်မင်းကိုခြိမ်းခြောက်တဲ့အကြည့်နဲ့ ကြည့်လိုက်သည်၊

ကြောင်တစ်ကောင်?

ဟေးမင်သည်တခဏမျှအံ့ဩသွားတော့သည်၊ သူကကျားသစ် တစ်ကောင်လို့ထင်ခဲ့ပေမယ့် သူက ဟိန်းဟောက်ရမည့်အစား ညှောင်လို့အော်လိုက် သည်၊ ဒါပေမယ့်ကွဲပြားမှုကအရေးမကြီးပါဘူး၊ သူကသူ့သားရဲအတွက်အချိန် အများကြီးပေးထားရတာ။

ထိုအချိန်,

ကြောင်နက်ကလှည့်ကာသူ့ကိုကြည့်လိုက်ပြီး, နတ်ဆိုးလူဝံကကြောင်နက် ကိုအပြင်းအထန်ထိုးနှက်ဖို့အခွင့်အရေးရခဲ့သည်။

သို့သော်ကြောင်နက်၏ကိုယ်ကိုပထမဆုံးရိုက်မိသ ည့်အချိန်၌ကြောင်နက်၏အရိပ် တစ်ခုအဖြစ်စုသွားကာ လက်သီးထိုးချမှုသည်အမှောင်ရိပ်မှဖြတ်သွားသည်၊

အရိပ်အမျိုးအစား!

စာစဥ် ၁၀

အရိုပ်အမျိုးအစားသားရဲများအတွက်က ထူးခြားသောရှားပါးစွမ်းအင်ဖြစ်သည်၊

စိတ်ပျက်ခြင်းက ဟောမင်၏မျက်နှာကိုဖုံးလွှမ်းသွားသည်၊ သူ၏ကိုယ်ပိုင်သားရဲသည် ထိုသားရဲအားပြည့်စုံစွာတုန့်ပြန်နိုင်သည်၊ အရိပ်အမျိုးအစားသားရဲများကိုဆန့်ကျင် တိုက်ခိုက်ရန်အတွက် အလင်းအမျိုးအစားသားရဲ (ဒါမှမဟုတ်) ဒြပ်စင်စွမ်းရည်တစ်မျိုး နဲ့တိုက်ခိုက်မှဖြစ်လိမ့်မည်၊ စင်ကြယ်သောခွန်အားကိုသုံး၍တိုက်ခြင်းသည် အရိပ်သားရဲအပေါ်လုံးဝမထိရောက်နိုင်ပါ၊

စာစဉ် ၁၀

ကြောင်နက်၏ခန္ဓာကိုယ်သည်အမှောင်ထုကိုဖြတ်၍ အိမ်၏အမှောင်အရိပ်နှင့်အတူ ရောနှောသွားပြီး မျက်စိထဲမှပျောက်ကွယ်သွားတော့သည်၊

ဟေးမင်၏နောက်ကျောက
အေးစက်သွားမှုကိုခံစားလိုက်ရပြီး အိမ်နောက်ဘက်သို့ အမြန်ပြေးသွားခဲ့သည်၊
ဒါပေမယ့်အရမ်းနောက်ကျသွားပြီဖြစ်သည်၊

"စွမ်းအင် အတားအဆီး"

အဝါရောင်ဖျော့ဖျော့စွမ်းအင်အတားအဆီးက
အဝါရောင်ဖလင်ပြားတစ်ခုလိုမျိုးကို
သူ၏ခန္ဓာကိုယ်နှင့်ကပ်လျက် အသက်သွင်းလိုက်သည်၊

ကြီးမားသောခွန်အားသည်သူ၏နောက်ကျောမှရိုက်ခတ်သွားတော့သည်၊

စာစဉ် ၁၀

ဟေးမင်ကပျံထွက်သွားပြီး ခုံတစ်လုံးနှင့်တိုက်မိသွားသည်၊

စွမ်းအင်အတားအဆီးက သူ့ခန္ဓာကိုယ်ရှိအလွှာတစ်ခုတွင်အက်ကွဲကြောင်းထွက်လ ာပြီး ၎င်းကဖြည်းဖြည်းချင်းပုံမှန်ပြန်ဖြစ်သွားသည်၊

အားပြင်းသောလေကဖြတ်သွားသည်နှင့် တစ်ပြိုင်နက်ပေဒါဇင်ပေါင်းများစွာကို နေရာတစ်ခုတည်းတွင်တိုက်ခိုက်ခဲ့သည်၊

စွမ်းအင်အတားအဆီးသည် ချက်ချင်းကျိုးပဲ့သွားပြီး သွေးများစီးကျလာသည်၊ ဟေးမင်သည်သူ၏ခြေထောက်ကိုဆုပ်ကိုင်လိုက်ပြီး မြေပြင်ပေါ်တွင်လှိမ့်လိုက်ကာ နာကျင်၍ ညည်းသံကိုထုတ်လိုက်သည်၊

စာစဉ် ၁၀

ပြင်းထန်သောနာကျင်မှုသည် သူ့အားလွှမ်းခြုံသွားပြီး သူ၏စိတ်ဝိညာဉ်တစ်ခုလုံးကိုဖုံးလွှမ်းသွားသည်၊

ကြောင်နက်သည် အရိပ်ဖြင့်ခုန်လွှားခြင်းကိုလုပ်လိုက်ပြီး ပျောက်ကွယ်သွားတော့ သည်၊

ချွေးများက ဟေးမင်၏နဖူးပေါ်မှအများအပြားကျလာတော့သည်၊ သူ့နှလုံးသားထဲတွင် တော့,စိတ်ပျက်နေပေမယ့် စိတ်သက်သာရာလည်းရသွားသည်၊ အခြားအဖွဲ့ကသူ့ကို သတ်ဖို့ရည်ရွယ်ချက်မရှိပုံရသည်၊ သူတို့ငါ့ကိုဆက်ပြီးနှိပ်စက်ချင်တာဘဲ...

...

ဟေးမင်သည်သူ၏ခြေထောက်ရှိအရွတ်များ ကွဲထွက်သွားခြင်းကိုခံစားနိုင်သည်၊

စာစဉ် ၁၀

သူဖုန်းကိုထုတ်လိုက်ပြီး

ဆေးရုံကိုအမြန်ဖုန်းဆက်ခေါ်လိုက်သည်၊

သူသာကံကောင်း

လျင်တော့သူတို့ကပြန်ပြီးခေါ်ပါလိမ့်မယ်၊

သူ့ကိုဘယ်သူကတိုက်ခိုက်ချင်နေတာလဲ? ချန်အန်းမှာအရိပ်သားရဲကြောင်အမျိုးအစားနဲ့စွမ်းအားမြင့်တဲ့ထိပ်တန်းသားရဲလေ့ကျင့်သူကိုသူတစ်ခါမှမကြားဖူးပေ။

***

စာစဉ် ၁၀

# *အပိုင်း၁၅၄ ခြေကျိုးနဲ့တော့မသွားနိုင်ဘူးလေ*

ဟေးမင်ကကြောင်အမ်းသွားသည်၊ သူက ကောင်းဖန်ဒီလောက်လွယ်လွယ်နဲ့လက်ခံလိမ့်မယ်လို့ထ င်မထားဘူးလေ၊ ဒါကအရမ်းမြန်လွန်းသွားတာဘဲ…

သားရဲပျိုးထောင်သူအဖွဲ့ခွဲမှထွက်လာပြီးနောက်, ကောင်းဖန်ကမြို့လယ်ရှိသူ၏ စတူဒီယိုကိုတက္ကစီဖြင့်သွားလိုက်သည်၊ သူစတူဒီယိုအတွင်းသို့ဝင်သွားသည်နှင့်, ထိုနေရာက ညှိသည်များနှင့်အလုပ်ရှုပ်နေကြောင်းတွေ့လိုက်ရသည် ၊

“သူဌေးလေး, ဒီတစ်ယောက်ကသားရဲပျိုးထောင်သူအသစ် အလယ်အလတ်အဆင့် လျှိုမုန့်ဟွေး,” ရှင်ချွမ်ချွမ်က

ခဲရောင်အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသော အသက်၃၀ပတ်လည်လောက်ရှိသည့်အမျိုးသမီးနှင့် မိတ်ဆက်ပေးသည်၊ သူမကကောင်းဖန်ကိုခေါင်းညိတ်ပြ သည်၊

“ကောင်းပြီ!
အနည်းဆုံးငါဒီစတူဒီယိုမှာမရှိတော့ရင်
ပျက်စီးတော့မှာမဟုတ် တော့ဘူး”
ကောင်းဖန်ကပြောလိုက်သည်၊

သူကအခြားသားရဲပျိုးထောင်သူတွေအား
ဒီနေရာတွင်အလုပ်ခန့်ရန်ပိုပြီးတောင်
သဘောတူသေးသည်၊ ဘာဘဲဖြစ်ဖြစ်
ဒီစတူဒီယိုကိုတည်ထောင်တာက ဦးလေးလျို၏
ဆန္ဒဖြစ်ပြီး
ဒီစတူဒီယိုကိုအောင်မြင်ကျော်ကြားအောင်လုပ်နိုင်မယ်

## စာစဉ် ၁၀

လို့သူမျှော်လင့်သည်၊ သူမြို့ကထွက်သွားလို့ စတူဒီယိုရဲ့စီးပွားရေးကျသွားမည်ဆိုလျှင် သူ့တွင်တကယ်အပြစ်ရှိလိမ့်မည်၊

ယခုစဉ်းစားလိုက်သောအခါကောင်းဖန်သည် အခြားအလယ်အလတ်အဆင့်သားရဲပျိုးထောင်သူများက သားရဲများကိုမည်သို့မြှင့်တင်ခဲ့တယ်ဆိုတာကို အမှန်တကယ် မမြင်ဘူးပေ၊ ကောင်းဖန်သည်အလွန်စပ်စုလိုသော်လည်းမေးရန် မကောင်းတာကို သူသိသည်၊ အသုံးပြုသောနည်းလမ်းတိုင်းသည် ပျိုးထောင်ပေးသူ၏လျှို့ဝှက်ချက် ဖြစ်သည်၊ အလွန်အမင်းစူးစမ်းလိုစိတ်မရှိခြင်းက အကောင်းဆုံးဖြစ်သည်၊

စာစဉ် ၁၀

“အနာဂါတ်မှာ ကျွန်တော်စတူဒီယိုမှာအလုပ်မလုပ်နိုင်တော့ဘူး၊ နောက်နှစ်ရက်လောက်နေရင် ကျွန်တော်ယွိကျိုးဘက်ကိုသွားရတော့မယ်၊ ခင်ဗျားတို့အားလုံးအလုပ်ကြိုးစား ကြပါ” ကောင်းဖန်ကပြောလိုက်သည်၊

“ဘာရယ်? သူဌေးလေး, ထွက်သွားတော့မလို့လား?” ရှင်ချွမ်ချွမ်က သူထွက်သွားဖို့ကို ဝန်လေးနေသည်၊ ကောင်းဖန်သည်အရမ်းချစ်ဖို့ကောင်းတယ်, ပြီးတော့ သူမရုံးမှာမုန့်ခိုးစားလို့မိတော့လည်းသူကဘာမှမပြောပေ ၊

စတူဒီယိုမှထွက်ခွာပြီးနောက်, ကောင်းဖန်က ထိုနေရာကိုတစ်ခေါက်ပြန်ကြည့်လိုက်သည်၊

စာစဉ် ၁၀

အစက,

ကောင်းဖန်ကနောက်နေ့သူတို့ကိုမြှင့်တင်ဖို့ကူညီရင်း ဟေးမင်ရဲ့သားရဲတွေကို မကောင်းတဲ့အရာတစ်ခုလုပ်ဖို့ရည်ရွယ်ခဲ့သည်၊ သူကသူတို့ကိုဒုက္ခပေးချင်ခဲ့တာဖြစ် သည်၊ အကျွမ်းတဝင်သားရဲ၏အားနည်းချက်များကို မြင်နိုင်သူတစ်ဦးအတွက် သိသာထင်ရှားသည့်ခြေရာလက်ရာများမချန်ဖြစ်ဘဲ ၎င်းကကလေးကစားသလိုဘဲ ဖြစ်လိမ့်မည်၊

ဒါပေမယ့်, အချို့အတွေးတွေကြောင့် သူကထိုသို့လုပ်ဖို့မလိုကြောင်းခံစားလိုက်ရသည်၊

ဟေးမင်က စိတ်ပျက်စရာကောင်းတာ အမှန်ဘဲဖြစ်သည်၊ ဒါပေမယ့် တကယ်မှာတော့, သူကပိုပြီးဆိုးရွားလွန်းတဲ့အရာတွေကိုဘာမှမလုပ်ခဲ့ဘူး၊

ကောင်းဖန်က ဒေါ်လာပိုက်ဆံ မဟုတ်ပေ၊

အကုန်လုံးကသူ့ကိုချစ်ဖို့မလိုအပ်ပေ၊

ဒီလိုကိစ္စသေးသေးမွှားမွှားကိစ္စကြောင့်

လူတစ်ဦး၏သားရဲများကိုဒုက္ခပေးခြင်းသည်

အရမ်းကိုကလေးဆန်သည့်အပြုအမူဘဲဖြစ်လိမ့်မည်၊

…

ဟေးမင်သည်

သူ၏မိသားစုများနှင့်သားရဲများနေသော

မြို့စွန်ရှိသူ၏အိမ်သို့ပြန်သွားခဲ့သည်၊

၎င်းသည်ခြံဝင်းလေးဖြင့်ကာရံထားသော

ရိုးရှင်းသည့်လေးထပ်အိမ်ဖြစ်သည်၊

၁“ဒီရာသီဥတုက ငါ့ကိုသေအောင်မီးကင်နေတာဘဲ”

ဟေးမင်ကပြောလိုက်ပြီး သက်ပြင်းချလိုက်သည်၊

သူကသူ့ရဲ့အဖြူရောင်တိုက်ခိုက်ရေးဝတ်စုံကိုချွတ်လိုက်၂

ြီး, အဝတ်လျှော်စက်ထဲသို့ထည့်လိုက်ကာ, သူ့မျက်နှာမှချွေးများကိုသုတ်လိုက်သည်၊

သူကသူ့အခန်းထဲသို့ဝင်သွားပြီး, သန့်ရှင်းသောအင်္ကျီကိုပြောင်းဝတ်လိုက်သည်၊ သူ၏ အင်္ကျီအားလုံးသည်အဖြူဖြစ်သည်၊ သူကအဖြူသည်ပိုပြီးအာဏာရှိကာ, ၎င်းသည် ပိုပြီးခွန်အားကြီးသည့်ပုဂ္ဂိုလ်အဖြစ်ပေါ်လွင်စေသည်၊

သူ့အခန်းထဲကထွက်လာပြီး ဟေးမင်ကရုတ်တရက်အေးခဲသွားတော့သည်၊ ကျားသစ်နက်သည် သူ၏အိမ်အလယ်တွင်တိတ်ဆိတ်စွာလဲလျောင်းနေပြီး, ကျောက်စိမ်းရောင်မျက်လုံးများကသူ့ကိုစိုက်ကြည့်နေသ ည်၊

စာစဉ် ၁၀

ဟေးမင်က

ခြောက်ကပ်ကပ်ဖြင့်ရယ်လိုက်ပေမယ့်,

မည်သည့်ဟာသမှမရှိပေ၊

“ဘယ်ညီအကိုကငါ့ကိုနောက်နေတာလဲ?”

ဘေးပတ်လည်ကိုကြည့်လိုက်တော့,

အခန်းကတိတ်ဆိတ်နေသည်၊ ကျားသစ်နက်က

နေးကွေးစွာထလိုက်ပြီး

သူ့ဆီကိုချောချောမွေ့မွေ့ဖြင့်လျှောက်လာသည်၊

၎င်း၏ခြေလှမ်းများသည်ပေါ့ပါးပြီး

ကြောက်မက်ဖွယ်ကောင်းသောအသွင်အပြင်တစ်ခု ဖြင့်

အသံတစ်သံမျှထွက်မလာချေ၊

ဟေးမင်သည်ဖြည်းဖြည်းချင်းနောက်ဆုတ်လိုက်ပြ

ြီး သူ့သားရဲများ၏အကူအညီရဖို့

စိတ်ထဲမှခေါ်လိုက်သည်၊

စာစဉ် ၁၀

ဒါကကျိန်းသေ ရိုင်းစိုင်းတဲ့သားရဲမျိုးမဟုတ်ဘူး၊ ဟေးမင်ကဒါအတွက်သေချာသည်၊ ကျားသစ်နက်၏အမွေးသည် အရည်အသွေးမြင့်အနက်ရောင်ပိုးထည်ကဲ့သို့ပင် အလွန်ချောမွေ့သည်၊ ၎င်းကိုကြည့်ခြင်းအားဖြင့် တစ်စုံတစ်ယောက်က၎င်းအား မကြာခဏဂရုစိုက်ပေးတာကိုသိနိုင်သည်၊

ဂါး!

အနီးနားရှိနံရံသည် ကြီးမားသောပမာဏလောက်ပေါက်ထွက်သွားပြီး ကြီးမားသော မျောက်လူဝံကြီးက ဒေါသတကြီးဖြင့်ထွက်လာသည်၊

၎င်းကထူထဲသောလက်မောင်းများက အားအင်ပြည့်ဝသောသံမဏိသံတိုင်များနှင့် တူသည်၊

ငင်းသည်ကျားသစ်နက်အား အားထည့်ကာ ငင်း၏ထူထဲသောလက်သီးများ ဖြင့်လွှဲလိုက်ပြီး အိမ်ပြတင်းပေါက်များကိုတိုက်ခိုက်သောလေများမှတစ်ဆင့် အားဖြင့်သောခွန်အားကြောင့်ပေါက်ကွဲစေသည်၊

ကျားသစ်နက်က ရှောင်ရှားမှုမရှိဘဲရပ်မြဲတိုင်းရပ်နေပြီး, ဟေးမင်၏မျက်လုံးများသည် ပျော်ရွှင်မှုဖြင့်တောက်ပလာတော့သည်၊

ဒီကျားသစ်နက်က သေနေတဲ့အသားကြီးဘဲ၊ သူ၏ရက်စက်ကြမ်းကြုတ်သောနတ်ဆိုးလူဝံသည် အလွန်သန်မာသည်၊ သူ၏လက်သီး တစ်ချက်ထိုးချလိုက်သည်နှင့်, ထုံးကျောက်၏စတုရန်းကိုက်အနည်းငယ်ကို ရိုက်ချိုးပစ်နိုင်သည်၊

စာစဉ် ၁၀

လက်သီးထိုးချမှုကကျားသစ်နက်ဆီသို့တည့်တည့်ရောက်သည်၊ ဒါပေမယ့်, အရိပ်တစ်ခုကိုထိုးလိုက်သကဲ့သို့ ကျားသစ်နက်၏ကိုယ်ကိုဖြတ်၍ ကြမ်းပြင်ပေါ်သို့ ကျသွားသည်၊

ဂျိမ်း!

ဟေးမင်က သူ၏ခြေဖဝါးအောက်မှကြမ်းပြင်ကပြောင်းလဲသွားသည်ကို ခံစားလိုက်ရပြီး လှိုင်းတစ်ခုကသူ့ကိုတုန်လှုပ်စေသည်၊

နတ်ဆိုးလူဝံသည်ထိတ်လန့်သွားတော့သည်၊ ရုတ်တရက်ကျားသစ်နက်သည် လျင်မြန်သွက်လက်သောလှုပ်ရှားမှုတစ်ခုဖြင့်၎င်း၏နောက်တွင်ပေါ်လာသည်၊

စာစဉ် ၁၀

စူးရှသောခြေသည်းများသည်၎င်း၏
ခြေဖဝါးမှထွက်ပေါ်လာပြီး တစ်ခုချင်းစီသည်
အေးခဲနေသောအလင်းရောင်ဖြင့်တောက်ပနေသည်၊

နူးညံ့သောပွတ်တိုက်သံနှင့်အတူထောပတ်ကိုဖြတ်
သောဓားလိုမျိုး ၎င်းသည်
နတ်ဆိုးလူဝံ၏နောက်ကျောကိုအလွယ်တကူကုတ်ဖြဲလို
က်သည်၊ ပြင်းထန်သော
ဒဏ်ရာလေးချက်မှသွေးများစီးကျလာသည်၊

ကျားသစ်နက်သည်နောက်သို့ခုန်လိုက်ပြီး
နတ်ဆိုးလူဝံကလှည့်လာကာ လက်သီးဖြင့်
ထိုးချခြင်းနှင့်အညီ ထိုလက်သီးကိုရှောင်တိမ်းသည်၊
၎င်းသည်ည၌အထက်မြက်ဆုံးသောလူသတ်သမားများ
ကဲ့သို့လျင်မြန်လှသည်၊

ဘန်း!

စာစဉ် ၁၀

ဟေးမင်၏လက်ထဲတွင်ကိုင်ထားသောသေနတ်ပြောင်းဝမှ အဖြူရောင်မီးခိုးများထွက် လာပြီး ယမ်းနံ့သည်လေထဲတွင်ပျံ့နှံ့သွားတော့သည်၊

ဒါပေမယ့်ကျည်ဆံက ကျားသစ်နက်အမွေးများ၏အပေါ်မှလှည့်ပတ်သွားပြီး တောက်ပတဲ့အမည်းရောင်အမွေးတွေကို ဖြတ်ကာလှိုင်းတွန့်လေးများဖြစ်ပေါ်သွား စေသည်၊ အဆုံးမှာတော့, ကျည်ဆံမှစွမ်းအင်သည်လုံးလုံးလျားလျားအရှိန်လျော့သွား ပြီးကြမ်းပြင်ပေါ်သို့ကျသွားတော့သည်၊

ကျားသစ်တစ်ကောင်၏အမွေးကိုကျည်ဆံတောင်မတိုးနိုင်ဘူး၊

ညှောင်!၊ ကျားသစ်နက်ကမျက်စောင်းကြီးထိုးကာ ဟေးမင်ကိုခြိမ်းခြောက်တဲ့အကြည့်နဲ့ ကြည့်လိုက်သည်၊

ကြောင်တစ်ကောင်?

ဟေးမင်သည်တခဏမျှအံ့ဩသွားတော့သည်၊ သူကကျားသစ် တစ်ကောင်လို့ထင်ခဲ့ပေမယ့် သူက ဟိန်းဟောက်ရမည့်အစား ညှောင်လို့အော်လိုက် သည်၊ ဒါပေမယ့်ကွဲပြားမှုကအရေးမကြီးပါဘူး၊ သူကသူ့သားရဲအတွက်အချိန် အများကြီးပေးထားရတာ။

ထိုအချိန်,

ကြောင်နက်ကလှည့်ကာသူ့ကိုကြည့်လိုက်ပြီး, နတ်ဆိုးလူပံကကြောင်နက် ကိုအပြင်းအထန်ထိုးနှက်ဖို့အခွင့်အရေးရခဲ့သည်။

သို့သော်ကြောင်နက်၏ကိုယ်ကိုပထမဆုံးရိုက်မိသ ည့်အချိန်၌ကြောင်နက်၏အရိပ် တစ်ခုအဖြစ်စုသွားကာ လက်သီးထိုးချမှုသည်အမှောင်ရိပ်မှဖြတ်သွားသည်၊

အရိပ်အမျိုးအစား!

စာစဉ် ၁၀

အရိုင်းအမျိုးအစားသားရဲများအတွက်က ထူးခြားသောရှားပါးစွမ်းအင်ဖြစ်သည်၊

စိတ်ပျက်ခြင်းက ဟေးမင်၏မျက်နှာကိုဖုံးလွှမ်းသွားသည်၊ သူ၏ကိုယ်ပိုင်သားရဲသည် ထိုသားရဲအားပြည့်စုံစွာတုန့်ပြန်နိုင်သည်၊ အရိုင်းအမျိုးအစားသားရဲများကိုဆန့်ကျင် တိုက်ခိုက်ရန်အတွက် အလင်းအမျိုးအစားသားရဲ (ဒါမှမဟုတ်) ဒြပ်စင်စွမ်းရည်တစ်မျိုး နဲ့တိုက်ခိုက်မှဖြစ်လိမ့်မည်၊ စင်ကြယ်သောခွန်အားကိုသုံး၍တိုက်ခြင်းသည် အရိုင်းသားရဲအပေါ်လုံးဝမထိရောက်နိုင်ပါ၊

စာစဉ် ၁၀

ကြောင်နက်၏ခန္ဓာကိုယ်သည်အမှောင်ထုကိုဖြတ်၍ အိမ်၏အမှောင်အရိပ်နှင့်အတူ ရောနှောသွားပြီး မျက်စိထဲမှပျောက်ကွယ်သွားတော့သည်၊

ဟေးမင်၏နောက်ကျောက အေးစက်သွားမှုကိုခံစားလိုက်ရပြီး အိမ်နောက်ဘက်သို့ အမြန်ပြေးသွားခဲ့သည်၊ ဒါပေမယ့်အရမ်းနောက်ကျသွားပြီဖြစ်သည်၊

"စွမ်းအင် အတားအဆီး"

အဝါရောင်ဖျော့ဖျော့စွမ်းအင်အတားအဆီးက အဝါရောင်ဖလင်ပြားတစ်ခုလိုမျိုးကို သူ၏ခန္ဓာကိုယ်နှင့်ကပ်လျက် အသက်သွင်းလိုက်သည်၊

ကြီးမားသောခွန်အားသည်သူ၏နောက်ကျောမှရိုက်ခတ်သွားတော့သည်၊

စာစဉ် ၁၀

ဟေးမင်ကပျံထွက်သွားပြီး ခုံတစ်လုံးနှင့်တိုက်မိသွားသည်၊

စွမ်းအင်အတားအဆီးက သူ့ခန္ဓာကိုယ်ရှိအလွှာတစ်ခုတွင်အက်ကွဲကြောင်းထွက်လ ာပြီး ၎င်းကဖြည်းဖြည်းချင်းပုံမှန်ပြန်ဖြစ်သွားသည်၊

အားပြင်းသောလေကဖြတ်သွားသည်နှင့် တစ်ပြိုင်နက်ပေဒါဇင်ပေါင်းများစွာကို နေရာတစ်ခုတည်းတွင်တိုက်ခိုက်ခဲ့သည်၊

စွမ်းအင်အတားအဆီးသည် ချက်ချင်းကျိုးပဲ့သွားပြီး သွေးများစီးကျလာသည်၊ ဟေးမင်သည်သူ၏ခြေထောက်ကိုဆုပ်ကိုင်လိုက်ပြီး မြေပြင်ပေါ်တွင်လှိမ့်လိုက်ကာ နာကျင်၍ ညည်းသံကိုထုတ်လိုက်သည်၊

ပြင်းထန်သောနာကျင်မှုသည် သူ့အားလွှမ်းခြုံသွားပြီး သူ၏စိတ်ဝိဉာဉ်တစ်ခုလုံးကိုဖုံးလွှမ်းသွားသည်၊

ကြောင်နက်သည် အရိပ်ဖြင့်ခုန်လွှားခြင်းကိုလုပ်လိုက်ပြီး ပျောက်ကွယ်သွားတော့ သည်၊

ချွေးများက ဟေးမင်၏နဖူးပေါ်မှအများအပြားကျလာတော့သည်၊ သူ့နှလုံးသားထဲတွင် တော့,စိတ်ပျက်နေပေမယ့် စိတ်သက်သာရာလည်းရသွားသည်၊ အခြားအဖွဲ့ကသူ့ကို သတ်ဖို့ရည်ရွယ်ချက်မရှိပုံရသည်၊ သူတို့ငါ့ကိုဆက်ပြီးနှိပ်စက်ချင်တာဘဲ…

…

ဟေးမင်သည်သူ၏ခြေထောက်ရှိအရွတ်များ ကွဲထွက်သွားခြင်းကိုခံစားနိုင်သည်၊

စာစဉ် ၁၀

သူဖုန်းကိုထုတ်လိုက်ပြီး

ဆေးရုံကိုအမြန်ဖုန်းဆက်ခေါ်လိုက်သည်၊

သူသာကံကောင်း

လျှင်တော့သူတို့ကပြန်ပြီးခေါ်ပါလိမ့်မယ်၊

သူ့ကိုဘယ်သူကတိုက်ခိုက်ချင်နေတာလဲ? ချန်အန်းမှာအရိပ်သားရဲကြောင်အမျိုးအစားနဲ့စွမ်းအားမြင့်တဲ့ထိပ်တန်းသားရဲလေ့ကျင့်သူကိုသူတစ်ခါမှမကြားဖူးပေ။

***

စာစဉ် ၁၀

# အပိုင်း၁၅၅ အုပ်ချုပ်သူအဆင့်လူသားစားတီကောင်

ထိုညတွင်,
ကောင်းဖန်ကဟောမင်ဆီမှဖုန်းခေါ်ဆိုမှုရခဲ့သည်၊
သူကသူ့မိန်းမဖျားနာနေတာကြောင့်ဆေးရုံကိုပို့လိုက်ရတယ်လို့ပြောသည်၊
သူသည်နောက်တစ်နေ့မလာနိုင်တာကြောင့်
သူ၏ချိန်းဆိုမှုကိုထပ်ပြီး
အချိန်ဇယားတစ်ခုထပ်ပေးရန်မျှော်လင့်ခဲ့ သည်၊

“ခေါင်းဆောင်ဟော,
ကျွန်တော်ကမနက်ဖြန်ယွိကျိုးကိုသွားရမှာ၊
ကျွန်တော်တို့အနာဂါတ်မှာ ထပ်တွေ့မယ်ဆိုရင်
ချိန်းဖို့စီစဉ်ကြရအောင်” ကောင်းဖန်ကဖြေလိုက်သည်၊

စာစဉ် ၁၀

ကောင်းဖန်က ဒါဟာတကယ်ကိုတိုက်ဆိုင်တယ်လို့ခံစားရသည်၊ သူကဟေးမင်၏သားရဲများနှင့်အလုပ်မလုပ်ဖို့ကိုရှောင်ရှာ းရန် ဆင်ခြေတစ်ခုစဉ်းစားနေသော်လည်း ယခု ရှေ့မှောက်တွင်ဆင်ခြေတစ်ခုပေါ်လာပြီဖြစ်သည်၊

ဆယ်မိနစ်လောက်ကြာပြီးနောက်, ဖုန်းကထပ်၍မြည်လာပြန်သည်၊ ပြေးစက်ပေါ်တွင် ကြိုးစားနေသောဖလိမ်မီသည်ချက်ချင်းပင်ထသွားသည်၊ ဆိုဖာပေါ်သို့ခုန်တက်လိုက် ပြီးဖုန်းကိုကောက်ကိုင်လိုက်ကာ မီးဖိုချောင်ထဲသို့အမြန်ပြေးသွားလိုက်သည်၊ ဖလိမ်မီကဖုန်းကိုလက်လွှဲပေးလိုက်ပြီး, သူ၏သခင်ကျေနပ်မှုရှိစေရန်အတွက် စိတ်အားထက်သန်နေသည်၊

စာစဉ် ၁၀

ကောင်းဖန်ကဖုန်းကိုယူလိုက်ပြီး, ဖလိမ်မီကသူ၏ရင်ဘတ်ထဲမှလေများကိုမှုတ်ထုတ်လိုက်ပြီး, သူ၏သခင်ကိုစိတ်အားထက်သန်၍မျှော်လင့်နေသောမျက်လုံးများဖြင့် ကြည့်နေသည်၊

ကောင်းဖန်ကသူ့ဖုန်းကိုကြည့်လိုက်တော့ ခေါ်ဆိုသူက ဒါရိုက်တာချန်းဖြစ်နေတာကို တွေ့လိုက်သည်၊ သူဖုန်းဖြေဆိုမှုကိုနှိပ်လိုက်ပြီး, ဖလိမ်မီကိုလက်ယမ်းပြလိုက်ကာ, "မင်းကိုကြည့်ရတာ အခုသက်သာနေပြီမဟုတ်လား? ပြေးစက်ပေါ်မှာနောက်ထပ် တစ်နာရီလောက်ပြေးလိုက်ပါဦး"

ဖလိမ်မီ၏ဝိဉာဉ်သည်သူ၏ခန္ဓာကိုယ်မှထွက်သွားခဲ့သည်၊

စာစဉ် ၁၀

"မင်းကျန်းနန်ကနေပြန်လာပြီပေါ့"

ဖုန်း၏အခြားတစ်ဖက်က,

ဒါရိုက်တာချန်း၏ဟက်ဟက်ပက်ပက်ဖြင့်

ရယ်မောစွာပြောနေသောအသံကိုကြားလိုက်ရသည်၊

"မင်းဒီနေ့အားလား?

မင်းရဲ့အကူအညီကိုလိုတဲ့ကိစ္စတစ်ခုရှိနေတယ်၊

အဲ့တာက ကောင်းတဲ့အရာပါ, မင်းမစိုးရိမ်ပါနဲ့"

"ဒါရိုက်တာချန်း,

ဘာလို့သားရဲပျိုးထောင်သူအဖွဲ့အစည်းကနေထွက်သွားတာလဲ?" ကောင်းဖန်ကမေးလိုက်သည်၊

ဒါရိုက်တာချန်းက သားရဲပျိုးထောင်သူအဖွဲ့အစည်းတွင်အတွေ့အကြုံရင့်နေပြီဖြစ်သော

ဒါရိုက်တာတစ်ယောက်ဖြစ်သည်၊ ကပ်ဆိုးကြီး

ဖြစ်ကတည်းကသူကထိုရာထူးကိုယူထားပုံရသည်၊

စာစဉ် ၁၀

သားရဲလေ့ကျင့်သူခေါင်းစဉ်အကြောင်းပြောလိုက်တော့ ဒါရိုက်တာချန်းကဝမ်းနည်း သွားပုံရသည်၊

“အဖွဲ့အစည်းကပြောင်းလဲသွားပြီ၊ ကိုယ်အလုပ်လုပ်ရတာနှစ်သက်တဲ့ သားရဲပျိုးထောင်သူအဖွဲ့အစည်းမဟုတ်တော့ဘူး၊ သားရဲပျိုးထောင်သူအဖွဲ့အစည်းက အခုဆို သားရဲလေ့ကျင့်သူအဖွဲ့ချုပ်ရဲ့လက်အောက်ကဖြစ်သွားပြီ , ပြီးတော့သားရဲလေ့ကျင့်သူအဖွဲ့…” တစ်ဖက်ကဒါရိုက်တာချန်းကတိတ်ဆိတ်သွား သည်၊ သူ့ကိုကြည့်ရတာတစ်ခုခုပြောဖို့ရှိပေမယ့်, အဆုံးမှာတော့စကားလုံးတွေက ထွက်မလာပေ၊

“သားရဲလေ့ကျင့်သူအဖွဲ့တည်ထောင်ခြင်းက မဟာမိတ်အစိုးရအဖွဲ့နဲ့ပတ်သတ် မှုရှိတယ်လို့ကျွန်တော်ကြားတယ်”

စာစဉ် ၁၀

ကောင်းဖန်ကပြောလိုက်သည်၊ ဆိုလိုသည်မှာ သားရဲလေ့ကျင့်သူအဖွဲ့ချုပ်နှင့်မဟာမိတ်အစိုးရတို့သည် အလွန်နီးကပ်သော ဆက်ဆံရေးရှိခြင်းကိုဆိုလိုခြင်းဖြစ်သည်၊

ဒါရိုက်တာချန်း၏ရယ်လိုက်သောအသံက လိုင်း၏တခြားတစ်ဖက်မှကြားလိုက်ရသည်၊ "ဟုတ်တယ်, သူတို့ကဆက်နွယ်နေတယ်၊ ဒါပေမယ့်ဒါကမင်းတွေးသလိုမျိုး နည်းလမ်းနဲ့မဟုတ်ဘူး၊ ကိုယ်ကအခုစစ်တပ်အတွက်လုပ်ပေးနေတာ၊ မင်းစိတ်ဝင်စားရင် ဒီမှာလာလုပ်ပါ့လား? မင်းရဲ့အရည်အချင်းနဲ့ မင်းရဲ့အလုပ်အပေါ် စွမ်းဆောင်ရည်ကိုမူတည်ပြီး မင်းဒီမှာကိုယ်ပိုင်ဓာတ်ခွဲခန်းကိုတာဝန်ယူဖို့ကတော့

လုံး၀ဖြစ်နိုင်တယ်၊” ဒါရိုက်တာချန်းက ကောင်းဖန်သည်သူတစ်ယောက်တည်းဖြစ်နေတာကိုသိတာကြောင့် သူ့ကိုကူညီချင်သည်၊

အကယ်၍ဒါကအရင်ကကောင်းဖန်ဖြစ်ခဲ့မယ်ဆိုရင်တော့ သဘောတူခဲ့မှာဖြစ်သည်၊ ဒါပေမယ့်အခုကအဘိုးနဲ့အဆက်အသွယ်ပြန်ရတာကြောင့်, ဒီလိုမျိုးမည်သည့်အင်အားကြီးနေရာကိုမဆို၀င်ရောက်ရန် ရည်ရွယ်ချက်အားလုံးကိုစွန့်လွှတ်လိုက်ရသည်၊

ဒါရိုက်တာချန်းကကောင်းဖန်၏ဆုံးဖြတ်ချက်ကို၀မ်းနည်းသွားပြီး, သူကအလျင်အမြန်ဘဲသူ့စိတ်ကိုပြန်ပြင်လိုက်သည်၊ “အဆင်ပြေပါတယ်၊ ဒါပေမယ့်အခုတော့, ဒီမှာလုပ်ဖို့အတွက်အလုပ်ကြီးတစ်ခုရှိတယ်၊ မင်းစိတ်ဝင်စားလား?

အာ...ငါ မင်းကိုအများကြီး တော့မပေးနိုင်ပေမယ့် မင်းကိုရှားပါးတဲ့ပစ္စည်းတွေတော့လဲပေးနိုင်ပါတယ်”

ဒါရိုက်တာချန်းကကောင်းဖန်၏စိတ်ကိုကောင်းကောင်း သိသည်၊ ငွေကြေးက အကောင်းဆုံးဆွဲဆောင်မှုပင်ဖြစ်သည်၊

“ဟုတ်ပါပြီ, ခင်ဗျားပြောချင်တဲ့လိုရင်းကိုဘဲလွတ်လွတ်လပ်လပ်ပြောပါ, ဒါရိုက်တာချန်း၊ အကယ်၍ကျွန်တော်အဆင်ပြေမယ်ဆိုရင်, အကောင်းဆုံးဖြစ်အောင် ကူညီပေးပါ့မယ်”

“ကောင်းပြီ, ကိုယ်လိုရင်းဘဲပြောမယ်၊ တဲ့လီသဲကန္တာရကလူသားစားတီကောင်တွေအကြောင်း မင်းအရင်ကကြားဖူးမှာပါ၊ လူသားစားတီကောင်အုပ်စုကို ချန်အန်းမြို့ နယ်နမိတ်ကိုကျော်ပြီးမောင်းထုတ်ခဲ့ပြီးပြီ၊

စာစဉ် ၁၀

ဒါပေမယ့်, မကြာသေးခင်က သားရဲအမဲလိုက်အဖွဲ့က အဲ့ဒီလူသားစားတီကောင်အဖွဲ့ထဲက အုပ်ချုပ်သူအဆင့် တီကောင်က
ဧကရာဇ်အဆင့်ကိုမြှင့်တင်ဖို့လုပ်နေတယ်ဆိုတာကိုတွေ့ ခဲ့တယ်၊”

လူသားစားတီကောင်က
ဧကရာဇ်အဆင့်ကိုရောက်အောင်…
ကောင်းဖန်ကထိုသတင်း
ကိုမှတ်သားဖို့ကြိုးစားလိုက်သည်၊

“စစ်တပ်က ဧကရာဇ်အဆင့်ရောက်လုနီးပါးမှာ လူသားစားတီကောင်ကိုဖမ်းမယ်လို့
ပြင်ဆင်နေတာလား?” ဒါရိုက်တာချန်းက
ယခုစစ်တပ်ကိုကိုယ်စားပြုနေတာကြောင့် ,

ဒီလိုတောင်းဆိုမှုမျိုးကသူတို့ဆီကလာတာဘဲဖြစ်နိုင်သည်၊

"ဟုတ်တယ်, ဒါပေမယ့်ခုချက်ချင်းတော့မဟုတ်ဘူး၊ ငါတို့က လူသားစားတီကောင် အောင်အောင်မြင်မြင်မြှင့်တင်နိုင်ဖို့အတွက်မျှော်လင့်တယ်၊ ဒီလူသားစားတီကောင်တွေ ကအရင်ကတည်းကတာ့လီသဲကန္တာရမှာနေတာဘဲလေ, သူဧကရာဇ်အဆင့်မြှင့်တင်ဖို့ အတွက်ကို တာ့လီသဲကန္တာရကိုပြန်လာဖို့စီစဉ်လိမ့်မယ်လို့ငါတို့ယုံတယ်၊"

ကောင်းဖန်က အစကတည်းကသူတို့အစီအစဉ်ကိုနားလည်ပြီးဖြစ်သည်၊ တာ့လီသဲကန္တာရသည်လက်ရှိတွင်

စာစဉ် ၁၀

ကန္တာရအုပ်စိုးသူကလွှမ်းမိုးထားတာဖြစ်သည်၊ ကပ်ဆိုးကြီးဖြစ်ကတည်းက တာ့လီသဲကန္တာရသည်ပိုပြီးကြီးလာသော်လည်း ကေရာဇ်အဆင့်နှစ်ကောင်၏နယ်မြေများအဖြစ်နေရာချ ရန်က သေချာပေါက် မလုံလောက်ပေ၊ အချိန်တန်သောအခါ တိုက်ပွဲကြီးတစ်ခုဖြစ်လာလိမ့်မည်၊ ချန်အန်းစစ်တပ်က ထိုတိုက်ပွဲ၏အပျက်အစီးများကိုရိတ်သိမ်းရန် ပြင်ဆင်နေပုံရသည်၊

ဒါပေမယ့် တစ်ခုတည်းသောအရာက... ဒီအစီအစဉ်မှာကောင်းဖန်ကဘယ်နေရာက ပါဝင်ရမည်နည်း? သူခေါင်းခြောက်နေတော့သည်၊ ဒီလိုအဆင့်တိုက်ပွဲမျိုးက သူ့အတိုင်းအတာကိုကျော်နေသည်၊

အကယ်၍သူသွားရင်တောင်, သူလုပ်ရမှာက ကြည့်နေရုံပင်ဖြစ်သည်၊

“စိတ်မပူပါနဲ့, ကိုယ်တို့က ဧကရာဇ်အဆင့်တိုက်ပွဲကြီးမှာပါမှာမဟုတ်ဘူး၊ ငါတို့လုပ်ရမှာက လူသားစားတီကောင်မြှင့်တင်နေတဲ့အချိန်မှာ တခြားသားရဲတွေရန်ကနေကာကွယ်ဖို့ဘဲ”

“ဒါဆိုဘာလို့ကျနော်မှလဲ? စစ်တပ်ထဲမှာသန်မာတဲ့သားရဲလေ့ကျင့်သူတွေ အများကြီး ဘဲမဟုတ်ဘူးလား?”

“ကောင်းပြီ”

ဒါရိုက်တာချန်းကကို့ရို့ကားရားဖြစ်သွားသည်၊

“ဒီအကြံကကိုယ့်ဆီကနေ လာတာ, ဒါပေမယ့် အထက်ပိုင်းကမကြိုက်ကြဘူး,

ဒါကြောင့်ကိုယ်ရဲ့ကိုယ်ပိုင်
အဆက်အသွယ်ပေါ်မှာဘဲမှီခိုရတယ်လေ၊
ဒါပေမယ့်,စိတ်မပူပါနဲ့၊ အဲ့မှာတအားကြီး
အန္တရာယ်ရှိတာတွေရှိမှာမဟုတ်ပါဘူး၊ ကိုယ့်ဘက်မှာ
စစ်တပ်ကသားရဲလေ့ကျင့်သူ အနည်းစုလည်းရှိပါတယ်,
ပြီးတော့, အစီအစဉ်ကအဆုံးမှာကောင်းမွန်တယ်ဆိုရင်,
ရွှေရောင်နတ်ဘုရားကိုယ်တိုင်ကူညီလိမ့်မယ်၊

‘ ဒါရိုက်တာချန်းကိုကြည့်ရတာ
စစ်တပ်ထဲဝင်ကတည်းကအခြေအနေသိပ်မကောင်း
ဘူးလို့ထင်တယ်…’ကောင်းဖန်ကတွေးလိုက်သည်။

“ကောင်းပြီ, တီကောင်ကြီးကဘယ်တော့
မြှင့်တင်တာကိုစမှာလဲ?”

“အဲ့တာက နောက်နှစ်ရက်အတွင်းဖြစ်လိမ့်မယ်၊
တင်ပြချက်တွေအရကတော့,

စာစဉ် ၁၀

လူသားစားတီကောင်အများစုကစပြီးစုစည်းနေကြပြီ၊

ဒါကအဆင့်တိုးဖို့အတွက်

ပြင်ဆင်မှုလို့ငါတို့ယုံကြည်တယ်၊ ဒီနောက်တော့,

ငါမင်းဆီမှာအကြွေးတင်နေတော့မှာဘဲ၊

အနာဂါတ်မှာမင်းတစ်ခုခုလိုတာရှိရင် ငါ့ဆီကိုလာခဲ့ပါ”

ဒါရိုက်တာချန်းက ကျေးဇူးတင်စွာနှင့်ပြောလိုက်သည်၊

သူကသားရဲပျိုးထောင်သူအဖွဲ့အစည်း၏

ဒါရိုက်တာအဖြစ်နှုတ်ထွက်ပြီးကတည်းက

လူတို့ရဲ့နွေးထွေးမှုနဲ့အေးစက်မှုတို့ကို

သေချာသင်ယူနိုင်ခဲ့သည်၊

သူ၏သူငယ်ချင်းဖြစ်ပုံရတဲ့သူများကတော့

ကေရာဇ်အဆင့်

မြှင့်တင်တဲ့သားရဲတစ်ကောင်အကြောင်းကြားသည်နှင့်

စာစဉ် ၁၀

အားလုံးကတစ်ယောက်ပြီး
တစ်ယောက်ငြင်းဆန်ခဲ့ကြသည်၊

...

နောက်တစ်နေ့ ချန်အန်းမြို့စွန်ရှိ
မှန်ရေကန်အနားတွင်လူများစုရုံးနေကြသည်၊
ထိုအချိန်ကောင်းဖန်ရောက်လာတော့,
ဒါရိုက်တာချန်းနှင့်အခြားသူတွေက
ရောက်နှင့်ပြီးဖြစ်သည်၊
ဒါရိုက်တာချန်းမှလွဲ၍အခြားသူနှစ်ဦးက ပေါ့ပေါ့ပါးပါး
ဝတ်စုံဝတ်ထားသည်၊
သူတို့နှစ်ယောက်လုံးကအရပ်ရှည်ပြီးဝကြသည်၊
သူတို့နှစ်ယောက်ပေါင်းဝိတ်ကိုတွက်ကြည့်မည်ဆိုလျှင်
ပေါင်၅၀၀နှင့်ညီနိုင်သည်လို့ တွေးမိလိုက်သည်၊

စာစဉ် ၁၀

“ပြီးတော့ ဒါက?”

ဒါရိုက်တာချန်းကကောင်းဖန်ဘေးတွင်ရပ်နေသော

လူအိုကြီးကို တုန့်ဆိုင်းစွာကြည့်ကာမေးလိုက်သည်၊

“

သူကကျွန်တော့်မိသားစုအကြီးတွေထဲကတစ်ယောက်ပါ

...” ကောင်းဖန်ကဦးလေးလျို

ကိုကျန်တဲ့သူများနှင့်မိတ်ဆက်ပေးလိုက်သည်၊

“ အားလုံးဘဲ,မင်္ဂလာနံနက်ခင်းပါ၊

ခင်ဗျားတို့အားလုံးစားပြီးကြပြီလား, ငါ့မှာဘန်းမုန့်

တချို့ပါတယ်, အခုထိပူနေတုန်းဘဲ”

ဦးလေးလျိုကစကားလမ်းကြောင်းကိုယူလိုက်ပြီး

ပလတ်စတစ်အထုတ်ကိုကမ်းကာပြောလိုက်သည်၊

အမဲသားဘန်းမုန့်၏အမွှေးနံ့က

လေထဲသို့ပျံ့နှံ့လာတော့သည်၊

စာစဉ် ၁၀

“ရပါတယ်, ကျွန်တော်တို့စားပြီးပြီ,” ဒါရိုက်တာချန်းက ကို့ရို့ကားရားဖြစ်နေသောအပြုံး ဖြင့်ပြောလိုက်သည်၊

“ဘာလို့တုန်း…, ကျေးဇူးပါဗျ” ဘယ်ဘက်မှဝတဲ့သူတစ်ယောက်ကရယ်ကာ သူ့လက် ကိုအိတ်ထဲထည့်လိုက်ပြီး ဘန်းမုန့်နှစ်လုံးကိုယူလိုက်သည်၊

“ဦးလေးကအရမ်းရက်ရောတာဘဲ၊ ဟိတ်ဟန်တွေလုပ်မနေတော့ဘူးနော်” ညာဘက်ရှိ ဝတဲ့သူတစ်ဦးကလည်းကြီးမားသော ဘန်းမုန့်နှစ်လုံးကိုလက်လှမ်းကာရယ်လိုက်သည်၊ သူကတစ်ကိုက်ကိုက်လိုက်ပြီး ပါးစပ်မှဆီတွေကိုသုတ်လိုက်သည်၊

စာစဥ် ၁၀

ဒါရိုက်တာချန်းက သူတို့ကိုတိတ်တဆိတ်သာကြည့်နေတော့သည်၊

“အားလုံးဘဲ, သူစိမ်းတွေလိုမနေကြရအောင်” ကို့ရို့ကားရားဖြစ်နေမှုများကို ပျံ့လွင့်သွားစေရန်ကောင်းဖန်ကပြောလိုက်သည်၊

ဦးလေးလျိုက အဖြူရောင်ဂျာစီအင်္ကျီကိုဝတ်ထားပြီး, ခဲရောင်ဘောင်းဘီတိုနှင့် အစိမ်းရောင်အစင်းအားကစားဖိနပ်တို့ကိုဝတ်ဆင်ထားသည်၊ သူ့ပုံစံက ပန်းခြံထဲတွင် လမ်းလျှောက်မည့်ပုံဖြစ်နေတာကြောင့်သူ့ကိုပထမဆုံးတွေ့တော့ ဒါရိုက်တာချန်းက နားမလည်ဖြစ်နေတာဖြစ်သည်၊

စာစဉ် ၁၀

“ငါ့နာမည်က လျှိုရှောင်းထန်”ဦးလေးလျှိုက သူ့ကိုယ်သူမိတ်ဆက်လိုက်သည်၊ “မင်းတို့ငါ့ကို ဦးလေးလျှို ဒါမှမဟုတ် လူအိုကြီးလျှိုလို့ခေါ်နိုင်ပါတယ်”

ဦးလေးလျှို၏နာမည်အပြည့်အစုံကို ကောင်းဖန်ကြားဖူးတာပထမဆုံးဖြစ်ကာ အဲ့တာကအရမ်းကိုအံ့သြဖို့ကောင်းသည်၊ ကောင်းဖန်သည် လျှောက်ပတ်သောအဝတ် ကိုဝတ်ထားသောဦးလေးလျှို၏ပုံကိုကြည့်မိသည်နှင့် ၎င်းသည်သူ့အားလုံးဝကိုခြားနား သွားစေသည်၊

“ကျွန်တော်က လီချင်း”
ဘယ်ဘက်ကဝတဲ့လူကပြောလိုက်သည်၊

“ကျွန်တော်ကချင်ယိ”
ညာဘက်ကဝတဲ့လူကပြောလိုက်သည်၊

## စာစဉ် ၁၀

“…ကျုံး?”

ဦးလေးလျိုသည်တုန့်ဆိုင်းလျက်အသံထွက်သွားသည်၊

***

စာစဉ် ၁၀

# *အပိုင်း၁၅၆ အရိုင်ဂျဖာလူကာပုတ်သင်*

"ဟုတ်တယ်, အဲ့တာ
လီချင်းချင်ယိကျိုး(လီချင်းတစ်ယောက်နမ်းနေသည်)"
လီချင်းက
ဒီလိုမျိုးသံတူကြောင်းကွဲစကားတွေကြောင့်သိပ်ပြီးအနေ
ာက်အယှက်မဖြစ်ပေ၊ သူနဲ့ ချင်ယိတို့အတော်ကြာကြာ
ကောင်းမွန်တဲ့ဆက်ဆံရေးရှိပြီး, သူတို့ကကပ်ဆိုးကြီးပြီး
ကတည်းက
သားရဲအမဲလိုက်အဖွဲ့ကိုတည်ထောင်ခဲ့တာဖြစ်သည်၊
ထိုသားရဲအမဲလိုက်အသိုင်းအဝိုင်းမှသူတို့ကိုသိသောသူမျ
ားသည်ထိုကဲ့သို့သော
တူညီသောဟာသမြောက်သည့်အသုံးကိုသုံးကြသည်၊
တကယ်တော့ဒေါသထွက်ရတာ ဘာမှမရှိပါဘူး၊

သူတို့ကထိုစကားကိုကြားလေလေ,ပိုပြီးရယ်စရာကောင်းတယ်လို့ ထင်ခဲ့ကြတာဖြစ်သည်၊

သူတို့က သူတို့စိတ်ထဲမှာဘာမှမထားပေမယ့် ကောင်းဖန်ကတခြားသူတွေရဲ့နာမည်တွေကိုဟာသလုပ်ဖို့အတွက်စိတ်ကူးမရှိပေ၊

“ကျွန်တော့်နာမည်က ချန်းရှယ်ဟေးပါ”, ဒါရိုက်တာချန်းကဦးလေးလျိုကိုပြောလိုက်ပြီး, သူကိုယ်သူမိတ်ဆက်လိုက်သည်၊

ကောင်းဖန်သည် ဒါရိုက်တာချန်းနှင့် သူ၏ကုမ္ပဏီမှခေါ်လာသောသားရဲများကိုကြည့်လိုက်သည်၊ ဒါရိုက်တာချန်း၏ကိုယ်ပိုင်သားရဲသုံးကောင်လုံးသည် အုပ်ချုပ်သူအဆင့်ရှိသော သွားကျဲသံတီကောင်များဖြစ်သည်၊ တစ်ကောင်၏အဆင့်က အဆင့်၃၀,

ပြီးနောက်ထပ်နှစ်ကောင်က
အဆင့်၂၄နှင့်အဆင့်၂၅ဖြစ်သည်၊ သူတို့နှစ်ကောင်လုံး
သည်အဆင့်၃၀
အကောင်ထက်သိသိသာသာပိုသေးသည်၊

လီချင်း၏သားရဲများသည်အဆင့်၂၄
သံဆူးဝှက်တောဝက်ဖြစ်ပြီး အဆင့်၂၁ရှိသည့်
သွေးဆိပ်မြွေစိမ်းဖြစ်သည်၊

တစ်ဖက်ကချင်ယိတွင်လည်း,
အဆင့်၂၇ရှိသည့်တစ်ကောင်တည်းသောမီးငှက်ရှိသည်၊
၎င်း၏အမွေးအတောင်များက
မီးတောက်မျှင်များစီးကျနေသလိုဖြစ်နေပြီး
၎င်း၏မျက်လုံးများကတောက်ပနေသည်၊

သားရဲများကိုမြှင့်တင်ခြင်းသည်
မလွယ်တဲ့ကိစ္စတစ်ခုဖြစ်သည်၊ သားရဲတစ်ကောင်ချင်း

၏ကွဲပြားချက်များပေါ်မူတည်ပြီး,
၎င်းတို့၏ပုံမှန်အဆင့်သတ်မှတ်ချက်ရှိသည်၊
ဤသို့အဆင့်ကန့်သတ်ချက်သို့မချဉ်းကပ်မီတွင်,
အဆင့်များကိုတိုးမြှင့်ခြင်းကလွယ်ကူ သည်၊ ဒါပေမယ့်
တစ်ကြိမ်အဆင့်သတ်မှတ်ချက်သို့ရောက်သွားရင်တော့,
အဆင့်တိုးမြှင့်ခြင်းတိုင်းသည်ကြီးမားသောအားစိုက်မှုကို
လိုအပ်ပြီး ကြီးမားသော
ကုန်ကျစရိတ်လည်းလိုအပ်သည်၊

၎င်းကိုရှောင်ရှားရန်ပိုမိုအဆင်ပြေသောအခြားန
ည်းလမ်းတစ်ခုရှိပြီး, ၎င်းသည်
သားရဲများ၏မျိုးစိတ်ကိုတိုးမြှင့်စေခြင်းဖြစ်သည်၊
ဥပမာအားဖြင့်, အကယ်၍
ဝံပုလွေတစ်ကောင်ကရက်စက်ကြမ်းကြုတ်သောကျား
တစ်ကောင်အဖြစ်ကဲ့သို့တိုးမြှင့်ချင်လျှင်,

ၡင်း၏အဆင့်သတ်မှတ်ချက်ကသိသိသာသာမြင့်နေမှဖြစ်သည်၊ ၡင်းအားများပြား
ပြီးအာဟာရပြည့်ဝသောအစားအစာအမြောက်အများကျွေးခြင်းဖြင့်
ၡင်းသည်လျင်မြန်စွာဖြင့်အဆင့်တိုးမြင့်လာမည်ဖြစ်သည်
၊

သားရဲပျိုးထောင်သူအဖွဲ့အစည်းမှဒါရိုက်တာတစ်ယောက်အနေဖြင့်, ဒါရိုက်တာချန်း
သည်သေချာပေါက်ငွေကြေးအတွက်တော့ခက်ခဲနေမှာမဟုတ်ပေ၊ သူ၏
သွားကျဲသံတီကောင်များသည်ၡင်းတို့၏အဆင့်ကန့်သတ်ချက်သို့အရင်ကတည်းက ရောက်နှင့်နေမှာဖြစ်ပြီး,
မဟုတ်လျှင်သူတို့ထဲကတစ်ကောင်ကအဆင့်၃၀သို့ရောက် နေမှာမဟုတ်ပေ၊

စာစဉ် ၁၀

ဒီလိုသင့်လျော်သောအချိန်အတွက်, ကောင်းဖန်ကတာ့ဇီ, ဒမ်ဘီ, ဆီလီ, အစင်းလေးနဲ့ ဖလိမ်မီတို့ကိုခေါ်ဆောင်လာခဲ့သည်၊

ဦးလေးလျို၏ ဖလိမ်မီကိုပျိုးထောင်ရန်ကြိုးပမ်းမှုတွင် ၎င်းသည်အဆင့်၁၉သို့ရောက်သွားခဲ့ပြီး အုပ်ချုပ်သူအဆင့်သို့ချိုးဖျက်ရန်အနားသို့ရောက်နေပြီဖြ စ်သည်၊ အုပ်ချုပ်သူအဆင့်သို့တိုးမြှင့်နေစဉ်သားရဲတစ်ကောင်၏ သားရဲ၏ထူးခြားသောစွမ်းရည် ကိုနှိုးဆွရန်အတွက်အခွင့်အရေးဖြစ်သည်၊

“မင်းရဲ့သားရဲတွေအကုန်လုံးခေါ်လာတယ်လို့တေ ာ့ ငါ့ကိုမပြောနဲ့နော်?” ဒါရိုက်တာချန်းကအနည်းငယ်အံ့ဩသွားသည်၊

စာစဉ် ၁၀

“…ခင်ဗျားရော အိမ်မှာသားရဲတွေအကုန်လုံးကိုသိမ်းထားခဲ့မှာလား? ကောင်းဖန်ကမေးလိုက်သည်၊

“ကိုယ်က တိုက်ခိုက်စွမ်းရည်နိမ့်တဲ့သားရဲနှစ်ကောင်ကိုရှိတယ်, ဒါကြောင့်သူတို့ကို ခေါ်မလာဘူး” ဒါရိုက်တာချန်းကသူ့ခေါင်းကိုယမ်းကာပြောလိုက်သည်၊

“ငါမကြာသေးခင်ကမှ အရွယ်မရောက်သေးတဲ့ အုပ်ချုပ်သူအဆင့်သားရဲနဲ့စာချုပ်ချုပ်ထားတာ, အဲ့တာကြောင့်သူ့ကိုအိမ်မှာဘဲထားခဲ့တယ်” ချင်ယိကပြောလိုက်သည်၊

ကောင်းဖန်သည် သူ၏သားရဲငါးကောင်လုံးအပြည့်ရှိသောအဖွဲ့ကိုကြည့်လိုက်သည်၊

သူကကြီးကြီးငယ်ငယ်သားရဲအကုန်လုံးကိုခေါ်လာခဲ့တာပြ ဖြစ်သည်၊

“အဆင်ပြေပါတယ်၊
ငါလည်းငါ့သားရဲအကုန်လုံးကိုခေါ်လာတာဘဲ၊
ငါတို့အင်အားအပြည့်ဖြစ်တာပေါ့”
ဦးလေးလျိုကကောင်းဖန်ကိုနှစ်သိမ့်လိုက်သည်၊

ကောင်းဖန်ကခေါင်းညိတ်ပြီးသူ့ကိုကျေးဇူးတင်လိုက်သ ည်၊

ဆော့ဖီမှလွဲ၍
ဦးလေးလျိုသည်အခြားကိုယ်ပိုင်သားရဲတွေကိုယူဆောင် ခဲ့သည်၊ ၎င်း၏
ခန္ဓာကိုယ်သည်ပေနှစ်ဆယ်နီးပါးရှည်လျားသော်လည်း၎ င်းသည်သဘာဝအစိမ်းရောင်
ပုတ်သင်ညိုကဲ့သို့ပင်ဖြစ်သည်၊

ကြီးမားသောအစိမ်းရောင်ပုတ်သင်သည်မြေပြင်ပေါ်
တွင်လှဲနေရင်းတစ်ချက်ငေ့ကြည့်သည်၊
၎င်းကအတော်ကိုတိတ်ဆိတ်နေပြီး
နည်းနည်းလေးမှကြောက်ရွံ့နေသည့်ပုံမပေါ်ပေ၊

ဒါပေမယ့်၎င်း၏စွမ်းရည်သည်သေချာပေါက်ကိုေြ
ြောက်စရာကောင်းလှသည်၊

[မကောင်းဆိုးဝါးအမည်]–အရိုပ်ဂျဖာလူကာပုတ်သင်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၉

[မကောင်းဆိုးဝါးအဆင့်အတန်း]–ပြီးပြည့်စုံသောအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]– အရေပြားမာအဆင့်၂

[ထူးခြားသောသွင်ပြင်လက္ခဏာများ]–
အရိုပ်ဖြင့်လုပ်ကြံသတ်ဖြတ်သူ, (သက်ရောက်မှု၁–
မတုန်လှုပ်သောသက်ရောက်မှု–

အသံတိတ်ပြီးငြိမ်နေသောအခါ

၎င်းသည်သူ့ပတ်ဝန်းကျင်နှင့်

လိုက်ဖက်စွာပေါင်းစပ်လိုက်သည်၊ အရောင်နှင့်ခန္ဓာကိုယ်

အပူချိန်နှစ်ခုလုံးကိုသူ့ပတ်ဝန်းကျင်နှင့်လိုက်လျောညီ

ထွေဖြစ်စေသည်၊ အကျိုးသက်ရောက်မှု၂–

မတုန်လှုပ်သောသက်ရောက်မှု–

၎င်း၏ထူးခြားသောအရေပြား

သည်အသံနှင့်တုန်ခါမှုများကိုစုပ်ယူပြီး,

တိတ်ဆိတ်စွာနှင့်လှုပ်ရှားစေကာ ရှာဖွေတွေ့ရှိ

ရန်မဖြစ်နိုင်ပေ၊)

ညအရိပ်ကြောင်တစ်ကောင်နှင့်

အရိပ်ဂျဖာလူကာပုတ်သင်ဖြစ်သည့်ဦးလေးလျို၏

သားရဲများသည်

လူသတ်သမားများဖြစ်ရန်လမ်းကြောင်းအတွက်လုံးဝသ င့်တော်သည်၊

အဘိုးကဦးလေးလျိုကိုသူ့ဆီဘာကြောင့်ပို့ခဲ့တာ လဲဆိုတာကို ကောင်းဖန်ရုတ်တရက် နားလည်လိုက်သည်၊

သို့သော်, ဦးလေးလျို၏သားရဲများသည်ဤမျှအဆင့်မြင့်နေပြီဆိုလ ျှင် အဘိုး၏သားရဲ များသည်မည်သို့သောအဆင့်ရှိမည်နည်း? ထို့ပြင်ကပ်ဆိုးကြီးမှမ၍ သုံးနှစ်တာကာလအတွင်းထိုကဲ့သို့သောအောင်မြင်စေရန် , အဘိုးသည်သူ့ကိုယ်ပိုင်လျှို့ဝှက်ချက်များရှိပုံရသည်၊

သူတို့အုပ်စုသည် မန်ရေကန်နောက်သို့လျှောက်သွားစဉ်

စာစဉ် ၁၀

တောအုပ်သည်သူတို့ဖြတ်သွား
သောအခါအသံဗလံများပြု၍
သားရဲများသည်ချုံပုတ်များအတွင်းတွင်ပုန်းနေကြပြီး
အနီးကပ်မှအကြောက်တရားကြောင့်ကိုယ့်ဘာသာဖက်
တွယ်ထားကြသည်၊

အရိပ်ဂျဖာလူကာပုတ်သင်၏မျက်လုံးများကဆက်
၍လှည့်ပတ်ကာ သစ်ပင်များကို
တိတ်တဆိတ်ကြည့်နေသည်၊
ရုတ်တရက်၎င်း၏ပါးစပ်ကိုဖွင့်လိုက်တော့ အနီရောင်
လျှာတစ်ခုထွက်လာသည်၊ ၎င်းသည်အပင်တစ်ပင်မှ
တခြားပင်စည်တစ်ပင်ကိုဖောက်
၍သစ်ရည်ကိုနှိုက်ယူလိုက်သည်၊ ထို့နောက်,
နောက်ထပ်လှုပ်ရှားမှုတွင်,
လျှာကပြင်းထန်စွာဖြင့်သူ့ပါးစပ်ထဲသို့ပြန်ဝင်သွားသည်!

စာစဉ် ၁၀

အရိပ်ဂျဖာလူကာကသူ့ပါးစပ်ကိုပိတ်လိုက်ပြီး လူနှင့်တူသောစိတ်ပျက်စရာကောင်းသောမျက်နှာထား က သူ့မျက်နှာပေါ်တွင်ဖြတ်ပြေးသွားသည်၊ သစ်ရည်ရဲ့အရသာက သိပ်ပြီးမကောင်းဘူး၊

သူ့ပါးစပ်ကိုယှက်လိုက်ပြီး, အရိပ်ဂျဖာလူကာပုတ်သင်ကဦးလေးလျို၏နောက်ဘက် သို့လျှောက်သွားလိုက်သည်၊ ဒါပေမယ့်သူလမ်းလျှောက်တဲ့နည်းလမ်းက အနည်းငယ် ထူးဆန်းသည်၊ ၎င်းကနေ့းရာမှမြန်ရာသို့ပြောင်းသွားပြီး, ၎င်းကသူ့ခေါင်းကိုရှူးနှမ်းနေ သလိုမျိုးနည်းဟန်ဖြင့်– ရှေ့ရှေ့,ဘယ်ဘယ်, ညာညာ….

အရိပ်ဂျဖာလူကာပုတ်သင်ကခြောက်ပေမြင့်ပြီး အဝေးမှကြည့်လျှင် ကြီးမားသော အစိမ်းရောင်သားရဲကြီးနှင့်တူသည်၊

စာစဉ် ၁၀

ငင်း၏ကြီးမားပြီးကပြန့်ကားသောအမြီးက
ဝှေ့ယမ်းနေပြီး,
ချုံပုတ်များနှင့်ပွတ်တိုကမိကာတရှဲရှဲအသံထွက်နေသည်၊

ကောင်းဖန်ကအနည်းငယ်အားကျမိသည်၊
ကြီးမားသောပုတ်သင်ကိုစီးခြင်းက
ပင့်ကူကိုစီးခြင်းထက်ပိုမိုက်လောက်သည်၊

တစ်နာရီလောက်လမ်းလျှောက်သွားပြီးတဲ့နောက်,
သူတို့ကအုပ်ချုပ်သူအဆင့်သားရဲ
တစ်ကောင်ကသာသူတို့နောက်လိုက်လာခဲ့သည်၊
သားရဲသည်အစပိုင်းတွင်
ယုံကြည်စိတ်ချစွာဖြင့်လိုက်ခါခဲ့ပေမယ့်
ငင်းသည်အုပ်ချုပ်သူအဆင့်သားရဲဆယ်ကောင်
လောက်နှင့်တွေ့လိုက်ရပြီးနောက်ရုတ်တရက်ရပ်တန့်သွ

စာစဉ် ၁၀

ားကာ ၎င်းတို့၏အမြီးနှင့်
ခြေထောက်များကြားမှထွက်ပြေးသွားတော့သည်၊

“အဲ့တာကဒီမှာဘဲ” ဒါရိုက်တာချန်းက
ချိုင့်ခွက်ပုံစံရှိသောနေရာတစ်ခုကိုညွှန်ပြလိုက် သည်၊

ကောင်းဖန်ကအံ့သြသွားတော့သည်၊
သူတို့ကသိပ်ပြီးဝေးဝေးမသွားလိုက်ရဘူး၊
သူတို့ကထိုနေရာကို
သစ်တောအပြင်ပိုင်းနေရာအဖြစ်သတ်မှတ်ထားတာကြေ
ာင့်
၎င်းတို့သည်မီးကျီနက်သစ်တောနက်ထဲသို့ရောက်ရန်ေ
ေ့မလုံလောက်ပေ၊

“ငါတို့ကမီးကျီနက်တောသခင်ရဲ့ပိုင်နက်ထဲမှာရေ
ာက်နေတာ၊ မီးကျီနက်တောသခင်က
ဆိုးရွားတဲ့ဒေါသရှိတယ်၊

အဲ့တာကိုလှူ့ဆော်မိတာမကောင်းဘူး”
ဒါရိုက်တာချန်းက ခေါင်းယမ်းကာပြောလိုက်သည်၊

“မီးကျီနက်သခင်ရဲ့တကယ့်နာမည်က ‘မီးကျီနက်သခင်ပေါ့?”

“မဟုတ်ဘူး, အဲ့တာကတကယ့်နာမည်မဟုတ်ဘူး၊ သူ့ကိုအဲ့လိုခေါ်တာဘာလို့လဲဆို တော့, သူကလက်ရှိမီးကျီနက်သစ်တောတစ်ခုလုံးကိုသိမ်းပိုက်ထားတာကြေ ာင့်ဘဲ၊
ဒီလောက်ကြီးမားတဲ့နယ်မြေကိုသိမ်းပိုက်ထားနိုင်တဲ့ဘ ယ်အရာမဆို ဧကရာဇ်အဆင့်
သားရဲတွေကြားမှာအထွတ်အထိပ်ဘဲ၊
မင်းမြင်တဲ့အတိုင်းဘဲ, ဧကရာဇ်အဆင့်သားရဲ
တွေအားလုံးကနယ်မြေပိုင်တဲ့သူတွေမဟုတ်ဘူး၊
ပလတ်စတစ်စေ့ပါတဲ့ထိုင်ခုံမှာ

အစေ့များများမပါသလိုမျိုးပေါ့ကွာ”
ဒါရိုက်တာချန်းကစနောက်ကာပြောလိုက်သည်၊

“ဥပမာ,
အကယ်၍ကန္တာရအုပ်စိုးသူကတာ့လီသဲကန္တာရကိုအချိန်အကြာကြီး သိမ်းပိုက်နိုင်ခဲ့မယ်ဆိုရင်ငါတို့က သူ့ကိုတာ့လီရဲ့သခင်လို့ခေါ်လိမ့်မယ်....
အကုန်လုံးသတိထားကြ”
ဒါရိုက်တာချန်းအသံကပျော့ပျောင်းသွားပြီးအဖွဲ့ကို အရှိန်လျော့ဖို့သတိပေးလိုက်သည်၊
“အဆင့်တစ်ခုကိုမဖြတ်ကျော်ခင်မှာ သားရဲတွေက ပိုပြီးသတိရှိကြတယ်၊ အခုတော့,
ငါတို့တအားအနီးကပ်ကြီးလှုပ်ရှားလို့မဖြစ်ဘူး,
မဟုတ်ရင်, အဲ့တာကိုနှိုးဆွမိသလိုဖြစ်သွားလိမ့်မယ်၊
ငါတို့ဒီမှာနေတာပိုပြီးအဆင်ပြေ တယ်၊ နောက်ဆုံး,

ငါတို့ကဘာမှသိပ်လုပ်စရာတော့မလိုပါဘူး၊ ဒီလူသားစားတီကောင် တွေကသဘာဝအရကို သူတို့ခေါင်းဆောင်ကိုကာကွယ်လိမ့်မယ်" ခေါင်းဆောင်ချန်းက အသံတိုးတိုးဖြင့်ပြောလိုက်သည်၊

အဖွဲ့ကဂရုတစိုက်ဖြင့် အရှေ့သို့လျှောက်သွားလိုက်သည်၊ ချိုင့်ဝှမ်းအစွန်းမှ, မြေပြင်တပြင်လုံးတွင် ဖုံးလွှမ်းနေသောတီကောင်များစွာကိုသူတို့မြင်နိုင်သည်၊

***

စာစဉ် ၁၀

# *အပိုင်း၁၅၇ ၄၀.၅*

မြေပြင်အနှံ့မှာ တီကောင်များဖြင့်ပြည့်နှက်နေကာ မကြာခဏဆိုသလို မြေကြီးထဲမှလဲထွက်ပေါ်လာကြသည်။ ဤချိုင့်ဝှမ်းနားရှိမြေအားလုံးက တူးထားခံရပြီးဖြစ်ကာ လေထုတွင် အနံ့အသက်ပြင်းပြင်းများနှင့် မြေဆီလွှာနံများသိပ်သည်းလို့နေသည်။

“ဒီတီကောင်တွေက မြေတူးရတာကိုသဘောကျကြတယ်။” ဒါက သူ့အတွက်လက်တွေ့အန္တရာယ်ရှိသည့်ကွင်းဆင်းမှုဖြစ်နိုင်သော်လည်း ဒါရိုက်တာချန်းကတော့ သူမှတ်သားထားသမျှသိပ္ပံနည်းကျအချက်အလက်များကို ထုတ်ပြောရတာ သဘောကျနေတုန်းပင်။ “ပုံမှန်ဆို

သူတို့ဘာအလုပ်မှမရှိရင် တီကောင်တွေက သူတို့အောက်မှာရှိသမျှမြေကြီးတွေကိုတူးလိုက် ပြန်သိပ်လိုက်နဲ့ပဲ ထပ်တလဲလဲလုပ်တတ်ကြတယ်။”

“သူတို့မပင်ပန်းကြဘူးလား?”

“ငါလဲမသိဘူးလေ။ ဒါပေမယ့် အခုကြည့်ရတာတော့ သူတို့ပုံစံကပျော်နေကြပုံပဲ။” ဒါရိုက်တာချန်းက တွန့်လိမ်တွန့်လိမ်နှင့်သွားနေကြသည့် တီကောင်များကိုညွှန်ပြလိုက်သည်။ တီကောင်များတွင် ၎င်းတို့ပတ်ဝန်းကျင်မှရဲဘော်များနှင့်ဆက်သွယ်နိုင်သည့် ထူးခြားသောအမူအကျင့်ရှိကြသည်။ ၎င်းတို့ကအချင်းချင်းဆက်နွယ်ကာ ဘောလုံးကြီးတစ်လုံးလိုပါဝန်းရံတတ်ကြပြီး ထိုသို့လုပ်ရတာကို အရမ်းပျော်ရွှင်နေကြပုံပင်။

စာစဉ် ၁၀

ထိုမြင်ကွင်းကြောင့် ကောင်းဖန်၏မျက်လုံးများနာကျင်သွားကာ တိတ်တဆိတ်အကြည့်လွှဲလိုက်တော့သည်။

“ဒါဆို ဒီတီကောင်တွေက ကောက်ပဲသီးနှံစိုက်တာမှာရော အကျိုးမဖြစ်ထွန်းဘူးလား?” ကောင်းဖန် “မြေတူး”နေကြသည့်တီကောင်များကိုကြည့်ကာ မေးလိုက်သည်။ ဒီတီကောင်တွေကိုသာ မထွန်ရသေးတဲ့လယ်ကွင်းမှာသွားထားလိုက်ရင် အသင့်စိုက်ပျိုးလို့ရမယ့်ထွန်ယက်ပြီးသားမြေမဖြစ်သွားနိုင်တယ်မဟုတ်ဘူးလား။

“သီအိုရီအရကြည့်မယ်ဆိုရင်တော့ ငါတို့သာ လုံလုံလောက်လောက်ကြီးပြီး

မာကျောတဲ့အသီးအနှံတွေရှာတွေ့မယ်ဆိုရင်တော့ ဒီတီကောင်တွေက အကျိုးပြုနိုင်တယ်။”

သူတို့စကားပြောနေချိန်မှာပဲ သူတို့နားမှသစ်တောထဲကနေပြီး သားရဲတစ်ကောင်ပြေးထွက်လာခဲ့သည်။

ထိုသားရဲဘက်ကလာလဲ သူတို့မသိပေမယ့် ၎င်း၏အနက်ရောင်တောင်ပံနှစ်ခုက ကောင်းကင်မှထိုးဆင်းလာသည့် အနက်ရောင်လေဆင်နှာမောင်းသားရဲကြီးလိုပင်။ ၎င်း၏ခြေသည်းများက ဝတုတ်တုတ်လုံးသားစားတီကောင်တစ်ကောင်ကို ကုတ်ယူကာ ပျံထွက်သွားသည်။

ကျန်ခဲ့သည့်တီကောင်များမှာ အတော်လေးလန့်သွားကြပုံပေါ်သော်လည်း

စာစဉ် ၁၀

ဝရုန်းသုန်းကားအုပ်စုခွဲကာ ထွက်ပြေးခြင်းမရှိဘဲ တစ်စုတစ်စည်းတည်းနေလိုက်ကာ သစ်တောထဲမှသားရဲများကို ခြိမ်းခြောက်ရန်အလို့ငှာ သူတို့ပါးစပ်များကိုဖွင့်ဟထားကြသည်။

ခဏအကြာမှာတော့ အနက်ရောင်လင်းနို့ကြီးပြန်လာပြန်သည်။ ထပ်ပြီးတော့လဲ အောက်ဘက်မှတီကောင်တစ်ကောင်ကိုဆွဲသွားပြန်သည် ။ ၎င်းပုံစံက ဘူဖေးစားပွဲပေါ်မှ စားသောက်ဖွယ်ရာများလို သဘောထားနေသလိုပင်။

တဖြည်းဖြည်း အချိန်ကြာလာသည်နှင့်အမျှ ထူးဆန်းသောရောင်ဝါတစ်ခုက တီကောင်များရှိနေသည့်ချိုင့်ဝှမ်းအလယ်မှစိမ့်ထွက်လာ

ခဲ့သည်။ ထိုရောင်ဝါက သူတို့စိတ်ဝိညာဉ်များကို လှုံ့ဆော်နိုင်သည်အထိကို အားကောင်းလှသည်။

တောအုပ်ထဲမှအုပ်ချုပ်သူအဆင့်သားရဲက တွန်းအားကိုဆက်ပြီးမတွန်းလှန်နိုင်တော့ပေ။

ကွတ်ကွတ်ကွတ်!

သစ်တောထဲမှအသံထွက်လာကာ တစ်ချိန်တည်းမှာပဲ အရောင်အသွေးစုံလင်သည့် အမွေးအတောင်များဖြင့် အုပ်ချုပ်သူအဆင့်ငါးရောင်ကြက်ဖကို မြင်လိုက်ကြရသည်။ ၎င်းက အတောင်ပံများကိုခတ်ကာ ပြင်းထန်သည့်လေပြင်းများတိုက်ခတ်စေသည်။

ကြက်များသည် တီကောင်များကိုစားတာကြောင့် ယခုလိုကေရာဇ်လူသားစားတီကောင်က အလွန်ဆွဲဆောင်မှုရှိသည့် စားဖွယ်တစ်ခုလိုဖြစ်နေသည်။

စာစဉ် ၁၀

ငါးရောင်ကြက်ဖက ပြေးလာသည်နှင့် လူသားစားတီကောင်တစ်ကောင်က မြေပေါ်သို့ကြွတက်ကာ ကြက်ဖကို လှမ်းကိုက်ဖို့ပြင်ပေမည့် လေထဲမှပင် အတောင်ပံဖြင့်ရိုက်ချခြင်းကိုခံလိုက်ရသည်။ ငါးရောင်သည် လျှပ်စီးကဲ့သို့လျင်မြန်လှသည့်အရှိန်ဖြင့် ၎င်း၏ချွန်ထက်လှသောခြေသည်းများဖြင့် အောက်ဘက်မြေကိုကုတ်လိုက်သည်နှင့် သူ့ခြေထောက်အောက်မှ လူသားစားတီကောင်၏ခေါင်းကိုပေါက်ထွက်သွားစေသည်။

ကြက်ဖ၏ခြေသည်းများသည် အောက်မှတီကောင်များ၏ခေါင်းများကိုတက်နင်းရင်း သူ့စွမ်းဆောင်ရည်ကို ပြနေသည်။

စာစဉ် ၁၀

ငင်းက တောင်ပံများကို ဟန်ပါပါခတ်ကာ ချိုင့်အလယ်သို့ဆင်းသက်သွားသည်။ သို့သော်လည်း ရုတ်တရက်ဆိုသလို ငါးရောင်ကြက်ဖမှာ အံ့အားသင့်သွားခဲ့သည်။ အဆီအပြည့်နဲ့အရည်ရွှမ်းတဲ့တီကောင်တွေဘယ်မှာလဲ?

သူတို့တွေဘယ်ရောက်ကုန်ကြတာတုန်း?!!

“တီကောင်တွေက မြေတူးနိုင်တယ်လေ။ ဒီအုပ်ချုပ်သူအဆင့်လူသားစားတီကောင်အတွက် အဆင့်တက်ချိန်မှာ မြေအောက်ထဲမှာပဲ ပုန်းနေသင့်တာ။ သေချာပေါက်လိုအပ်နေတာမှမဟုတ်ရင် ငါတို့ဘာမှမလှုပ်ရှားသင့်ဘူး။”

ငါးရောင်ကြက်ဖသည် စိတ်ပျက်လက်ပျက်ဖြင့်မြေကြီးကိုထိုးဆွနေသည်၊ ထွက်ခွာရန် ပြင်ဆင်နေစဉ်

မြေပြင်၏အောက်ခြေကကွဲကာပွင့်လာသည်၊
အုပ်ချုပ်သူအဆင့်
လူသားစားတီကောင်သည်မြေကြီးအားခွဲထွက်လိုက်ပြီး
ကြက်ဖ၏ခြေထောက်များကို
ကြီးမားသောမြွေတစ်ကောင်ကဲ့သို့ရစ်ခွေလိုက်သည်၊

ငါးရောင်ကြက်ဖသည်အားစိုက်ထုတ်၍
တီကောင်ကိုအပေါ်သို့တရွတ်တိုက်ဆွဲထုတ်၍
လွှင့်ချလိုက်သော်လည်း
တီကောင်ကအမြီးသည်ချိတ်လိုမျိုးဖြစ်နေကာအခြားအေ
ာက်
မှတစ်ကောင်ကိုချိတ်တွယ်ထားသည်၊ငါးရောင်ကြက်ဖသ
ည် မြေပြင်မှထပ်ပြီး တရွတ်တိုက်ထပ်မဆွဲခင်
တီကောင်များသည်တစ်ကောင်ချင်းစီကချိန်းကဲ့သို့
ချိတ်ထားပြီးရှည်သထက်ရှည်လာသည်၊

စာစဉ် ၁၀

သူ့ကိုယ်ပတ်လည်ရှိလူသားစားတီကောင်တွေကို ကြည့်ကာ စိတ်ပျက်နေသောအသံဖြင့်လေထဲသို့ မြည်တမ်းသံကြီးကို လွှတ်ထုတ်လိုက်သည်၊

သေသွားသောငါးရောင်ကြက်ဖသည် ပတ်ဝန်းကျင်တောအုပ်အတွင်းမှကွယ်ဝှက်ကြည့်ရှုနေသူများကို ထိတ်လန့်သွားစေသည်၊

အဝေးမှရုတ်တရက်ကျယ်လောင်သော သစ်ရွက်ပွတ်တိုက်သံများရုတ်တရက်ကြားလိုက်ရသည်။

ဖုံးကာနေသောသစ်ရွက်များကလှုပ်ခါသွားပြီး ဝေဝါးနေသောကြီးမားသည့်သားရဲကြီးက လျင်မြန်သောအရှိန်ဖြင့်ချဉ်းကပ်လာသည်ကိုတွေ့လိုက်ရသည်၊

စာစဉ် ၁၀

အရိပ်ဂျဖာလူကာပုတ်သင်က ဦးလေးလျို၏ဘေးတွင်သူ၏မျက်လုံးများကိုကျယ်ကျယ်ဖွင့်ထားပြီးဖြေးညင်းစွာဖြင့်သူ၏လက်သည်းများကိုမြေ ြေးထဲတွင်မြှုပ်လိုက်သည်၊ ၎င်းကချက်ချင်းပင်ဝှေ့ယမ်းနေသောသူ၏အမြီးကိုရပ်လိုက်ကာ ခေါင်းကိုမြှောက်လိုက် ပြီးဦးတည်ချက်နှင့်နီးကပ်လာသောသားရဲကိုသတိကြီးစွ ာကြည့်နေသည်၊

ပေနှစ်ဆယ်ကျော်ရှည်သောခြေတံလက်တံများသ ည် သစ်ပင်များကိုဖြတ်၍ တစ်ချောင်းချင်းသွားလာနေသည့်ပုံက ကြီးမားသည့်သားရဲကြီးဖြစ်ကြောင်းသက်သေ ပြနေသည်၊

[မကောင်းဆိုးဝါးအမည်]-ကြောက်မက်ဖွယ်ပင့်ကူမ

[မကောင်းဆိုးအဆင့်]–အဆင့်၄၀.၅

[မကောင်းဆိုးဝါးပင်ကိုစွမ်းရည်]–ကျောက်တုံး

[မကောင်းဆိုးဝါးအားနည်းချက်]–၁, သစ်သားအမျိုးအစား, ၂–အနာရင်းသွေးဘယ်ရီ, ၃–ကြေးပလက်တီနမ်နွယ်ငန်း။

[မကောင်းဆိုးဝါးစွမ်းရည်]–ပင့်ကူပိုးခြည်စွမ်းရည်အဆင့်၂, အရေပြားခိုင်မာခြင်းအဆင့်၁

ငင်းသည်ပေငါးဆယ်ရှည်သောကြီးမားသည့်သားရဲကြီးဖြစ်သည်၊ ၎င်း၏ကြီးမားသော ပင့်ကူခြေလက်များ, ချွန်ထက်သောချိတ်များသည် အလွန်ကြောက်မက်ဖွယ်ကောင်းပြီး, ၎င်းတို့ကသစ်ပင်များကိုလှုပ်ခါစေကာလျှောက်လာသည်၊ ပုံပျက်နေသော ခဲရောင်

စာစဉ် ၁၀

ရောင်ခြည်စက်ဝန်းကပင့်ကူအမ၏ခေါင်းပေါ်တွင်နွေးကွေးစွာလှည့်ပတ်နေပြီး ထိုစက်ဝန်း၏အပေါ်တွင်ကြမ်းတမ်းချွန်ထက်ပြီး, အချွန်အထက်များဖြစ်နေသည့်ကျောက်တုံးများဖြစ်သည်။

ကြောက်မက်ဖွယ်ပင့်ကူမျက်လုံးများကချိုင့်ဝှမ်း၏အလယ်သို့စူးစိုက်ကြည့်နေသည်၊ ၎င်းကထိုအရာကိုခံစားမိနေသည်၊ မြေကြီး၏အောက်တွင် သူလိုချင်တဲ့အရာရှိသည်၊

ရှီး!!!!

၎င်းကချိုင့်ဝှမ်း၏အလယ်သို့အပြင်းအထန်ဦးတည်နေပြီး, ၎င်း၏လမ်းကြောင်းတွင်ရှိနေသောအရာများကိုချေမွဖျက်စီးပြစ်သည်၊

စာစဉ် ၁၀

လူသားစားတီကောင်အုပ်စုသည် ပင့်ကူမ၏ပြောင်းလဲမှုသည်ပြည့်စုံမှုမရှိသော်လည်း ထိုပင့်ကူမ၏ကေရာဇ်အဆင့်အရှိန်အဝါကိုခံစားမိသည်၊ တီကောင်များသည် အတူတကွစုဝေးပြီးယာယီပိတ်ဆို့မှုတစ်ခုပြုလုပ်ထားသည်၊ သို့သော်ပင့်ကူသည် ပန်းကန်လုံးထဲမှခေါက်ဆွဲကိုမွှေသလိုပြုလုပ်လိုက်ပြီး ၎င်းကချိုင့်ဝှမ်းထဲသို့ဆက်၍ ဦးတည်သည်၊

အုပ်ချုပ်သူအဆင့်လူသားစားတီကောင်များသည် တစ်ကောင်ပြီးတစ်ကောင် ရှေ့သို့ခုန်တက်ကြပြီး သူတို့၏ခေါင်းဆောင်အတွက်အချိန်ရရန်ကြိုးပမ်းပေးသည်၊ ဒါပေမယ့်သူတို့၏ကြိုးပမ်းမှုကအောင်မြင်မှုမရှိပေ၊ ပင့်ကူသည်ခြေထောက်များကို

မြှင့်လိုက်ပြီးတီကောင်များကိုဖြတ်၍သွားပြီး ၎င်း၏အရှိန်ကဘယ်တော့မှမနှေးပေ၊

ထိုပင့်ကူက ရက်စက်ကြမ်းကြုတ်သောမီးခိုးရောင်နတ်ဆိုးညစ်ပင့်ကူများ၏အသိုက်ကို ဦးဆောင်တိုက်ခိုက်ခဲ့တုန်းက လျိုစန်းလင်းနှင့်အခြားသူတို့ကိုတိုက်ခိုက်ခဲ့သောသားရဲဘဲဖြစ်သည်၊ ကောင်းဖန် သေချာပြန်ပြီးစဉ်းစားကြည့်မယ်ဆိုရင်, ၎င်းကကျရှုံးခဲ့ပြီးလူအများကြီးသေခဲ့သည်၊

ဒါပေမယ့် ပင့်ကူမ၏ကေရာဇ်အဆင့်မြှင့်တင်ရေးလမ်းတစ်ဝက်တွင် ၎င်းသည် အနှောက်အယှက်ဖြစ်ခဲ့သည်၊ ၎င်း၏ဆင့်ကဲဖြစ်စဉ်သည် တစ်ဝက်သာအောင်မြင်ပြီး

၄၀.၅ကဲ့သို့သောအဆင်မပြေသည့်အဆင့်သို့ရောက်ခဲ့သ
ည်၊

“ငါတို့အချိန်မဆိုင်းဘဲတတ်နိုင်သလောက်ကြိုးစာ
းကြည့်ကြရအောင်...”
ဒါရိုက်တာချန်းရှယ်ဟေးကသက်ပြင်းရှည်ကြီးချကာပြေ
ာလိုက်သည်၊

ကောင်းဖန်က
ဒါရိုက်တာချန်းကိုပါးစပ်အဟောင်းသားဖြင့်ကြည့်နေသ
ည်၊ တကယ်ကြီး ပြောနေတာလား?
သူကပုံပန်းပျက်ပြီးတစ်ဝက်မြှင့်ထားသောကေရာဇ်အဆ
င့် ဖြစ်ပေမယ့်
ကျနော်တို့အတွက်တော့အင်အားကြီးနေတုန်းဘဲလေ၊

ကောင်းဖန်သည် အရိပ်ဂျဖာလူကာပုတ်သင်နှင့်
ညအရိပ်ကြောင်ကိုလှည့်ကြည့်လိုက် သည်၊

စာစဉ် ၁၀

သူတို့ကတော့တစ်ခုခုဖြစ်အောင်လုပ်ဖို့အခွင့်အရေးရှိတဲ့ သားရဲတွေဘဲ၊ ကျန်တာတွေကတော့လုံးဝအသုံးမဝင်ပေ၊ အဆုံးမှာတော့သူတို့ကအဓိကအင်အား ပြည့်စေရန်ဦးလေးလျို၏သားရဲနှစ်ကောင်အပေါ်တွင်မှီခို ရန်လိုအပ်သည်၊

ကောင်းဖန်က ထိုကိစ္စနှင့်ပတ်သတ်၍ထင်မြင်မှုကိုရှာဖို့အတွက် ဦးလေးလျိုကို လှည့်ကြည့်လိုက်သည်၊

***

# *အပိုင်း၁၅၈ ကေရာဇ်အဖြစ်အဆင့်တက်ခြင်း*

ဦးလေးလျိုကခဏလောက်တိတ်ဆိတ်နေပြီးနောက် , သူကဒါရိုက်တာချန်းကိုပြော လိုက်သည်,
“ငါတို့လှူပ်ရှားလို့ရတယ်,ဒါပေမယ့်အဲ့တာကကြောက်မက်ဖွယ်ပင့်ကူမ အတွက်က စွန့်လွှတ်ဖို့အတွက်တော့ငါစိုးရိမ်တယ်၊”

ကောင်းဖန်၏ လူကြီးကတကယ်ကိုစကားအကြီးကြီးတွေကိုပြောတာဘဲ၊
ဒါရိုက်တာချန်းကအကူအညီမဲ့စွာဖြင့်ဦးလေးလျိုကိုဒုတိယတစ်ကြိမ်ထပ်ကြည့်လိုက် သည်၊
တစ်ချိန်တည်းမှာပင်,
ဦးလေးလျိုသည်ရင်းနှီးသောအိမ်နီးချင်းတစ်ဦးကဲ့သို့

ရှင်လန်းစွာဖြင့်ပြုံးပြနေသည်၊ သူသည်ကောင်းဖန်၏သာမန်ဆွေမျိုးတစ်ဦးဆွေမျိုးလို့ သာထင်ခဲ့သည်၊

ဒါပေမယ့်အခုတော့, ဦးလေးလျိုက မျှော်လင့်မထားတဲ့သန်မာတဲ့ပင်ကိုစရိုက်ကိုပြလိုက်သည ်

သူ၏အသံကမကျယ်သော်လည်းသူ၏အမူအရာကရှင်လ န်းနေဆဲဖြစ်ကာ, သူ၏ လေသံကပြင်းထန်ပြီးငြင်းဆန်ရန်အတွက်ခဲယဉ်းသည်၊

ဒါရိုက်တာချန်းကမည်သို့တုန့်ပြန်ရမည်ကိုမသိတော့ပေ၊ "ဒီပင့်ကူမကိုငါတို့ရပ်အောင် လုပ်ဖို့လိုပေမယ့်, သူ့ကိုကျဆုံးအောင်လုပ်ဖို့ကအတော်တော့ခက်ခဲ..."

"ကောင်းပြီ,ဒါဆို ဖန်လေးနဲ့ငါပင့်ကူကို တိုက်ခိုက်မယ်၊ ကျန်တဲ့မင်းတို့ကသတိရှိရှိနဲ့

တခြားသားရဲတွေရဲ့နောက်ယှက်တာကနေတားပေး”
ဦးလေးလျိုကရှင်းလင်းစွာဖြင့် ပြောလိုက်သည်၊

ဒါရိုက်တာချန်းကိုငြင်းဖို့ပင်အချိန်မပေးဘဲ,
ဦးလေးလျိုကသူ၏လက်ကိုယမ်းလိုက်ကာ
သူ့သားရဲတွေကိုအချက်ပြလိုက်သည်၊
ဦးလေးလျို၏ဘေးတွင်ထိုင်နေသော ဆော့ဖီက
နေရာမှတိတ်တဆိတ်ပျောက်သွားပြီဖြစ်သည်၊
တိတ်ဆိတ်နေသောအရိပ်ဂျဖာလူကာ
ပုတ်သင်ကလည်းစ၍ပင့်ဥျူအနားသို့ဖြေးညင်းစွာတိုးက
ပ်သွားပြီဖြစ်သည်၊

ဒါရိုက်တာချန်းက
သူကြည့်နေရင်းနှင့်ဖြေးညင်းစွာဖြင့်ပျောက်ကွယ်သွားေ
ော
အရိပ်ဂျဖာလူကာပုတ်သင်ကိုကြည့်ကာကြောင်အနေသ

ည်၊ ၎င်းက ခဏလေးအတွင်း

ရှင်းရှင်းလင်းလင်းရှိနေသေးသော်လည်း

၎င်း၏ခန္ဓာကိုယ်သည်ပတ်ဝန်းကျင်နှင့်

လုံးဝအပြည့်ရောမဝင်ခင်အထိ၎င်း၏ခန္ဓာကိုယ်အရောင်

သည်ပြောင်းလဲလာခဲ့သည်၊

သူ၏မျက်တောင်တစ်ချက်ခတ်လိုက်ချိန်မှာပင်

သူကထိုအရာကိုမမြင်ရတော့ပေ၊

ဒါရိုက်တာချန်းသည်အထိတ်တလန့်ဖြစ်စွာနှင့်

ဦးလေးလျိုကိုအနီးကပ်ကြည့်လိုက် သည်၊

အနည်းငယ်တုံ့ဆိုင်းနေပြီးနောက်, ကောင်းဖန်က

ဒမ်ဘီကိုရှေ့သို့ပို့လိုက်ပြီး, တာ့ဇီနှင့်

အစင်းလေးကိုတော့သူ့ကိုယ်သူနှင့်ဦးလေးလျိုကိုကာကွ

ယ်ရန်ချန်ထားလိုက်သည်၊

စာစဉ် ၁၀

“အရင်ဆုံးပြန်ဆုတ်ရအောင်”

ဦးလေးလျိုကသတိရှိစွာဖြင့်ပြောလိုက်သည်၊

သူတို့ကခြေလှမ်းအနည်းငယ်နောက်သို့ဆုတ်လိုက်ပြီး, သစ်ပင်များကြားထဲမှ ကြီးမားသောကျောက်တုံးနောက်တွင်ပုန်းလိုက်သည်၊

ဒါရိုက်တာချန်းကလည်းသူ၏အဆင့်အမြင့်ဆုံးဖြစ်သည့် သွားကျဲသံတီကောင်ကိုကူညီ ရန်အတွက်လွှတ်လိုက်ပေမယ့်, ဦးလေးလျိုကလှည့်ကြည့်လာသည်၊

ဦးလေးလျိုကသူ့လက်ကိုယမ်းကာပြောလိုက်သည်,

“မလုပ်နဲ့, ရှုပ်သလိုဖြစ်နေလိမ့်မယ်”

ဒါရိုက်တာချန်းကဒမ်ဘီကိုလွှတ်လိုက်သည့်ဦးလေးလျို ကိုကြည့်လိုက်ရင်း သူ့မေးက

စာစဉ် ၁၀

အောက်သို့ပြုတ်ကျသွားတော့သည်၊

ခင်ဗျားဒါကိုဘက်လိုက်လို့မရဘူးလေ။

အနက်ရောင်အရိပ်တစ်ခုသည်ရုတ်တရက်ပင့်ကူ၏ထိပ်

တွင်ပေါ်လာပြီး

ပင့်ကူနောက်ကျောကိုချွန်ထက်သောခြေသည်းနှစ်စုံဖြင့်

စတင်ရိုက်ချလိုက်သည်၊

စက္ကန့်ပိုင်းအတွင်းတွင်ပင်ကူ၏နောက်ကျော်ပြင်၌

နက်ရှိုင်း၍ဖြတ်ခံထားရသော အရာများပေါ်လာပြီး,

၎င်းကဆော့ဖီ၏စူးရှသောခြေသည်းများဖြင့်တွေ့သောအ

ခါ ပင့်ကူ၏အရေပြားသည်လည်းမခိုင်မာပုံရသည်၊

ဒါပေမယ့်ပင့်ကူကအရမ်းကြီးလွန်း

သည်၊ဆော့ဖီ၏ခြေသည်းများက၎င်း၏အရေပြားအသား

ကိုသာပျက်စီးစေတာဖြစ်ပြီး

၎င်း၏မည်သည့်အင်္ဂါကိုမှထိခိုက်စေနိုင်ခြင်းမရှိပါ၊

စာစဉ် ၁၀

ပင့်ကူမသည်အော်ဟစ်လိုက်ပေမယ့်,
၎င်းကထိခိုက်မှုကိုဖြစ်စေသောဆော့ဖီကို
စိတ်မပါဘဲရှိသည်၊ ၎င်းကဆက်ပြီးရှေ့သို့တိုးသွားသည်၊

ဒါပေမယ့်ရုတ်တရက်,
၎င်း၏နောက်ဘက်မှခြေချောင်းများကစ၍
နီစွေးနေသော ကြိုးတစ်ချောင်းကြောင့်ရှုပ်ထွေးသွားပြီး,
၎င်းကကိုရို့ကားရားဖြင့်မြေပြင်ပေါ်သို့ လဲကျသွားသည်၊

ပင့်ကူမသည်ဒေါသတကြီးဖြင့်ထလိုက်သည်၊
၎င်းကဒီလိုပိုးမွှားလေးတွေနှင့် မတိုက်ခိုက်ချင်ပေမယ့်,
သူတို့ကသူ့လမ်းကိုလာရှုပ်နေသည်၊
၎င်းကစိတ်ဆိုးစွာဖြင့်
လှည့်လိုက်ပြီးပင့်ကူခြေထောက်သည်ရှည်လျားသောလှံ
တစ်ချောင်းကဲ့သို့ကောင်းကင်
သို့ထောင်နေရာမှမှောက်လိုက်ပြီး

စာစဉ် ၁၀

လေထဲသို့ဝှီးကနဲဖြတ်လိုက်ကာမြေပြင်ကို ထိုးဖောက်လိုက်ပြီး,၎င်း၏ထွင်းဖောက်မှုသည် အနည်းဆုံးပေနှစ်ဆယ်မျှနက်သည်၊ ၎င်းကရှင်းလင်းစွာဖြင့်သူ၏အားအပြည့်သုံးကာဒီလိုမျိုး ဆောင့်နှင်းချလိုက်ခြင်းဖြစ် သည်၊

ဘယ်လိုဘဲပြင်းပြင်းထန်ထန်တိုက်ခိုက်ပါစေ ပစ်မှတ်ကိုမထိလျှင်အကျိုးသက်ရောက် မှုရှိမည်မဟုတ်ပေ၊

ဟမ်? ငါ့ကိုချောင်းတိုက်ဖို့ကြိုးစားတာဘယ်သူတုန်း?

ပင့်ကူမသည်သူကိုတိုက်ခိုက်သူထဲကတစ်ကောင်ကိုသာပြ င်နိုင်သော်လည်း ၎င်းသည်တခြား တစ်ကောင်ကိုခလုတ်တိုက်မိသည်ကိုရှင်းရှင်းလင်းလင်း သိသည်၊

စာစဉ် ၁၀

ပင့်ကူကသူမြင်နိုင်တဲ့

တစ်ကောင်ဆီကိုအာရုံစိုက်လိုက်သည်၊

၎င်းကတပြိုင်နက် ခြေဆောင့်ချလိုက်ပေမယ့်

သေးငယ်တဲ့ကြောင်နက်ကအရမ်းလျင်လှသည်၊

၎င်း၏ဘယ်လိုတိုက်ခိုက်မှုကိုမှမထိခဲ့ပေ၊

ထို့နောက်၎င်းသည်ပင့်ကူပိုးမျှင်ကို ထွေးထုတ်လိုက်ပြီး

ကြောင်ပေါက်စကိုထောင်ချောက်ဆင်ရန်ကြိုးစားသော်

လည်း ၎င်းကထိရောက်မှုနည်းသည်၊

၎င်း၏ပိုးချည်ကြိုးလွှတ်ထွက်မှုမြန်နှုန်းသည်

သူ၏ခြေလက်များကဲ့သို့နှေးကွေးသည်မို့

ပစ်မှတ်ကိုထိရောက်ဖို့ကနီးတောင်မနီးစပ် ပေ၊

ပင့်ကူမသည်ပို၍ပို၍စိတ်လှုပ်ရှားလာသည်၊

ရန်သူကရှူးသွပ်အောင်တွန်းအားပေး

ပေမယ့်တစ်ချက်တောင်မထိခဲ့ဘူး၊

နောက်ဆုံးတွင်ပင့်ကူမသည်

ဆော့ဖီကိုလျစ်လျူရှုပြီးချိုင့်ဝှမ်း၏အလယ်သို့ဦးတည်

သွားခဲ့သည်၊၎င်းသည်သူ၏သင်ခန်းစာကိုသင်ကြားပေးခဲ့

သည်၊ သူတို့မည်မျှပင် တိုက်ခိုက်ပါစေ

ထိုသားရဲလေးတွေကိုလျစ်လျူရှုထားလိမ့်မည်၊

ဒုန်း,ဒုန်း,ဒုန်း

ကြောက်မက်ဖွယ်ပင့်ကူမသည်

စည်းချက်ကျနေသောနှလုံးခုန်သံကိုသူ၏နားဖြင့်

ကြားလိုက်ရသည်၊

နှလုံးခုန်မှုကပို၍မြန်သထက်မြန်လာပြီး နောက်ဆုံးသူ၏

ကိုယ်ပိုင်နှလုံးခုန်သံဖြင့်ပေါင်းစပ်လိုက်သည်၊

ဒုန်းဒုန်းဒုန်းဒုန်း

ဘုန်း!!!!

စာစဉ် ၁၀

ရုတ်တရက်နှလုံးခုန်မှုကရပ်တန့်သွားပြီး, ပင့်ကူမသည်သူ၏ကိုယ်ပိုင်နှလုံးက တင်းကြပ်လာပြီး,ကြီးမားသောပုံသဏ္ဍာန်မဲ့လက်တစ်စုံ ကဖျစ်ညစ်နေသလိုမျိုး ခံစားလိုက်ရသည်၊

ထို့နောက်၎င်းသည်ဘဂဝဒီဂရီလှည့်လိုက် ကြမ်းတမ်းစွာလှည့်လိုက်သည်၊

ဒေါသတကြီးဖြင့် သူ့ကခေါင်းကိုမြှောက်ကာ ရှေ့သို့ကြည့်လိုက်သည်၊ ၎င်းက တုန်လှုပ်၍ပြေးထွက်သွားသောအရိုးစုတစ်ခုကိုတွေ့လိုက်ရသည်၊

၎င်း၏သန်မာပြီးကြံ့ခိုင်သောနှလုံးကဖြေးဖြေးချင်းပြေလျော့သွားပြီး နှလုံးခုန်သံသည် လည်းပုံမှန်ပြန်ဖြစ်သွားသည်၊ အရိုးစုမှတိုက်ခိုက်မှုကြောင့် ခန္ဓာကိုယ်မှစီးဆင်းလာ

စာစဉ် ၁၀

သောသွေးများသည်အလွန်ဖြေးညင်းသွားသော်လည်းငင်
းသည်ဆက်၍ရှင်သန်ဆဲဖြစ်သည်၊

ပင့်ကူမ၏အမြန်နှုန်းသည်အကျိုးသက်ရောက်မှုဖြစ်သွား၍
ပြီး ၎င်းကအာဂါတများမထားတော့ဘဲ
သူ၏ဆန္ဒများအတိုင်းလုပ်ရန်ခဏလောက်
ကြာကြာလောက်တုံ့ဆိုင်းနေခဲ့သည်၊
၎င်းသည်ချိုင့်ဝှမ်းသို့အလယ်သို့ပြန်လည်ဦးတည်
ကာသူ၏နည်းအတိုင်းအလျော့မပေးဘဲဆက်လုပ်တော့
သည်၊ ဒီအရိုးစုကောင်…
ဒင်းကိုဒီသစ်တောထဲမှာငါနဲ့ပြန်မတွေ့စေရင်ကောင်းမ
ယ်၊

ဒါကြောင့်ကောင်းဖန်ကဒမ်ဘီကိုပင့်ကူဆီသို့သွားရန်စေ
လွှတ်ခဲ့တာဖြစ်သည်၊
၎င်းကသွေးကြောမျှင်နှလုံးကိုစွမ်းရည်ကိုသုံးရန်ဖြစ်သည်

၊ တစ်ကြိမ်အသုံးပြုပြီး
စွမ်းအင်ပြန်လည်ပြည့်ဝဖို့အတွက်က
ယာယီကြာပေမယ့်, ၎င်းကအသုံးဝင်နေဆဲဖြစ်
ကာထိုအချိန်ကိုအသုံးပြုရမည်ဖြစ်သည်၊

ပင့်ကူမ၏ချဉ်းကပ်မှုကိုအာရုံစိုက်နေသကဲ့သို့
လူသားစားတီကောင်များ၏
ခေါင်းဆောင်သည်စိုးရိမ်နေပုံရသည်၊
မြေကြီး၏မျက်နှာပြင်ကန္တာရစေးများအဖြစ်သို့
ပြောင်းသွားပြီး,
စေးကပ်လာကာပင့်ကူကိုလမ်းလျှောက်ရန်ခက်ခဲသွားစေ
သည်၊

ဒါပေမယ့်ဆော့ဖီ၏အရှိန်ရလဒ်ပေါ်တွင်လည်းသက်ရော
က်ခဲ့သည်၊ အကြိမ်
အနည်းငယ်လောက်၎င်းသည်ပင့်ကူမနဲ့နီးကပ်စေရန်ကြို

းစားခဲ့သည်၊ နောက်ဆုံးတွင်
၎င်းသည်ပင့်ကူ၏တိုက်ခိုက်မှုအပြင်ဘက်တွင်သာပုန်းေ
ေပြီး သတိကြီးစွာဖြင့် ေးကြည့်နေရတော့သည်၊

ဘုန်း!

မြေကြီးကကွဲထွက်ကာပွင့်သွားသည်၊
ထူထဲပြီး,ကြီးမားသောတီကောင်က မြေကြီးမှ
ကွဲထွက်၍ထွက်ပေါ်လာပြီး၎င်းကဝိုင်းနေသောပါးစပ်ပိုင်
းတွင်ချွန်ထက်သောသွားများ ဖြင့်ပြည့်နေသည်၊
၎င်းကပင့်ကူ၏ခြေထောက်တစ်ချောင်းကိုကိုက်ချလိုက်ပြ
ြီး, ၎င်းကိုမြိုချလိုက်သည်၊
ထို့နောက်၎င်း၏ပါးစပ်ပိုင်းကိုပိတ်ကာ
၎င်း၏ခန္ဓာကိုယ်ကို လှည့်လိုက်သည်၊
လှည့်ပတ်မှုအားနှင့်အတူပါးစပ်ပိုင်း၏ချွန်ထက်သောသွာ
းများ ကြောင့်ခြေထောက်ကိုကျိုးပဲ့သွားစေသည်၊

ကြီးမားသောလူသားစားတီကောင်၏ခန္ဓာကိုယ်သည် သတ္တုအမဲရောင်တောက်ပလာ သည်၊ မူလကအားနည်းပြီးပျက်စီးလွယ်သောအရေပြားကအလွ န်သန်မာသွားပုံရသည်၊ မြေကြီးကဲ့သို့အဝါရောင် ရောင်ခြည်စက်ဝိုင်းကစ၍လှည့်ပတ်နေသည်၊ ရောင်ခြည်စက်ဝန်းအရောင်ကအရမ်းနက်ရှိုင်းနေပြီး, အဝါရင့်ရင့်ပုံစံနီးကပ်ကာ, စက်ဝန်း၏ပုံစံကပြားပြီးပြန့်ပြူးသည်၊

ဘေးပတ်ဝန်းကျင်တွင်ရှိသောလူသားစားတီကောင်များ အားလုံးကိုထိုစက်ဝန်းမှ အရိပ်ဖြင့်ဖုံးထားပြီး ၎င်းတို့ကစိတ်လှုပ်ရှားနေကြသည်၊

၎င်းကပုံပျက်ကျိုးပဲ့နေသော ပင့်ကူမလိုမျိုးရောင်ခြည်စက်ဝန်းမဟုတ်ပေ၊ ၎င်းကပြီးပြည့်စုံသောဇကရာဇ်ရောင်ခြည်စက်ဝန်းဖြစ်ပြီး

, ၎င်းကပတ်ဝန်းကျင်ရှိ လူများနှင့်သားရဲများကို ပင့်ကူမကဲ့သို့မဟုတ်သောပိုမိုပြင်းထန်သည့်ဖိအားကိုပေးသည်၊

[မကောင်းဆိုးဝါးအမည်]–လူသားစားတီကောင်ဧကရာဇ်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၄၁

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–မြေကြီး

[မကောင်းဆိုးဝါးအားနည်းချက်]–မီးအမျိုးအစား

ဧကရာဇ်အဆင့်သို့တက်ပြီးနောက်

ချက်ချင်းပင်လူသားစားတီကောင်သည် ပင့်ကူမကို တိုက်ခိုက်လိုက်သည်၊ ပင့်ကူကသူ့ကိုစားဖို့ဘဲဖြစ်ဖြစ်, ပင့်ကူကသူ့ကိုခြိမ်းခြောက်တာ ဘဲဖြစ်ဖြစ်, ၎င်းကခေါင်းချင်းဆိုင်တိုက်ရန်ဆုံးဖြတ်လိုက်သည်၊

စာစဉ် ၁၀

***

# *အပိုင်း၁၅၉ အသန်မာဆုံးအပိုင်း*

နတ်တွေအချင်းချင်းတိုက်ခိုက်တဲ့အခါ သေမျိုးတွေကဒုက္ခရောက်တတ်တယ်၊

တိုက်ပွဲမှတစ်ခုတည်းသော တုန်လှုပ်စရာကောင်းသည့်လှိုင်းတစ်ခုတည်းတောင်လျှင် သစ်တောထဲမှ သစ်ပင်များကိုဖျက်စီးပစ်ရန်လုံလောက်သည်၊ သားရဲတချို့က ပုန်းအောင်းနေကာ တိုက်ပွဲ၏လက်ရဌစ္စာအချို့ကိုဖမ်းဆုပ်နိုင်ရန်အခွင့်အရေ းကို စောင့်နေသော်လည်း ထိုအခြေအနေကိုမြင်ပြီးနောက် တိုက်ပွဲဖြစ်ရာနေရာမှ ထွက်ပြေးသွားကြသည်၊

စာစဉ် ၁၀

ဒါရိုက်တာချန်းသည်စိတ်ပူပန်နေခဲ့သည်၊ ဘာကြောင့်ဒီတီကောင်ကအရမ်းသေးနုပ် နေရတာလဲ? သူ့ရည်ရွယ်ချက်ကဒီကောင်ကိုကေရာဇ်အဆင့်ထိအောင် အောင်မြင်မြင် တိုးမြှင့်ပေးပြီး ကန္တာရအုပ်စိုးသူနှင့်ကောင်းစွာ “ဆွေးနွေး”(တိုက်ခိုက်) နိုင်စေရန်အတွက်ဖြစ်ပြီး ထိုမှသာစစ်တပ်ကတိုက်ခိုက်မှုကကျန်နေသော အပျက်အစီးများထဲမှပစ္စည်းများကို ရိတ်သိမ်းနိုင်မှာဖြစ်သည်၊

ဒီတိုက်ပွဲမှာ ဘယ်သားရဲမှအနိုင်ရတာအရေးမကြီးဘူး၊တူညီသောတ န်ဖိုးရှိသည့် အဖိုးတန်ပစ္စည်းများကိုရခြင်းကအတူတူပင်ဖြစ်သည်၊

ဒါပေမယ့် ဒီပင့်ကူ… ငါ့ရည်ရွယ်ချက်ကဒီပင့်ကူနဲ့ “ဆွေးနွေး”ဖို့မဟုတ်ဘူးလေ! ဒါကမအောင်မြင်တဲ့ဆင့်ကဲဖြစ်စဉ်ဖြစ်ပေါ်ထားတဲ့ တတ်ယောင်ကားကေရာဇ်အဆင့် ဖြစ်သည်၊ ၎င်း၏စွမ်းရည်သည်လက်တွေ့ကျကျဆိုလျှင် သုညဖြစ်သည်၊ ဘာကြောင့် မင်းကဒီလိုပင့်ကူမျိုးနဲ့တိုက်နေရတာလဲ?!

ဒါရိုက်တာချန်း၏နှလုံးသားကဆို့နင့်လာပြီး, သူကလျင်မြန်စွာဖြင့်ဘယ်လိုရာတွေ တိုးတက်လာမလဲဆိုတာကြည့်လိုက်သည်၊

တီကောင်သည် ကေရာဇ်အဆင့်သားရဲဖြစ်လာရုံမျှသာဖြစ်ပြီး ၎င်း၏ခန္ဓာကိုယ်သည် အပြည့်အဝပြန်လည်ကောင်းမွန်ခြင်းမရှိသေးချေ၊

၎င်း၏အစောပိုင်းအံ့အားသင့်စရာ
တိုက်ခိုက်မှုအပြီးတွင်၎င်းက
ပင့်ကူအပေါ်တွင်တကယ်တန်းအရေးသာမှုမရှိ
သေးကြောင်းသိလိုက်သည်၊
၎င်း၏ခန္ဓာကိုယ်ကိုလှုပ်ယမ်းလိုက်ရင်း,
အထူးလှုပ်ရှားမှုဖြင့်၎င်းကမြေပြင်ကို
တူးဖောက်ကာလွတ်မြောက်သွားသည်၊

မြေကြီးပေါ်တွင်ရုတ်တရက်အပေါက်ကြီးတစ်ပေါက်
ပေါ်လာသည်၊ မြေကြီးက
ကြည့်ရတာသူကိုသူကွဲထွက်သွားပြီး
လူသားစားတီကောင်ဘေရာဇ်က ဥမင်မှဖြတ်၍
လွတ်မြောက်သွားပြီး ၎င်းကြောင့်ပျိုကျနေခဲ့သော
မြေကြီးများကအပေါက်ပေါ်နေ

သောနေရာတွင်ပြည့်သွားကာ
မြေကြီးသည်တဖြည်းဖြည်းပိတ်ကျသွားသည်၊

ပင့်ကူမသည်
ဒေါသဖြင့်မြေပေါ်သို့ထိုးစိုက်၍၎င်း၏ခြေလက်များကိုေ
းတိုက် လှုပ်ရှားလိုက်ကာ,
ကျန်နေသောမြေကြီးများကိုပြိုကျသွားစေသည်၊
ထို့အပြင်ပင့်ကူက
လူသားစားတီကောင်ကေရာဇ်၏ခြေရာများအားလုံးကို
ဆုံးရှုံးလိုက်သည်၊

ကြောက်မက်ဖွယ်ပင့်ကူမသည်ဒဏ်ရာများစွာဖြင့်က
ျန်နေခဲ့သည်၊ အမှန်မှာ,
၎င်းသည်ကေရာဇ်တစ်ဝက်အဆင့်မျှသာဖြစ်ပြီး
ကေရာဇ်အဆင့်စစ်စစ်မဟုတ်သည်မို့
အဆင့်တိုးမြှင့်ထားသည့်ကေရာဇ်သားရဲ၏ဆန့်ကျင်ဘ

က်အနေဖြင့် အားနည်းချက်ရှိခဲ့
သည်၊၎င်း၏ခဲရောင်အရေပြားသည်ဒဏ်ရာကြီးငယ်များပြ
ြင့်ဖုံးလွှမ်းနေသည်၊ ၎င်းတို့ထဲ
မှအချို့ကပြန်လည်ကုစားပြီးဖြစ်ကာ,
တချို့ကတော့ဆက်၍ကုစားနေဆဲဖြစ်သည်၊

ကောင်းဖန်သည်တိုက်ပွဲအတွင်းတွင်
ထိုလူသားစားတီကောင်ဧကရာဇ်ကကြောက်မက်
ဖွယ်ပင့်ကူမ၏ခြေချောင်းကိုကိုက်လိုက်သောအခါ
အများအပြားသောမီးခိုးရောင်
ခြေထောက်အရေပြားများထွက်လာသည်၊
ထိုအရာကြောင့်, ပင့်ကူက အမှန်တကယ်
ထိုအံ့ဩစရာကောင်းသောတိုက်ခိုက်မှုအပြီး
သူ၏ပထမခြေထောက်ဆုံးရှုံးသွားကတည်းက
လေးနက်သောဒဏ်ရာရှိသည့်နေရာများကိုအားမဖြည့်နို

င် ဖြစ်ခဲ့ပေမယ့်,

၎င်းကအုတ်ကျိုးအုတ်ပဲ့လိုမျိုးအဖြူရောင်အလွှာပါးတစ်ခုကိုသာ ဆုံးရှုံးသွားပုံရသည်၊

တောဝက်များကသူတို့၏ထူထဲသောအမွေးများပေါ်တွင်ရွှံ့များလူး၍ ပွတ်တိုက်လိုက်ပြီး

၎င်းတို့၏သံချပ်ကာတစ်လွှာကိုဖုံးလိုက်သလိုမျိုး,

ပင့်ကူသည်လည်း

အပေါ်ကာရံသည့်တစ်လွှာကိုထိုနည်းတူဖုံးကွယ်လိုက်ပုံရသည်၊

"ပင့်ကူအမကတိုက်ပွဲမှာအင်အားအများကြီးသုံးထားရတာမလို့ သူဗိုက်ဆာနေလောက် တယ်",

ဦးလေးလျိုကသူ့မျက်လုံးကိုစောင်းကြည့်ကာပြောလိုက်သည်၊

စာစဥ် ၁၀

ပင့်ကူကမြေပြင်ပေါ်တွင်လှဲနေသည်၊ ၁၅ပေလောက်ရှည်တဲ့ကြီးမားတဲ့ပင့်ကူကြီးက ဒီလောက်နူးညံ့နေပုံကိုပုံဖော်၍မရပေ၊ ၎င်း၏မျက်လုံးရှစ်လုံးက မြေပြင်ပေါ်ရှိ အပေါက်ကိုသေချာစောင့်ကြည့်နေပြီး အဝိုင်းပုံဥမင်အတွင်းလွတ်မြောက် သွားသောတီကောင်ကေရာဇ်၏ပုံစံကို ဂရုတစိုက်ကြည့်နေသည်၊ အဲ့တာကအရမ်းကို ရှုးမိုက်သလိုဘဲ၊

နောက်ဆုံး, ၎င်းက ထိုတီကောင်က ကောင်းကောင်းလွတ်မြောက်သွားပြီဆိုတာကို သဘောပေါက်လိုက်ပြီးနောက်, ၎င်းကလက်မခံနိုင်၍ အော်ညည်းသံကိုထုတ်လိုက် သည်၊

စာစဉ် ၁၀

ချိုင့်ဝှမ်းအတွင်းတွင်, ဘယ်လိုဘဲဖြစ်ဖြစ် တခြားတီကောင်တွေကတော့ကျန်နေဆဲ ဖြစ်သည်၊ သူတို့ရဲ့ခေါင်းဆောင်က ဆင့်ကဲပြောင်းလဲသွားပြီးထွက်ပြေးသွားကာ, သူတို့အဖွဲ့လိုက်ကတော့အတူတကွဖျစ်ညစ်ကာတိုးထွက်ကြပြီး, ဘောလုံးတစ်လုံးလို ဖြစ်လာသည်၊ ၎င်း၏ပစ်မှတ်ကိုဆုံးရှုံးလိုက်သောကြောင့် ပင့်ကူကသူ့ခေါင်းကိုလှည့် လိုက်ကာ တီကောင်တွေကိုအေးစက်စွာနှင့်ကြည့်လိုက်သည်၊ ၎င်း၏ပါးစပ်ပိုင်းကို နှေးကွေးစွာဖြင့်ဖွင့်လိုက်ပြီး, ကြောက်မက်ဖွယ်ကောင်းသောအစွယ်များကို လှစ်ဟပြလာသည်၊

အဖြူရောင်အရာများပါးစပ်မှပေါ်လာပြီးနောက် ခဏအတွင်းမှာပင်များပြားသော

ပင့်ကူပိုးမျှင်များကိုထုတ်လိုက်သည်၊

ထိုပိုးမျှင်များကပန်ကာကဲ့သို့ပုံစံဖြင့် ဖြန့်ချလိုက် သည်၊

အဖြူရောင်အစက်ကလေးများသည်အတူတကွသေးငယ်

သောပုလဲလုံးလေးများ လိုဖြစ်သွားပြီး

လေထဲတွင်ဖြန့်ချလိုက်ပြီး,

ကြီးမားသောအဖြူရောင်ပင့်ကူအိမ်ကြီး ဖြစ်သွားသည်၊

ဧင်းတို့အပေါ်ကိုတစ်ခုခုပြုတ်ကျလာသည်ကိုခံစားမိ

သဖြင့်တီကောင်များသည်

ထွက်ပြေးရန်အတွက်ရုန်းကန်နေကြသည်၊

ကံကောင်းသောအကောင်အနည်းငယ်

လောက်သာထွက်ပြေးနိုင်ခဲ့သော်လည်း

ကျန်နေသောအကောင်များမှာအလွန်နှေး

သဖြင့်ပင့်ကူအိမ်တွင်ပိတ်မိနေခဲ့သည်၊

စာစဉ် ၁၀

ပင့်ကူအိမ်သည်ကြောက်မက်ဖွယ်ပင့်ကူမ၏ပါးစပ်ပိုင်းနှင့်ချိတ်ဆက်ထားဆဲဖြစ်သည်၊ ပင့်အိမ်အိမ်ထဲတွင်အပ်ချည်ရစ်သလိုမျိုး ပင့်ကူအိမ်ကိုရစ်လိုက်ကာ, ဆွဲ၍ပင့်ကူအိမ်ကို ပါးစပ်ထဲသို့ဆွဲယူသည်၊

ကောင်းဖန်၏မျက်လုံးများပြူးသွားတော့သည်၊ သူကီလိုရန်သူကိုစားဖို့အတွက်ကို တော်တော်လေးအလုပ်ကြိုးစားတာဘဲ! ထို့နောက်, ကောင်းဖန်၏ဦးနှောက်က ဂနာမငြိမ်ဖြစ်သွားပြီးနောက်, သူကပဲပိစပ်ခေါက်ဆွဲကိုစားရန်တွေးလိုက်သည်၊

အနက်ရောင်အရိပ်တစ်ခုက မြက်များ၏ကြားထဲတွင်ပုန်းအောင်းနေပြီး တိတ်ဆိတ်စွာဖြင့်ပင့်ကူမ၏အနားသို့ချဉ်းကပ်လာသည်၊

စာစဉ် ၁၀

ပင့်ကူမသည်
ၵင်း၏ခြေချောင်းများအေးစက်လာသလိုခံစားလိုက်ရတ
ာကြောင့် ၵင်း၏အစာကိုအငမ်းမရမျိုချလိုက်သည်၊
ထို့နောက်,ပြင်းထန်စွာဖြင့်နာကျင်လာသည်၊
အောက်သို့ငုံ့ကြည့်လိုက်သောအခါ
မှိုမောက်နေသောအနက်ရောင်အရိပ်အရာတွေက
သူ၏ခြေထောက်များကိုကိုက်ဖြတ်နေတာကိုတွေ့လိုက်
သည်၊ ဖြတ်လိုက်သော
အပိုင်းသည်အစောပိုင်းတိုက်ပွဲတွင်တီကောင်ဧကရာဇ်က
ပြင်းထန်စွာဖျက်စီးစေခဲ့ သောနေရာအတိအကျဖြစ်ပြီး,
ၵင်းသည်ခုခံမှုအားနည်းသောနေရာဖြစ်သည်၊

ခြေထောက်တစ်ဖက်ဆုံးရှုံးနေပြီးသားဖြစ်ပြီး,
အခုသူကရုတ်တရက် နောက်တစ်ဖက်
ကိုပါဆုံးရှုံးလိုက်ရပြီဖြစ်သည်!

ငင်းကယိုင်တိုင်တိုင်ဖြစ်သွားပြီး အနီးနားသို့လဲကျမလို ဖြစ်သွားသည်၊

အချိန်ခဏလေးအတွင်းမှာခြေထောက်နှစ်ဖက်လုံးဆုံးရှုံး သွားဖို့ဆိုတာ, လွယ်ကူတာမဟုတ်ဘူး၊

ပင့်ကူကယိုင်တိုင်တိုင်ဖြစ်နေပြီး, အရိုပ်ဂျဖာလူကာကငင်း၏လှုပ်ရှားမှုကိုလုပ်လိုက် သည်၊ ငင်းကဖြုန်းကနဲလှုပ်ရှားလိုက်ပြီးသည်နှင့်စ၍အစိမ်းရောင်ပုံစံဖြစ်သွားသည်၊ ငင်းကသူ၏ကြီးမားသောပါးစပ်ကိုဖွင့်လိုက်ပြီး သူ၏ခေါင်းဘေးဖက်ကိုမြှင့်လိုက် သည်၊ငင်း၏ခန္ဓာကိုယ်ပေါ်ရှိအကြေးခွံများသည် ငင်း၏ခေါင်းအစွန်းနှစ်ဖက်စီတွင် ပွင့်ထွက်လာသည်၊ အရိုပ်ဂျဖာလူကာသည် ပင့်ကူ၏ခြေထောက်များထဲမှတစ်ချောင်း

ကိုကိုက်ချလိုက်ပြီး

၎င်း၏ခေါင်းကိုနောက်သို့လှန်လိုက်သည်၊

ခြေထောက်ကထူးဆန်းသောပုံစံဖြင့်ရစ်ခွေသွားပြီး

ကျိုးထွက်လုနီးပါးဖြစ်သွားသည်၊

ပင့်ကူကဒေါသထွက်သွားသည်!

ဘာလို့ဒီသားရဲတွေက

ငါ့ခြေထောက်ကိုဘဲကိုက်နေတာတုန်း?!

၎င်း၏ခြေထောက်ဖြင့်တွန်းဖယ်လိုက်ခြင်းကြောင့်

၎င်းကအရိပ်ဂျဖာလူကာပုတ်သင်

ကိုလွင့်ထွက်သွားစေသည်၊

ခြေထောက်ကကျိုးမသွားပေ,

၎င်းကပြင်းထန်သောဒဏ်ရာဖြစ်နေဆဲဖြစ်ပြီး, ၎င်း၏

လမ်းလျှောက်သွားမှုကိုအတော်လေးခက်ခဲစေသည်၊

ပင့်ကူကယခုခြေထောက်များ ဆုံးရှုံးနေပြီး

ငင်း၏ခန္ဓာကိုယ်တစ်ဖက်တည်းတွင်ပြင်းထန်စွာဒဏ်ရာ ရနေသောခြေ ထောက်တစ်ချောင်းရှိသည်၊

ဦးလေးလျို၏မျက်နှာတွင်အပြုံးတစ်ခုပေါ်လာသည်၊ “အခုဒီကောင်ပြေးလို့ မလွတ်တော့ဘူး”
သူကပြောလိုက်ပြီးနောက်,
ကောင်းကင်ကိုကြည့်လိုက်သည်၊

ထိုအရာကဘယ်တုန်းကပေါ်လာမှန်းမသိလိုက်ပါ၊
သူတို့၏ခေါင်းပေါ်တွင်
အနက်ရောင်အရိပ်တစ်ခုရှိနေသည်၊
ပြီးနောက်ထိုအရိပ်ထဲမှ ဘာမှမသိနိုင်သော
ကြောက်စရာကောင်းသည့်အရှိန်အဝါတစ်မျိုးပေးနေသ
ည်၊

စာစဉ် ၁၀

နောက်ခဏအတွင်းမှာပင်, အရိပ်ကအောက်သို့ထိုးဆင်းလာပြီး, လေပြင်းများတိုက်စေကာ ချိုင့်ဝှမ်းအလယ်သို့ဆင်းလိုက်သည်၊

ကြီးမားသောငှက်၏ခြေထောက်တွင်အဖြူရောင်ရေ ာင်ခြည်စက်ဝန်းကလှည့်ပတ်နေ သည်၊ ရောင်ခြည်စက်ဝန်းအပေါ်တွင်,လေဆင်နှာမောင်းကဲ့သို့ေ ာပုံစံရှိနေသည်၊

ကေရာဇ်! ငှက်အမျိုးအစား ကေရာဇ်!

ထိုအခြေအနေကိုမြင်တွေ့လိုက်ရသောလူများက အသက်ရှူရပ်သွားတော့သည်, သူတို့၏ဆံပင်များပင်ထောင်ကုန်တော့သည်၊

တီကောင်ကေရာဇ်သားရဲနှင့် ပင့်ကူကေရာဇ်တစ်ပိုင်းသားရဲသည်အတော်လေးကို

စွမ်းအင်ပြည့်ဝသောပုံစံများရှိပြီး, သူတို့ကလည်းဖိနှိပ်သောခံစားချက်ကိုပေးသည်၊ အစောပိုင်းတိုက်ပွဲတွင်, တီကောင်ကေရာဇ်သားရဲသည် ကေရာဇ်အဆင့်၏ စစ်မှန်သောစွမ်းရည်ကိုမပြခဲ့ပေ, ဘာကြောင့်လည်းဆိုတော့ ၎င်းကတိုးမြှင့်ပြီးကာစ ဖြစ်သောကြောင့်ဖြစ်သည်၊ အကယ်၍ စစ်မှန်သည့်စွမ်းရည်ရှိနေလျှင် ကေရာဇ်တစ်ပိုင်းသားရဲ၏လိုက်ဖမ်းခြင်းကိုခံရမှာမဟုတ်ပေ၊

ဤအသစ်ရောက်လာသောသားရဲသည်လင်းတတစ်ကောင်ဖြစ်သည်၊ ဒါပေမယ့် အခြားသောလင်းတများဖြင့်နှိုင်းယှဉ်ကြည့်လျှင်, ဒီတစ်ကောင်ကပိုပြီးထူထဲကာသန်မာသောလည်ပင်းရှိသည်၊

၎င်း၏မျက်လုံးများပတ်လည်တွင်အနက်ရောင်စက်ဝိုင်းပုံ
စံလို ဖြစ်ပြီး
မျက်လုံးနှစ်ဖက်တွင်သွေးနီရောင်ဧရိယာတစ်ခုဖြင့်ဝန်းရံ
ထားသည်၊ ၎င်း၏အကြည့်သည်စူးရှနေပြီး
၎င်း၏လည်ပင်းမှအမွေးများအားလုံးသည် အဖြူရောင်
ဖြစ်သည်၊

သို့သော် အထင်ရှားဆုံးအရာမှာ
၎င်း၏ခန္ဓာကိုယ်တွင်ရှိသောသန်မာသည့်ကြွက်သား
များဖြစ်သည်၊ ၎င်း၏အတောင်ပံများသည်မြင့်မားပြီး
ကြွက်သားများကလည်း
ကွေးညွှတ်ကာတောင့်တင်းနေသည်၊
၎င်းအတောင်ပံများကိုပိတ်ထားသောအခါ
အမွေးများသည်ကြော့ရှင်းသောလှိုင်းပုံစံဖြင့်ဖွဲ့စည်းထား
သလိုဖြစ်သည်၊

စာစဉ် ၁၀

ငင်း၏ကြွံခိုင်သောခြေထောက်များတွင် သံချိတ်ကဲ့သို့ကြီးမားသောခြေသည်းများရှိ သည်၊ ငင်း၏ရင်ဘတ်သည်ပြင်းထန်စွာအသက်ရှူ၍နိမ့်လိုက်မြင့်လိုက်ဖြစ်နေကာ ပြင်းထန်သောလေကိုတိုက်စေသည်၊ ငင်း၏ခန္ဓာကိုယ်ပတ်လည်တွင်မမြင်နိုင်သော အတားအဆီးရှိနေပြီး, ဘေးဘက်ရှိချုံပင်များကိုပင်လေတိုက်ခတ်သွားစေသည် ။

***

စာစဉ် ၁၀

# အပိုင်း၁၆၀ သွေးမျက်လုံးလင်းတ

[မကောင်းဆိုးဝါးအမည်]–

သွေးမျက်လုံးလင်းတ(အလွန်သန်မာ)

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၄၂(ကေရာဇ်အဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း]–သာမန်အဆင့်

[မကောင်းဆိုးဝါးအခြေအနေ]–ကျန်းမာ(တည်ငြိမ်)

[မကောင်းဆိုးဝါးစွမ်းရည်]–လေစွမ်းအင် အဆင့်၃,

ဝမ်းဗိုက်ပိုင်းသန်မာမှု အဆင့်၂

[မကောင်းဆိုးဝါးပင်ကိုစွမ်းရည်]–လေ

[မကောင်းဆိုးဝါးအားနည်းချက်]–၁, လျှပ်စီးအမျိုးအစား၊

၂–မီးအမျိုးအစား, ၃,သတ္တုအမျိုးအစား၊ ၄–

အမှောင်အမျိုးအစား

စာစဉ် ၁၀

[အထူးအဆင့်သို့တိုးမြှင့်ရန်လိုအပ်ချက်များ]–
၁;အမှောင်ဆင့်ကဲဖြစ်စဉ်, ၂–ကမ္ဘာရဆင့်ကဲ ဖြစ်စဉ်,၃–
သွေးဆင့်ကဲဖြစ်စဉ်။

ကောင်းဖန်ကသူ့နှလုံးသားထဲတွင်အေးခဲနေတာကိုခံ
စားမိလိုက်သည်၊ ဒီသွေးမျက်လုံး
လင်းတနာမည်အခြေအနေက “အလွန်ပြင်းထန်”သည်၊
သေချာတာပေါ့,
ဘာအကူအညီမှမပါသောအမြင်အားကိုသုံးပြီးတော့တေ
ာင်, သူရဲ့အသွင်အပြင်က လုံလောက်သည်၊

ရုပ်ဆိုးသောခေါင်းပြောင်ပြောင်ရှိသည့်သာမန်လင်း
တနှင့်မတူဘဲထိုလင်းတ၏ အမွေးဖြူခေါင်းသည်
၎င်းသည်ဦးထုပ်အဖြူကိုဆောင်းထားသည်နှင့်တူသည်၊
မျက်ခမ်းစပ်တွင်အနက်ရောင်နှင့်

စာစဉ် ၁၀

သွေးနီရောင်မျက်ခွံတွေက အလွန်အေးစက်ပြီး စူးရှိနေသည်၊

လင်းတသည်ပင့်ကူမအားရုတ်တရက်မတိုက်ခိုက်ပေ၊ ထိုအစား, ၎င်းသည်ထိုနေရာ တွင်သပ်ရပ်စွာဖြင့်ရပ်နေပြီး ၎င်း၏ချွန်ထက်သောနှုတ်သီးဖြင့်အမွေးအတောင်များကို ညင်သာစွာ ပွတ်သပ်လိုက်ကာဖုန်မှုန့်အားလုံးကိုဖယ်ရှားလိုက်သည်၊

ထို့နောက်အမွေးများကိုပြန့်ပြူးစွာဖြင့်ဆန့်ထုတ်က ာ ခန္ဓာကိုယ်အလယ်ပိုင်းကိုဖုံးမပစ် ခင်၎င်းကညည်းလိုက်သည်၊ ၎င်းကခေါင်းကိုငိုက်စိုက်ချထားကာ, တစ်စုံတစ်ယောက် အတွက်ဝမ်းနည်းနေသလိုပြုလုပ်နေသည်၊

စာစဉ် ၁၀

“သူကဘာလုပ်နေတာလဲ?” ကောင်းဖန် မေးလိုက်သည်၊ ဒီသွေးမျက်လုံးလင်းတ သည်ခါတိုင်းလို ဥပဒေမဲ့ပြီးကြီးရိုင်းစိုင်းသောသားရဲမဟုတ်ပေ၊ ထိုအစား, ၎င်းက အလွန်ကြော့ရှင်းပြီး ယဉ်ကျေးသိမ်မွေ့သောအမူအရာကိုပြနေသည်၊

လွဲမှားသောထင်မြင်ချက်တစ်ခုသာဖြစ်လိမ့်မည်…

“သူက ဒီသားရဲတွေအတွက်ဝမ်းနည်းပေးနေတာလေ” ဦးလေးလျိုကရှင်းလင်းစွာ ပြောလိုက်သည်၊

ကောင်းဖန်ကဦးလေးလျိုကိုကြည့်လိုက်ပြီးနောက်, လင်းတကိုပြန်ကြည့်လိုက်သည်၊ “ဘာလို့သူကဝမ်းနည်းနေတာတုန်း?”

“ဘာလို့တုန်းဆိုတော့သူကဇာတ်ကားတွေအများကြီ းကြည့်ထားလို့လေ…”

စာစဉ် ၁၀

သူတို့ဘေးတွင်ရှိသော, ဦးလေးချန်း,လီချင်းနှင့်ချင်ယိတို့က ဦးလေးလျိုကို တစ်ချက် မကြည့်ဘဲမနေနိုင်ပါ၊ သူ့မျက်နှာတွင်ထူးဆန်းသောအမူအရာဖြင့် လီချင်းက "ဒါကေရာဇ်အဆင့်သားရဲလို့တော့ငါ့ကိုမပြောနဲ့..."

ဦးလေးလျိုကရယ်လိုက်ပေမယ့် စကားပြန်တိတိကျကျပြန်မပြောပေ၊

ဒါရိုက်တာချန်းမျက်နှာကရှုံ့မဲ့သွားသည်၊ လီချင်းနှင့်ချင်ယိကသူတို့တံတွေးတွေကို မျိုချလိုက်သည်၊

ကောင်းဖန်ကဒီအရာကြောင့်အံ့သြနေပြီးဖြစ်သည်၊ အကယ်၍သူ့အဖိုးရဲ့သားရဲက နဂါးလို့ပြောရင်တောင်သူယုံလိမ့်ဦးမည်၊

“ဦးလေးလျို၊

သူကိုဘာဇာတ်လမ်းတွေကြည့်ခိုင်းတာလဲ?”

“ ငါထင်တာတော့ Pirest? ပြီးတော့, Vendettaနဲ့

Hannibal? အဲ့တာကအများကြီးဘဲ,

ငါမမှတ်မိတော့ဘူး…အဲအချိန်တုန်းက,

ကျွန်းပေါ်မှာတခြားဖျော်ဖြေရေးဘာညာ မရှိဘူးလေ၊

အားလပ်ရက်တွေဆို ဗီလာမှာ

ဗီဒီယိုနဲ့တခြားဂန္ထဝင်ဇာတ်ကားတွေဘဲ ကြည့်ရတာ၊

ငါတို့ကနားနေတဲ့အချိန်ဆို,

တစ်ခါတစ်လေအဲ့တာတွေကိုကြည့်တယ်, ပြီးတော့

လင်းတကလည်းငါတို့ဘေးမှာနေပြီး

တိတ်တိတ်လေးကြည့်တယ်လေ၊”

ဦးလေးလျိုကပြန်ပြောလိုက်သည်၊

စာစဉ် ၁၀

ကောင်းဖန်ကိုအဘိုးက သူကိုယ်တိုင်နှင့်အခြားသူများကဗီလာထဲမှာပိတ်မိနေခဲ့တယ် လို့ပြောခဲ့တယ်၊ ဒါဆို, သူတို့ထဲကတစ်ယောက်ကဦးလေးလျို…

ဒီသွေးမျက်လုံးလင်းတက သူတို့ကျွန်းပေါ်မှာရှိနေကတည်းကဦးလေးလျိုနှင့်ယဉ်ပါးနေခဲ့သောသားရဲဖြစ်လောက်သည်၊

“တော်လောက်ပြီ, ဒီလိုမျိုးပရမ်းပတာခန့်မှန်းတာတွေလုပ်မနေနဲ့၊ အပြန်လမ်းမှာ ငါအသေးစိတ်ပြောပြမယ်” ဦးလေးလျိုကပြောလိုက်သည်၊

လင်းတသည်အတောင်များကိုလှုပ်ရှားလိုက်ပြီး ကြီးမားရှုံ့ဝတုတ်နေသော

စာစဉ် ၁၀

ပင့်ကူကြီးကိုကြည့်လိုက်သည်၊

၎င်းသည်တံတွေးတစ်ချက်မျိုချလိုက်သည်၊

၎င်းသည်၎င်း၏လှုပ်ရှားမှုကိုပြုလုပ်ရန်အဆင်သင့်ဖြစ်နေပြီးနောက် ခဏလောက် တုံ့ဆိုင်းသွားသည်၊

ခေါင်းကိုစောင်းငဲ့ကြည့်ရင်း

ပင့်ကူမကိုအနီးကပ်ကြည့်လိုက်သည်၊

ထို့နောက်၎င်း၏ခန္ဓာကိုယ်ကိုမတ်လိုက်ပြီးခေါင်းကိုညင်သာစွာခါလိုက်သည်၊

ဦးလေးလျို၏မျက်လုံးများကဆတ်ခနဲလှုပ်ရှားသွားပြီး အသက်ရှူသံအောက်တွင် ကျိန်ဆဲလိုက်သည်၊

"ဒီငရှုပ်လေးကတော့ သူ့ရဲ့အကျင့်ဆိုးတွေစပြန်ပြီ"

"ဘာအကျင့်ဆိုးလဲ?" ကောင်းဖန်ကမေးလိုက်သည်၊

ဒါရိုက်တာချန်းကလျှို့ဝှက်စွာဖြင့်သူ့နားကိုထိုးလိုက်သည်၊ ဒီကောင်ကရှားပါးတဲ့

ကောရာဇ်အဆင့်သားရဲမျိုးဖြစ်သည်၊ တကယ်တော့ သူကထိုလိုမျိုးအကောင်တွေကို တီဗွီတွေထဲမှာမြင်ဖူးသည်၊

ဦးလေးလျို၏အမူအရာကထူးဆန်းနေသည်၊ "အဲ့ကောင်က အသေတွေကိုဘဲရှာစားပြီး အသက်ရှင်နေတဲ့ကောင်တွေကိုအမဲမလိုက်ဘူးလေ၊ အဲ့တာကြောင့်သူကစိတ်ထဲမှာ အဲ့တာကိုအခုကျင့်သားရနေတာ"

စိတ်နေစိတ်ထားနဲ့ကျင့်သားရတယ်? ဒီလိုပညာရှင်ပုံစံမျိုး? တိတ်တဆိတ်နားစွင့်နေသောဒါရိုက်တာချန်းကလုံးဝအံ့အားသင့်သွားသည်၊

"ဒီပင့်ကူမက စားဖို့မဟုတ်ဘူး၊ ဒဏ်ရာတွေအများကြီးနဲ့ ငါတို့နဲ့အတူပြန်ခေါ်ခဲ့"

စာစဉ် ၁၀

ဦးလေးလျိုကသွေးစာချုပ်မှတစ်ဆင့်ညွှန်ကြားလိုက်သည်၊

သွေးမျက်လုံးလင်းတကတ တိတ်ဆိတ်စွာနှင့်
ပြောသံကိုကြားတဲ့အခါအေးခဲသွားသည်၊
စားဖို့မဟုတ်ဘူးလား?

လင်းတသည်စိတ်ဝင်တစားမရှိတော့ဘဲ
ညည်းညူလိုက်ပြီး ငေးကြည့်နေသည်၊

ငိုကြွေးသံဖြင့် ခေါင်းကိုမြှင့်ပြီး
အတောင်ပံကိုခတ်လိုက်ကာ ကောင်းကင်သို့ပျံတက်
လိုက်သည်၊

၎င်း၏အမြန်နှုန်းသည်အလွန်လျင်မြန်လှသည်၊
ခဏအကြာတွင်ကောင်းကင်၌
အနက်ရောင်အမှုန်အမွှားလေးများပေါ်လာသည်၊
ထို့နောက်၎င်းကာဇဂဒီဂရီ

စာစဉ် ၁၀

လေထဲတွင်လှည့်ပတ်လိုက်ကာ ၎င်းကပြင်းထန်သောအတောင်ပံခတ်သံဖြင့် ၎င်း၏အမွေးများကိုပြန့်ပြူးအောင်ဖိကပ်လိုက်ကာ အတောင်များကိုခေါက်ချိုး ထားလိုက်ပြီး ကောင်းကင်မှဆင်းသက်လာသောခားတစ်ချောင်းနှင့်တူသည်၊

၎င်းကအနက်ရောင်လျှပ်စီးကဲ့သို့လေထဲတွင် လွင့်ထွက်နေသောအလင်းတန်းတစ်ခု လိုပင်ဖြစ်သည်၊

ကြောင်အနေသောပင့်ကူမသည်ထွက်ပြေးရန်အတွက်အခွင့်အလမ်းမရှိသလို ပြင်းထန်စွာဒဏ်ရာရကာ တိုက်ရိုက်ထိမှန်ခဲ့သည်၊

ဝမ်းနည်းစရာကောင်းသောရှုံးနိမ့်မှုနှင့်အတူ, ၎င်းကအောက်သို့ပြုတ်ကျသွားပြီး,

စာစဉ် ၁၀

ငှင်း၏ကျန်ရှိသောခြေထောက်ခြောက်ချောင်းကိုလေထဲတွင်ထောင်နေတော့သည်၊

သွေးမျက်လုံးလင်းတခေါင်းနှင့်လည်ပင်းသည်ပင့်ကူ၏နောက်တွင်နက်ရှိုင်းစွာမြှုပ်နေ ကာ, သွေးများကနေရာအနှံ့သို့ပြန့်ထွက်ကုန်သည်၊ သူ၏ခေါင်းကိုပြန်၍ဆွဲထုတ်လိုက် ပြီး လင်းတ၏မျက်နှာနှင့်လည်ပင်းတွင်သွေးများဖြင့်ဖုံးနေသည်၊ ဒါပေမယ့် ငှင်း၏ လျှာကိုသုံးလိုက်ပြီး သွေးတွေအားလုံးကိုယှက်လိုက်ကာအကုန်လုံးကိုသန့်ရှင်းခဲ့သည်၊

သွေးမျက်လုံးလင်းတသည်ကြီးမားသည်၊ သူ၏ခန္ဓာကိုယ်တစ်ခုတည်းက ပေနှစ်ဆယ်ကျော်ရှည်လျားသည်၊ငှင်း၏အတောင်ပံသည်စုစုပေါင်းပေငါးဆယ်ကျော် ရှည်လျားသည်၊

စာစဉ် ၁၀

ကြောက်မက်ဖွယ်ကောင်းသော
ပင့်ကူမသည်ကြီးလျှင်ကြီးလိမ့်မည်,ဒါပေမယ့်
ရှည်လျားသောကြောင့်
၎င်းသည်အမှန်တကယ်ပိုကြီးပုံရသွားသည်၊

အကြိမ်အနည်းငယ်ထရန်ရုန်းကန်ခဲ့ရသော်လည်း
၎င်း၏ခြေထောက်ဖြင့်သူကြိုးစား ထတိုင်း,
၎င်းကလင်းတ၏ပြန်လှဲချခြင်းကိုခံလိုက်ရသည်၊
ပင့်ကူကဒေါသအရမ်းထွက် နေသည်၊
ဘယ်သက်ရှိကောင်ကမှသူ့ခေါင်းပေါ်မှမနေဖူးဘူး...

ဘန်း!
သွေးမျက်လုံးလင်းတသည်သန်မာသောအတောင်ဖြင့်
ပင့်ကူ၏ခေါင်းကိုရိုက်ချ လိုက်သောကြောင့်
ဖောင်းကွဲလာသည်၊
ဒါပေမယ့်ကြောက်မက်ဖွယ်ပင့်ကူမက

လက်လျော့မှာမဟုတ်ပေ၊
နောက်တစ်ကြိမ်ထဖို့ကြိုးစားတော့ တောင်ပံဖြင့်
နောက်တစ်ကြိမ်ထပ်ရိုက်ချခံရသည်၊
အကြိမ်ပေါင်းများစွာကြိုးစားပြီးနောက်
ပင့်ကူသည်နောက်ဆုံးတွင်အားပြတ်သွားပြီး
,မြေပြင်ပေါ်တွင်တိတ်ဆိတ်စွာနှင့်လှဲနေ တော့သည်၊

ဒါရိုက်တာချန်းက မျက်တောင်ခတ်လိုက်သည်၊
ကေရာဇ်တစ်ပိုင်းသားရဲက ဒီလိုမျိုး
အနိုင်ယူခံလိုက်ရတာလား?
ဒါကယုံဖို့အတွက်ခက်ခဲသည်၊
ကြည့်ရတာ...ဒါကိုကြည့်ရ တာအရမ်းလွယ်နေသလိုဘဲ၊
သူတို့တစ်အုပ်စုလုံးကသားရဲတစ်ကောင်ကိုသတိရှိစွာနှင့်
ရင်ဆိုင်ဖို့ကြိုးစားခဲ့သည်၊ ဒါပေမယ့်,
နောက်ဆုံးတော့ကိစ္စများကိုစစ်မှန်သော,

အကျိုးအကြောင်းမသင့်သောအင်အားဖြင့်ဖြေရှင်းလိုက်သည်၊ သူ့ကိုယ်သူဖော်ပြရန်
အတွက်ထောင်ပေါင်းများစွာသောနည်းများရှိသော်လည်း
, နောက်ဆုံးတွင်တော့
တစ်မျိုးတည်းသာထွက်လာသည်၊
“ဦးလေး,ခင်ဗျားရဲ့သားရဲတွေကအရမ်းသန်မာ တာဘဲ!”

အမိန့်ကိုလက်ခံရရှိပြီးနောက်,
သွေးမျက်လုံးလင်းတသည်သူ၏ခေါင်းကိုနိမ့်လိုက်ပြီး
ကြောက်မက်ဖွယ်ပင့်ကူမှယခုထိခန္ဓာကိုယ်နှင့်ဆက်နွယ်
ထားသောခြေထောက်၏
အဆစ်ကိုနှုတ်သီးဖြင့်လျင်မြန်စွာတစ်ချက်ထိုးဆိတ်၍ကိုက်ဖွဲ့စားလိုက်သည်၊
ခြေထောက်တစ်ချောင်းချင်းစီတိုင်းမှ
အကြောမျှင်တိုင်းကိုဆွဲထုတ်သည်၊

စာစဉ် ၁၀

လင်းတသည်မျက်လုံးကိုတစ်ချက်စောင်းကြည့်လိုက်ပြီး, ၎င်း၏နှုတ်ခမ်းကိုသပ်လိုက် သည်၊ ကြည့်ရတာ၎င်းကအရသာကိုခံစားနေပုံဘဲ။

အခြားသောလင်းတများနှင့်မတူဘဲ အမွေးများဖြင့်လင်းတသည်အပုပ်အသားများကို မစားလိုပါ၊ ထိုအစား, သူတို့ကအကြောမျှင်များနှင့် အသေကောင်၏အရိုးများကို ပို၍နှစ်သက်သည်၊ သူတို့၏စားနေကျအစာများထဲတွင်အရိုးနှင့်ရိုးတွင်းခြင်ဆီတို့ပါဝင် သည်၊

ထို့ကြောင့်၎င်းတို့၏အစာခြေရည်များသည်အလွန်ပြ ြောက်စရာကောင်းလှသည်၊ ကပ်ဆိုးကြီးမတိုင်ခင်အမွေးရှိသောလင်းတ၏အစာအိမ် အက်ဆစ်သည်သတ္တုကို ယိုယွင်းစေနိုင်သည်၊ ကပ်ဆိုးကြီးပြီးနောက်,

စာစဉ် ၁၀

အမွေးနှင့်လင်းတများသည်သွေးမျက်လုံး
လင်းတများအဖြစ်သို့ဆင့်ကဲပြောင်းလဲသွားပြီး,
၎င်းတို့၏အစာအိမ်အက်ဆစ်သည် အားကောင်းလာပြီး
ပိုပြီးကြောက်စရာကောင်းသည့်အဆင့်သို့ရောက်လာသ
ည်၊ လက်တွေ့တွင်
၎င်းကမည်သည့်အရာကိုမဆိုခြေဖျက်နိုင်သည်၊

သို့သော်ထိုထက်အကြောမျှင်များနှင့်အရိုးများစားသုံ
းခြင်းသည် ၎င်း၏ဆင့်ကဲဖြစ်စဉ်ကို
ကျော်ဖြတ်စေနိုင်သည်၊
သွေးမျက်လုံးလင်းတကသူ့ကိုယ်သူခဏလောက်တွေးေ
ော နေသည်၊ ထို့နောက်,
ဘယ်သူကမှကြည့်မနေသောအခါ,
၎င်းကတခြားတစ်နေရာမှ
အကြောမျှင်ကိုဆွဲထုတ်လိုက်သည်၊

ငှင်းကဝါးရင်းတွေးလိုက်သည်, အင်း, ဒါက ကောင်းတာဘဲ!

ထို့နောက်,

ဦးလေးလျိုကငှင်းကိုကြည့်မနေတာကြောင့် ငှင်းကတခြားအကြောနေရာ သို့ရွေ့သွားသည်၊

အောက်တွင်တော့, ပင့်ကူမသည် မျက်ရည်ကျလုနီးပါးဖြစ်နေသည်၊

ဘန်း!

သွေးမျက်လုံးလင်းတ၏အတောင်သည် ပင့်ကူ၏ခေါင်းပေါ်သို့နောက်ထပ်ထိုးချက် တစ်ခုအဖြစ်ရောက်သွားသည်၊

မငိုနဲ့!ခဏလောက်အောင့်ထား!

စာစဉ် ၁၀

***

# စာစဉ် ၁၀ ပြီး၏။